မြန်မာနိုင်ငံ ၂၀၂၁ ခုနှစ် လူ့အခွင့်အရေးအစီရင်ခံစာ

အနှစ်ချုပ်

မြန်မာစစ်တပ်သည် ဒီမိုကရေစီနည်းကျရွေးချယ်ထားသည့် အရပ်သားအစိုးရကို ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းသည့်နည်းဖြင့် ဖယ်ရှားလိုက်ပြီး နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာကာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရေးအာဏာအားလုံးကို စစ်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လွှဲပြောင်းလိုက်သည်။ ယင်းကောင်စီကို ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်က ဦးဆောင်သည်။ စစ်တပ်သည် ရွေးကောက်တင်မြှောက်ခံထားရသည့် အဓိက အရပ်သားခေါင်းဆောင်များကို ထိန်းသိမ်းလိုက်ပြီး ပြည်ထောင်စုလွှတ်တော်အပါအဝင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များကို ဖျက်သိမ်းလိုက်သည်။ ရွေးကောက်ခံ လွှတ်တော်အဖွဲ့ဝင် အများအပြားသည် ဖမ်းဆီးမခံရစေရန်အတွက် မိမိတို့၏နေအိမ်များနှင့် ရုံးများကို စွန့်ခွာထွက်ပြေးခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၎င်း၏မဟာမိတ် နိုင်ငံရေးပါတီများက ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းပြီးနောက် စစ်အစိုးရသည် "တရားမဝင်ကြောင်း" ကြေညာလိုက်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။ ယင်းနောက် ဧပြီလ ၁၆ ရက်နေ့တွင် "အမျိုးသားညီညွတ်ရေးအစိုးရ" ဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးအတွက် အဓိက တာဝန်ယူရသည်။

နယ်ခြားစောင့်ရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အုပ်ချုပ်မှုဆိုင်ရာ
အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း လုပ်ငန်းလည်ပတ်မှုအရ ကွဲပြားခြားနားသည်။
တပ်ဖွဲ့နှစ်ခုစလုံးမှာ တာဝန်ထမ်းဆောင်ဆဲ စစ်တပ်ဗိုလ်ချုပ်ကြီးတစ်ဦး ဦးဆောင်သော
ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ရှိသဖြင့် ယင်းတို့မှာ
စစ်တပ်ကွပ်ကဲမှုအောက်တွင် ရှိနေသည်။ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ
လက်နက်ကိုင်တပ်ဖွဲ့များသည် ပြည်ပရန်ကာကွယ်ရေးအတွက် တာဝန်ရှိသော်လည်း
တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအား ဆန့်ကျင်တိုက်ခိုက်ရေးအပါအဝင်
ပြည်တွင်းလုံခြုံရေးတွင် ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်သည်။ စစ်အာဏာပိုင်၏
လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကြီးလေးသော လူ့အခွင့်အရေး
ဖောက်ဖျက်မှုအများအပြားကို ဆက်လက်ကျူးလွန်ခဲ့သည်။

စစ်ကောင်စီတပ်များက နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၊
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အရပ်သားအစိုးရနှင့်
အမျိုးသားဒီမိုကရေစီခေါင်းဆောင်များကို ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။
စစ်အာဏာသိမ်းလိုက်သည်နှင့် နိုင်ငံအနှံ့ ဒီမိုကရေစီရေး လှုပ်ရှားဆန္ဒပြမှုများနှင့်
အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုများ နိုဝင်ဘာလအထိ
ဆက်လက်ဖြစ်ပေါ်နေကာ စစ်အာဏာရှင်များက အပြည့်အဝအုပ်ချုပ်စီမံရန်
ကြိုးပမ်းမှုကို ဆန့်ကျင်ပိတ်ဆို့ခဲ့ကြသည်။ စစ်အာဏာရှင်က
နိုင်ငံရေးအတိုက်အခံများအား အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်း၊ အမျိုးသား၊
အမျိုးသမီး၊ ကလေးများအပါအဝင် လက်နက်မဲ့ပြည်သူများအား သေစေနိုင်သော
အကြမ်းဖက်မှုမျိုးဖြင့် တုံ့ပြန်ခြင်းနည်းများဖြင့် ဖိနှိပ်ခဲ့သည်။ စစ်တပ်နှင့်
တိုင်းရင်းသားလက်နက်ကိုင်များအကြား တိုက်ပွဲများ တိုးမြင့်လာသည်။

အမျိုးသားညီညွတ်ရေးအစိုးရက ပြည်သူ့ကာကွယ်ရေးတပ်မတော် တပ်ဖွဲ့များ ဖွဲ့စည်းကြောင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များစွာနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ဧပြီလ ၁၆ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်သည်။

သိသာထင်ရှားသည့် လူ့အခွင့်အရေးပြဿနာများတွင် ယုံကြည်ရသည့် အောက်ပါ သတင်းပေးပို့ချက်များ ပါဝင်သည်- တရားလက်လွတ်သတ်ဖြတ်မှုများ အပါအဝင် ဥပဒေမဲ့ သို့မဟုတ် စီရင်ပိုင်ခွင့်ကို ကျော်လွန်၍ သတ်ဖြတ်မှုများ၊ အတင်းအကြပ်ပြုမှုကြောင့် လူပျောက်ဆုံးနေမှုများ၊ စစ်အာဏာပိုင်များက ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန် ရက်စက်စွာ သို့မဟုတ် လူဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပြစ်ဒဏ်ပေးမှုများ၊ စစ်အာဏာရှင်များက လိုင်ကွဲပြားမှုအပေါ် အခြေခံပြီး အကြမ်းဖက်ခြင်း၊ ပြင်းထန်၍ ရံဖန်ရံခါ အသက်အန္တရာယ်ရှိစေသည့် အကျဉ်းထောင်အခြေအနေများ၊ တရားလက်လွတ်ဖမ်းဆီး သို့မဟုတ် အကျဉ်းချခြင်း၊ နိုင်ငံရေးအကျဉ်းသား သို့မဟုတ် နိုင်ငံရေးအရ ဖမ်းဆီးချုပ်နှောင်ခြင်း၊ နိုင်ငံရေးကို အခြေခံပြီး လူပုဂ္ဂိုလ်များကို အခြားနိုင်ငံများတွင် လက်တုံ့ပြန်ခြင်း၊ တရားရေးကဏ္ဍတွင် လွတ်လပ်စွာတရားစီရင်ရေးနှင့် ပတ်သက်သည့် ကြီးလေးသော ပြဿနာရှိခြင်း၊ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို တရားလက်လွတ် သို့မဟုတ် ဥပဒေမဲ့ စွက်ဖက်ခြင်း၊ လူတစ်ဦးက ချိုးဖောက်သည်ဟူသော စွပ်စွဲချက်ဖြင့် မိသားစုဝင်များအား ပြစ်ဒဏ်ချမှတ်ခြင်း၊ အရပ်သားများအား သတ်ဖြတ်ခြင်း၊ အတင်းအကြပ် ပျောက်ကွယ်သွားစေခြင်း သို့မဟုတ် အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက် ကိုယ်ထိလက်ရောက် အကြမ်းဖက် အပြစ်ပေးခြင်း၊ ဥပဒေမဲ့ ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးချခြင်း အပါအဝင် ပြည်တွင်း ပဋိပက္ခများ၌ ကြီးလေးသော တရားလက်လွတ်ပြုလုပ်ခြင်းများ၊ သတင်းထောက်များကို

တရားလက်လွတ်ဖမ်းဆီးခြင်းခြင်းနှင့် တရားစွဲဆိုခြင်း အပါအဝင် ရာဇဝတ်မှုအဖြစ် အသရေဖျက်သည့် ပုဒ်မများဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပြင်းထန်စွာ တားဆီးကန့်သတ်ခြင်း၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှုကို နှောင့်ယှက်ခြင်း၊ ဘာသာရေးလွတ်လပ်ခွင့်ကို အထူးသဖြင့် ကန့်သတ်ပိတ်ပင်ခြင်း၊ လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်ခြင်း၊ ပြည်သူများက လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများမှတစ်ဆင့် အစိုးရကို ငြိမ်းချမ်းစွာ မပြောင်းလဲနိုင်ခြင်း၊ နိုင်ငံရေးတွင် ပါဝင်ခွင့်ကို အကြောင်းပြချက်မရှိဘဲ ပြင်းထန်စွာ ကန့်သတ်ခြင်း၊ ဆိုးရွားသည့် အစိုးရ အဂတိလိုက်စားမှုများ၊ လိုင်ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးမှုမပြုဘဲ တာဝန်ခံမှု မရှိခြင်း၊ လူကုန်ကူးခြင်း၊ တိုင်းရင်းသား လူမျိုးစုများကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှုများ၊ ဥပဒေများသည် အာဏာသက်ရောက်မှု မရှိသလောက် ရှားပါးသော်လည်း အရှယ်ရောက်ပြီးသူများအကြား လိုင်တူဆက်ဆံခြင်းကို ရာဇဝတ်မှုအဖြစ် ဆက်လက် သတ်မှတ်ထားခြင်း၊ အလုပ်သမားရေး လှုပ်ရှားသူများအား အကြမ်းဖက် ခြိမ်းခြောက်ခြင်းများ အပါအဝင် အလုပ်သမားများ၏ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှုအပေါ် တင်းကြပ်စွာ ကန့်သတ်ထားခြင်း၊ အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးလုပ်သား အသုံးချမှု အပါအဝင် ကလေးအလုပ်သမားများ အတင်းအကြပ် အသုံးပြုခြင်း။

စစ်အာဏာရှင်၏ လုံခြုံရေးတပ်ဖွဲ့များ ကျူးလွန်သည့် မတရားပြုမှုများအတွက် လုံးဝနီးပါး အပြစ်ကင်းလွတ်ခွင့် ရှိနေဆဲဖြစ်သည်။
လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်သူ သို့မဟုတ် အဂတိလိုက်စားသူ အရာရှိများအား အာဏာပိုင်များက အရေးယူကြောင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ကြောင်း

ယုံကြည်ရသည့် သတင်းအချက်အလက်များ မတွေ့ရှိပါ။

အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ သို့မဟုတ် တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခြင်း၊ လူပျောက်ဆုံးစေခြင်း၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းနှင့် လူ့ဂုဏ်သိက္ခာချသော ဆက်ဆံမှုများ ပြုလုပ် ကျူးလွန်ခဲ့ပြီး ပဋိပက္ခနယ်မြေအတွင်းရှိ အရပ်သားများအား အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ကြသည်။

အပိုင်း ၁။ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာအပေါ် လေးစားမှု

က။ တရားလက်လွတ်စီရင်မှုကြောင့် အသက်ဆုံးရှုံးစေခြင်းနှင့် ဥပဒေနှင့် မညီညွတ်သော သို့မဟုတ် နိုင်ငံရေးအရ လှုံ့ဆော်မှုပါဝင်သော သတ်ဖြတ်ခြင်း

စစ်အာဏာပိုင်၏ လုံခြုံရေးတပ်ဖွဲ့များက အရပ်သား၊ အကျဉ်းသားနှင့် ၎င်းတို့၏ အာဏာအတွင်းရှိ အခြားသူများအပေါ် ကျူးလွန်ခဲ့သော တရားလက်လွတ် သို့မဟုတ် ဥပဒေနှင့် မညီသော သတ်ဖြတ်မှုနှင့် ပတ်သက်သည့် အစီရင်ခံစာ များစွာရှိသည်။ နိုဝင်ဘာလ ၂၂ ရက်နေ့အထိ စစ်အာဏာပိုင်များက လူပေါင်း ၁,၃၀၀ ဦး သတ်ဖြတ်ခဲ့ကြောင်း အတည်ပြုနိုင်ပြီး အမှန်တကယ် သတ်ဖြတ်ခံရသူ အရေအတွက် များစွာ ပိုများနိုင်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ (EAOs) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တပ်ဖွဲ့ သို့မဟုတ် တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခြင်း၊ လူပျောက်ဆုံးစေခြင်း၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းနှင့် လူ့ဂုဏ်သိက္ခာချသော ဆက်ဆံမှုများ ပြုလုပ် ကျူးလွန်ခဲ့ပြီး

ပဋ္ဌိပက္ခနယ်မြေအတွင်းရှိ အရပ်သားများအား အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ကြသည်။ (အပိုင်း ၁၊ ဆ ကိုလည်းကြည့်ပါ) ဥပမာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော် မြို့တော်တွင် စစ်အာဏာသိမ်းမှုကို ငြိမ်းချမ်းစွာ ဆန္ဒပြနေစဉ် ရဲတပ်ဖွဲ့က မြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းကို ပစ်ခတ်ခဲ့သည်။ သူ့အား ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ရရှိသည့် ဒဏ်ရာကြောင့် ရက်ပိုင်းအတွင်း သေဆုံးခဲ့သည်။ သူ၏ သေဆုံးခြင်းသည် ဖေဖော်ဝါရီလ ၂ ရက်နေ့က စတင်သည့် ကန့်ကွက်ဆန္ဒပြမှုတွင် ပထမဆုံးသေဆုံးမှုအဖြစ် ယုံကြည်ကြသည်။

တစ်နိုင်ငံလုံးအနှံ့ စစ်အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြနေချိန်အတွင်း ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် လုံခြုံရေးတပ်များက မြို့ပေါင်း ၈ မြို့တွင် လူပေါင်း ၂၆ ဦးကို သတ်ဖြတ်ခဲ့ပြီး လူများစွာ ဒဏ်ရာရခဲ့သည်။ မီဒီယာသတင်းပေးပို့ချက်များ၊ မျက်မြင်သက်သေများ၏ ပြောဆိုချက်များနှင့် သက်သေအထောက်အထား မှတ်တမ်းများအရ ရဲတပ်ဖွဲ့က လူရာပေါင်းများစွာကို ဖမ်းဆီးခြင်း၊ မျက်ရည်ယိုဗုံး၊ မီးလောင်ဗုံး၊ ရာဘာကျည်နှင့် ကျည်အစစ်များသုံးပြီး ဆန္ဒပြသူများကို ဖြိုခွင်းခြင်းများ ပြုခဲ့သည်။

မတ်လ ၁၁ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့များက မြို့ပေါင်း ၅ မြို့တွင် အနည်းဆုံး လူ ၁၁ ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း မီဒီယာသတင်းပေးပို့ချက် အများအပြားနှင့် မျက်မြင်သက်သေ၏ ပြောဆိုချက်များ၊ ဓာတ်ပုံမှတ်တမ်းများအရ သိရသည်။ စစ်လုံခြုံရေးတပ်ဖွဲ့များသည် မျက်ရည်ယိုဗုံး၊ မီးလောင်ဗုံးများနှင့် ရာဘာကျည်များအပြင် ကျည်အစစ်များကို သုံးပြီး လက်နက်မဲ့ဆန္ဒပြသူများအား

ပစ်ခတ်ခဲ့သည်။

အားလပ်ရက်ဖြစ်ပြီး တပ်မတော်နေ့ဟု သိကြသည့် မတ်လ ၂၇ ရက်နေ့တွင် စစ်လုံခြုံရေးတပ်ဖွဲ့များက ကလေး ၁၃ ယောက် အပါအဝင် လူပေါင်း ၁၀၀ ကျော်ကို နိုင်ငံအနှံ့ သတ်ဖြတ်ခဲ့ကြောင်း မီဒီယာ သတင်းများ၊ မျက်မြင်သက်သေ၏ ပြောဆိုချက်များနှင့် လူမှုရေးကွန်ရက်ပို့စ်များအရ သိရသည်။
စစ်လုံခြုံရေးတပ်ဖွဲ့များက မတ်လ ၂၈ ရက်နေ့တွင် ဆန္ဒပြသူများအား အကြမ်းဖက်မှုများဖြင့် ဆက်လက်၍တုံ့ပြန်ခဲ့ပြီး အနည်းဆုံး လူ ၂၂ ဦးကို သတ်ဖြတ်ခဲ့သည်။

မီဒီယာသတင်းများအရ ဧပြီလ ၉ ရက်နေ့က ပဲခူးတိုင်းတွင် အနည်းဆုံး လူ ၂၈ ဦးအား သတ်ဖြတ်မှု အပါအဝင် စစ်လုံခြုံရေးတပ်ဖွဲ့သည် ဆန္ဒပြသူများနှင့် အခြားအရပ်သားများကို ဧပြီလတွင် ဆက်လက် သတ်ဖြတ်ခဲ့သည်။
စစ်လုံခြုံရေးတပ်ဖွဲ့များက ရပ်ကွက်များရှိ အကာအရံ အတားအဆီးများကို ဖယ်ရှားရန်နှင့် ဆန္ဒပြသူများကို ဖြိုခွင်းရန် လုပ်ဆောင်ချိန်တွင်

ချင်းပြည်နယ်မြို့တော် ဟားခါးတွင် စစ်လုံခြုံရေးတပ်ဖွဲ့များက နှိပ်စက်သတ်ဖြတ်ခဲ့သည်ဆိုသော အရပ်သား ၂ ဦးကို စစ်တပ်က မီးသင်္ဂြိုလ်ခဲ့ကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့က မေလတွင် သတင်းထုတ်ပြန်ခဲ့သည်။

စစ်ကိုင်းတိုင်း ကနီမြို့နယ်တွင် စစ်တပ်က အရပ်သား ၄၀ ကို သတ်ဖြတ်ခဲ့သည်ဟု ဒေသခံသတင်းမီဒီယာများက ဇူလိုင်လတွင် ဖော်ပြထားသည်။ *Irrawaddy* သတင်းဝဘ်ဆိုက်ကို ဒေသခံတစ်ဦးက ပြောဆိုရာတွင် "စစ်အာဏာပိုင်တပ်တွေက ကျွန်တော်တို့ရဲ့ရွာတွေကို စီးနင်းတိုက်ခိုက်ခဲ့တယ်။ ကျွန်တော်တို့ ထွက်ပြေးကြပြီး

ရှာပြန်လာတော့ အလောင်းတွေ တွေ့တယ်။"

ကချင်ပြည်နယ်တွင် အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို စစ်သား သုံးယောက်က အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့ကြောင်း ဒေသတွင်းမီဒီယာက ဇူလိုင်လတွင် ဖော်ပြခဲ့သည်။ မိသားစုဝင်များက တိုင်ကြားပြီးနောက်ပိုင်း စစ်တပ်က ယင်းအဖြစ်အပျက်ကို ဝန်ခံခဲ့သော်လည်း ကျူးလွန်ခဲ့သူများအား တစ်စုံတစ်ရာ အရေးယူကြောင်း မကြားသိရပေ။

စစ်ကိုင်းတိုင်းတွင် စစ်တပ်သတင်းပေးဟု စွပ်စွဲခံရသူတစ်ဦးကို မြွေဟောက် အရပ်သားကာကွယ်ရေးအဖွဲ့က သတ်ဖြတ်ခဲ့ကြောင်း စက်တင်ဘာလတွင် ဒေသတွင်းမီဒီယာက သတင်းထုတ်ပြန်ခဲ့သည်။ ယင်းအဖွဲ့ဝင်များက အခြား ၂၆ ဦးကိုလည်း သတ်ဖြတ်ခဲ့ကြောင်း မြွေဟောက်အဖွဲ့က ဆိုသည်။

ဖေဖော်ဝါရီလ ၁ ရက်နှင့် စက်တင်ဘာလ ၉ ရက်အတွင်း အာဏာပိုင်များ၏ နှိပ်စက်ညှဉ်းပန်းမှုကြောင့် အနည်းဆုံး နိုင်ငံရေးအကျဉ်းသား ၁၀၀ သေဆုံးခဲ့ရသည်ဟု AAPP က ဆိုသည်။ "သူတို့က ခေါင်းကို ပစ်တယ်။ တော်လှန်ရေးက နှလုံးသားထဲမှာရှိတာ သူတို့ မသိကြဘူး" ဟု ရေးသားခဲ့သူ ထင်ရှားသည့် ကဗျာဆရာ ခက်သီသည် စစ်လုံခြုံရေးတပ်ဖွဲ့များ၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ အသက် ၄၅ နှစ်အရွယ်ရှိ မေလ ၈ ရက်နေ့၌ ဖမ်းဆီးထိမ်းသိမ်းခံရသူ တစ်ဦးသည် နောက်တစ်ရက်တွင် မကွေးတိုင်း မုံရွာဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့သည်။

ခ။ လူပျောက်ဆုံးမှု

စစ်အာဏာပိုင်များကြောင့် လူပျောက်ဆုံးမှုရှိကြောင်း သတင်းအစီရင်ခံစာများစွာ ရှိသည်။

ဂ။ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု

ညှဉ်းပန်းနှိပ်စက်ခြင်းကို ဥပဒေက တားမြစ်ထားသည်။ သို့သော်လည်း စစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက သံသယရှိသူများ၊ အကျဉ်းသားများ၊ အချုပ်သားများနှင့် အခြားသူများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် မတရားပြုမူခြင်းများ ပြုလုပ်ခဲ့သည်ဟု သတင်းရရှိသည်။ အဆိုပါဖြစ်ရပ်များမှာ ဥပမာအားဖြင့် စစ်ဆေးမေးမြန်းချိန်တွင် ဖြစ်ပြီး တစ်နိုင်ငံလုံးအနှံ့ ပြန့်နှံ့ဖြစ်ပေါ်ကြောင်း မှတ်တမ်းများပြုစုထားသည်။ ယင်းသို့သော ပြင်းထန်သည့် စစ်ကြောရေးနည်းလမ်းများသည် ထိန်းသိမ်းခံရသူများအား အပြင်းအထန်ရိုက်နှက်ခြင်းနှင့် အစာရေစာ မပေးဘဲထားခြင်း၊ အိပ်မရအောင် ပြုလုပ်ခြင်းတို့ပါဝင်သော ကြောက်ရွံ့၍ စိတ်ခြောက်ခြားစေရန် ဖန်တီးထားသည့် နည်းစနစ်များ ဖြစ်သည်။ အစီရင်ခံစာပါ အခြားစစ်ကြောရေးနည်းလမ်းများတွင် ဒဏ်ရာတွင်းသို့ ဆားပွတ်ခြင်းနှင့် မေ့မျောသွားသည့်အထိ အသက်မရှူနိုင်အောင် ပြုလုပ်ခြင်းများ ပါဝင်သည်။

အသက် ၁၉ နှစ်အရွယ် ဒီမိုကရေစီအရေး ပုံ့ပိုးသူတစ်ဦးက ဒေသတွင်း မီဒီယာကို ပြောဆိုရာတွင် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်အစပ်ရှိ စစ်တပ်ဝင်းအတွင်းသို့ သူ့ကို

ခေါ်ဆောင်သွားကြောင်း၊ "တပ်မှူးက ကျွန်တော့်ကို လက်ပြန်ကြိုးတုတ်ပြီး ကျွန်တော့်ရဲ့ နားတွေ၊ နှာဖျား၊ ပခုံးနဲ့ လည်ချောင်းကို ကပ်ကြေးအသေးနဲ့ ညှပ်တယ်။"

ဗြေလထဲတွင် မုံရွာမြို့တွင် မော်တော်ဆိုင်ကယ်ဖြင့် ဆန္ဒပြနေစဉ်အတွင်း ထင်ရှားသည့် သပိတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မူဆလင်လူငယ် ဝေမိုးနိုင်အား စစ်တပ်က အရပ်ကားတစ်စီးဖြင့် ဝင်တိုက်ခဲ့ကြောင်း ဒေသတွင်းမီဒီယာက သတင်းထုတ်ပြန်သည်။

လိင်စိတ်ဝိသေသကွဲပြားသူ စာရေးဆရာ ဟန်နွယ်ဦးက သူ့အား ဖမ်းဆီးထားစဉ် လိင်စိတ်ဝိသေသကွဲပြားသူတစ်ဦးဖြစ်သောကြောင့် လှောင်ပြောင်ခံရ၊ လိင်ပိုင်းဆိုင်ရာ စော်ကားခံရပြီး မန္တလေးတိုင်း၊ မန္တလေးနန်းမြို့ရိုးအတွင်းရှိ စစ်ကြောရေးတွင် ၂ ရက်ကြာ "အလွန်ရက်စက်ဆိုးရွားစွာ" စစ်ဆေးခံခဲ့ရကြောင်း သူ၏ လူမှုရေးကွန်ရက်တွင် ရေးသားထားသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) များအရ ဖမ်းဆီးခံထားရသော အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် နှုတ်အားဖြင့် စော်ကားမှုများရှိကြောင်း သိရသည်။ အဓမ္မပြုကျင့်ခံရကြောင်း တိုင်ကြားသည့် အမျိုးသမီးများကို ရဲများက နှုတ်အားဖြင့် ဆဲဆိုကြိမ်းမောင်းမှုများလည်း ရှိသည်။ လိင်ပိုင်းဆိုင်ရာ စော်ကားမှုကို တိုင်ကြားသည့် အမျိုးသမီးများအား ရဲများက ဆက်လက်၍ စော်ကားကြပြီး ကျူးလွန်သူများကို အသရေဖျက်မှုနှင့် တရားစွဲဆိုခံရခြင်းများ ရှိသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အခြေအနေနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ပြောဆိုရာတွင် "တောနယ်ဒေသတွေမှာ လူ့အခွင့်အရေးကာကွယ်သူ အမျိုးသမီးတွေအတွက် အထူးသဖြင့်

အန္တရာယ်ကြီးမားရာမှာ သူတို့ဟာ ထောင်ထဲကို မပို့ခင် မကြာခဏ ရိုက်နှက်ကန်ကျောက်ခံရပြီး ထောင်ထဲမှာလည်း နှိပ်စက်ညှဉ်းပန်းတာ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရတာတွေနဲ့ ရင်ဆိုင်ရနိုင်သလို ဆေးဝါးကုသမှုလည်း မရရှိကြပါဘူး။"

ဧပြီလအတွင်း ဖြစ်ပွားခဲ့မှုတစ်ခုကို လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့ကြီး (HRW) က ထုတ်ပြန်ထားရာတွင် ရန်ကုန်မြို့၌ စစ်အာဏာပိုင်များအား ပစ်မှတ်ထားတိုက်ခိုက်မှုတစ်ခုတွင် အသေးစားဗုံးဖောက်ခွဲမှုတွင် ပါဝင်သည်ဟု စွပ်စွဲခံရသည့် အမျိုးသမီးတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုးရွားစွာ ရိုက်နှက်ပြီး လိင်ပိုင်းဆိုင်ရာစော်ကားခဲ့ကြောင်း သိရသည်။ သူ၏ ဒဏ်ရာဒဏ်ချက်များ ပြင်းထန်လှသဖြင့် အစာစားရန်နှင့် ဆီးသွားရန် ခက်ခဲခဲ့သည်။ သူနှင့် တစ်ခန်းတည်း အတူအကျဉ်းကျသူသည်လည်း အလားတူအဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရကြောင်း သတင်းရရှိသည်။

အလားတူ ဧပြီလတွင် ဒေသတွင်းမီဒီယာ သတင်းထုတ်ပြန်ချက်အရ ရန်ကုန်မှ အထက်တန်းကျောင်းသူတစ်ဦးကို သူ့မိခင်နှင့်အတူ ဖမ်းဆီးခဲ့သည်။ သူ၏ ပြန်လည်ပြောပြချက်တွင် "ရဲအရာရှိတစ်ဦးက ကျွန်မကို လက်နဲ့ ပွတ်သတ်ပြီးပြောတာ။ ကျွန်မကို သတ်ပြီး အစဖျောက်ပစ်လို့ရတယ်တဲ့။"

ရန်ကုန်မြို့၌ မတ်လတွင် ဖမ်းဆီးခံခဲ့ရသည့် သတင်းထောက်တစ်ဦးက သတင်းမီဒီယာကို ပြန်လည် ပြောပြခဲ့ရာတွင် အမျိုးသမီးသတင်းထောက် တစ်ဦးကို ရဲအရာရှိက စီးကရက်မီးနှင့် ထိုးနေသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ဒီမိုကရေစီရေး လှုပ်ရှားမှုတွင် ပါဝင်လုပ်ဆောင်မှုများ အကြောင်းကို မပြောပါက အဓမ္မပြုကျင့်မည်ဟု ခြိမ်းခြောက်ပြောဆိုကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ ခေါင်းဆောင်များနှင့် တပ်ဖွဲ့ဝင်များက ၎င်းတို့ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်ကင်းလွတ်ခွင့်ရရှိနေခြင်းသည် နေရာအနှံ့ ပျံ့နှံ့ဖြစ်ပေါ်နေသည်။ စစ်အာဏာပိုင်များက ယင်းဖြစ်ရပ်များကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် အနိုင်အထက်ပြုသည်ဟု စွပ်စွဲခံရသူများအား အပြစ်ပေးခြင်းတို့ လုပ်ဆောင်ကြောင်း ယုံကြည်ရသည့် အထောက်အထားများ မတွေ့ရပါ။ အလားတူ စစ်လုံခြုံရေးတပ်ဖွဲ့၏ အထွေထွေ လေ့ကျင့်သင်ကြားရေးတွင်လည်း လူ့အခွင့်အရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုကို သင်တန်း၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းခြင်း မတွေ့ရပါ။ စစ်အာဏာပိုင်များသည် ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်မရှိကြောင်း အစဉ်အမြဲ ငြင်းဆိုနေခဲ့သည်။ ဥပမာ- ဒေသတွင်း မီဒီယာက ဧပြီလအတွင်း သတင်းပေးပို့ချက်အရ စစ်အာဏာပိုင်များသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံရာတွင် ညှဉ်းပန်းနှိပ်စက်မှုများကို ခြုံငုံ၍ ငြင်းဆိုခဲ့ကြောင်း၊ သူ၏ စွပ်စွဲမှုများသည် "တစ်ဖက်သတ်" ဖြစ်ကြောင်း ပယ်ချခဲ့သလို ကလေးများအား သတ်ဖြတ်ခြင်း အပါအဝင် အခြား ရက်စက်ကြမ်းကြုတ်မှုများကိုလည်း မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သည်။

အကျဉ်းထောင်နှင့် ထိန်းသိမ်းရေးစခန်း အခြေအနေ

အကျဉ်းသားဦးရေ ပြည့်ကျပ်လွန်းခြင်း၊ ဂုဏ်သိက္ခာညိုးနွမ်းစေသော ပြုမူဆက်ဆံမှုများ၊ ကျန်းမာရေး စောင့်ရှောက်မှု (ကိုဗစ်-၁၉ ကုသမှုအပါအဝင်) နှင့် အစားအသောက်၊ အဆောက်အအုံ၊ သန့်ရှင်းမှုများ အပါအဝင် အခြေခံလိုအပ်ချက်များကြောင့် အကျဉ်းထောင်များ၊ ရဲဘက်အလုပ်စခန်းများ၊ စစ်တပ်ထိန်းသိမ်းရေး

အကျဉ်းစခန်းများတွင် ကြမ်းတမ်းဆိုးရွားပြီး တစ်ခါတစ်ရံ အသက်အန္တရာယ် ဖြစ်စေလောက်သော အခြေအနေများရှိကြောင်း အစီရင်ခံစာများက ဖော်ပြသည်။

ရှမ်ပိုင်းဆိုင်ရာ အခြေအနေ- ၂၀၂၀ ခုနှစ်မှတ်တမ်းအရ အကျဉ်းထောင် ၄၈ ခုနှင့် အလုပ်စခန်း ၅၀ ရှိသည်။ အမျိုးသမီးနှင့် အမျိုးသားများကို သီးခြား ခွဲခြားထိန်းသိမ်းထားသည်။ အချို့အကျဉ်းထောင်များတွင် စစ်ဆေးစီရင်ခြင်း မပြုရသေးသူများကို ပြစ်ဒဏ်ချမှတ်ပြီးသော အကျဉ်းသားများနှင့် အတူ ထိန်းသိမ်းထားသည်။ တစ်ခါတစ်ရံ အတူပါ ကလေးများကို လူကြီးနှင့်အတူ အချုပ်စခန်းများတွင် ထိန်းသိမ်းထားသည်။ ၂၀၂၀ ခုနှစ်တွင် ထောင်သား ၂၀,၀၀၀ ကျော်သည် တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်စီရင်ချက်များကို နိုင်ငံအနှံ့ရှိ ရဲဘက်အလုပ်စခန်းများတွင် ပေးဆပ်နေကြရပြီး ဤအစီရင်ခံစာ ထုတ်ပြန်သည့်နှစ်အတွက် ကိန်းဂဏန်းများ မရရှိပါ။ စစ်အာဏာသိမ်းပြီးနောက်တွင် စစ်တပ်သည် နိုင်ငံအနှံ့ရှိ ပြည်သူပိုင်အဆောက်အအုံအများအပြား (ဥပမာ- မြို့တော်ခန်းမများ) ကို စစ်ကြောရေးစခန်းများအဖြစ် ပြောင်းလဲခဲ့ကြောင်း အေပီသတင်းဌာနက အောက်တိုဘာလ ၂၈ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

အကျဉ်းထောင်အဆောက်အအုံများအတွင်း ဆိုးရွားသော အခြေအနေများ၊ မကောင်းမွန်သော မိလ္လာစနစ်များ အပါအဝင် မလုံလောက်သော၊ အများအားဖြင့် စားမရသော ရာရှင်များနှင့် အခြေခံ လိုအပ်ချက်များ ကင်းမဲ့နေသည့် အခြေအနေများကို အစီရင်ခံစာ အများအပြားတွင် မှတ်တမ်းပြုထားသည်။ အကျဉ်းထောင်နှင့် ရဲဘက်စခန်းအများအပြားတွင် လူဦးရေ ပြည့်ကျပ်များပြားလွန်းခြင်းက အလွန်ဆိုးရွားသော ပြဿနာတစ်ခုဖြစ်ကြောင်း သိရသည်။ အေအေပီပီ ၏

ထုတ်ပြန်ချက်အရ နိုင်ငံတွင်း အကြီးဆုံးဖြစ်သည့် အင်းစိန်ထောင်တွင် စစ်အာဏာမသိမ်းမီကပင် ထိန်းသိမ်းထားသူဦးရေသည် လက်ခံနိုင်သော လူဦးရေ၏ ၃ ဆနီးပါးရှိနေသည်။

ကျန်းမာရေးစောင့်ရှောက်မှု မပြည့်စုံသောကြောင့် ဖမ်းဆီးထိန်းသိမ်းထားချိန်တွင် သေဆုံးမှုများရှိသည်ဟု ဆိုသည်။ အကျဉ်းသားများအား ကိုဗစ်-၁၉ ကူးစက်မှုမှ ကာကွယ်မှုများ လုပ်ဆောင်ရန် အကျဉ်းထောင်များက ပျက်ကွက်ခဲ့ပြီး အကျဉ်းထောင်တွင် ကိုဗစ်-၁၉ ကူးစက်ပျံ့ပွားမှုများဖြစ်ပေါ်ကာ အကျဉ်းသားများ နာမကျန်းဖြစ်ခြင်း၊ သေဆုံးခြင်းများ ရှိကြောင်း သတင်းများဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှုများဆိုင်ရာ နိုင်ငံနှင့် ဒေသများအလိုက် ကိန်းဂဏန်းများကို စစ်အာဏာပိုင်များက ပုံမှန်ထုတ်ပြန်နေသော်လည်း ထောင်များအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပေါ်မှု အချက်အလက်များကို ဖော်ပြခြင်း မရှိပါ။ AAPP ၏ ထုတ်ပြန်ချက်အရ နာမည်ကြီး အကျဉ်းသားများကိုသာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးကြောင်း သိရသည်။ ကိုဗစ်-၁၉ အပြင် အကျဉ်းသားများသည် ၄က်ဖျားရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ တီဘီအဆုတ်ရောင်ရောဂါ၊ အရေပြားရောဂါ၊ မသန်စွမ်းသောဝန်းကျင်နှင့် ပုပ်သိုးနေသော အစားအစာများကြောင့် ဖြစ်ပေါ်သည့် သို့မဟုတ် ယင်းတို့ကြောင့် ပိုမိုဆိုးရွားလာသည့် အစာအိမ်နှင့် အူတွင်း ရောဂါများ အပါအဝင် အခြားကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေကြရသည်။ နိုင်ငံရေးအကျဉ်းသားများအား ဆေးကုသမှုငြင်းပယ်ကြောင်း သတင်းများလည်း အများအပြား ထွက်ပေါ်လာသည်။

အကျဉ်းသားဟောင်းများကလည်း အဆောက်အအုံများသည် ညံ့ဖျင်းသော

ပြုပြင်ထိန်းသိမ်းမှုကြောင့် အကာအကွယ်မရှိဘဲ ကြွက်၊ မြွေနှင့် မှိုတက်ခြင်းများရှိကြောင်း ပြောပြကြသည်။

အမျိုးသမီး အကျဉ်းသားများအတွက် အခြေအနေမှာ အလွန်ဆိုးရွားနေပြီး လိုအပ်သည့် သန့်စင်ရေးအတွက် ပစ္စည်းများမရရှိဘဲ အကာအရံမရှိသည့် အိမ်သာသန့်စင်ခန်းများသာ ရှိသည်။ အမျိုးသမီးများ ဓမ္မတာလာချိန် လိုအပ်သည့် သန့်စင်ပစ္စည်းများနှင့် အခြား အခြေခံ သန့်စင်ရေးပစ္စည်းများ တောင်းဆိုမှုကို အကျဉ်းထောင်စောင့်များက ငြင်းပယ်ကြသည်။ စစ်အာဏာသိမ်းပြီးနောက်တွင် တာဝန်ခံအရာရှိများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ကျား/မအခြေပြု စော်ကားနှောက်ယှက်မှုနှင့် နှိမ်ချဆက်ဆံမှုများ တိုးများလာသည်။

စက်တင်ဘာလတွင် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ Just Power ထုတ်ပြန်သည့် အစီရင်ခံစာအရ ထင်ရှားသည့် လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးသည် "မတရားဖမ်းဆီးအကျဉ်းချမှု" ကြောင့် ကျန်းမာရေးအခြေအနေ ဆိုးရွားလာကြောင်း သိရသည်။ စစ်တပ် လုံခြုံရေးတပ်ဖွဲ့များက သူ့အား မိသားစုက ပေးပို့သည့် ဆေးဝါးများ အပါအဝင် ကျန်းမာရေးဝန်ဆောင်မှု ပေးရန် ငြင်းပယ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အုပ်ချုပ်ရေး- စစ်အာဏာမသိမ်းမီက အကျဉ်းသားများနှင့် ထိန်းသိမ်းခံထားရသူများသည် တစ်ခါတစ်ရံ တရားရေးအာဏာပိုင်များအား တိုင်ကြားခြင်းများ ပြုလုပ်နိုင်သော်လည်း ဤရပိုင်ခွင့်ကို အကာအကွယ်ပေးထားသည့် ရှင်းလင်းသော ဥပဒေဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ မရှိပါ။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အကျဉ်းသားများနှင့် ထိန်းသိမ်းခံထားရသူများက

တိုင်ကြားစာများ ပေးပို့ကြောင်း ယုံကြည်ရသည့် မှတ်တမ်းတစ်စုံတစ်ရာ မတွေ့ရပါ။ အချို့အကျဉ်းထောင်များသည့် အကျဉ်းသားများအား နေရာကန့်သတ်ချက်နှင့် လုံခြုံရေးစိုးရိမ်ရမှုများကို အကြောင်းပြကာ ဘာသာရေးကျင့်ဝတ်များကို အပြည့်အဝ စောင့်ထိန်းကျင့်ကြံမှုကို ပိတ်ပင်ထားသည်။

ဧပြီလအတွင်း ဒေသတွင်း သတင်းပေးပို့ချက်အရ သတင်းထောက်တစ်ဦးသည် ရာမာဒန်ဥပုဒ်ဆောက်တည်မှုအတွက် အစာမစားခြင်းကို အစာငတ်ခံဆန္ဒပြသည်ဟု စွပ်စွဲပြီး အင်းစိန်ထောင်တွင် တိုက်ပိတ်ခံရကြောင်း သိရသည်။

လွတ်လပ်သော စောင့်ကြည့်မှု- ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အကျဉ်းဦးစီးဌာနက အကျဉ်းထောင်နှင့် ရဲဘက်စခန်းစနစ်ကို လည်ပတ်ဆောင်ရွက်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် အကျဉ်းထောင်၊ ရဲဘက်အလုပ်စခန်းနှင့် စစ်တပ်ထိန်းသိမ်းရေးစခန်းများသို့ ဤနှစ်အတွင်း ဝင်ရောက်နိုင်ခြင်း မရှိပါ။ ဖယ်ရှားခံထားရသည့် အရပ်သားအစိုးရလက်အောက်ရှိ ပြည်ထဲရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်ရေး လုပ်ဆောင်ချက်များကြောင့် ဝင်ရောက်ခွင့်မပေးနိုင်ကြောင်း ၂၀၂၀ ခုနှစ် မတ်လနောက်ပိုင်းတွင် ပြောဆိုသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်က အကျဉ်းထောင်အားလုံးနှင့် ထိန်းသိမ်းရေးစခန်းအားလုံးသို့ ဝင်ရောက်ခွင့် ဆက်လက် ငြင်းပယ်ထားသည်။

မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးသည် အကျဉ်းထောင်များ သို့မဟုတ် ရဲဘက်အလုပ်စခန်းများသို့ ဝင်ရောက်ခွင့်မရခဲ့ဘဲ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အကျဉ်းဦးစီးဌာနနှင့် ပူးတွဲလုပ်ဆောင်သည့် အရည်အသွေးမြှင့်တင်ခြင်း အစီအစဉ်ကို ရပ်စဲလိုက်သည်။ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးသည် ကိုဗစ်-၁၉ ဆိုင်ရာ

တစ်ကိုယ်ရေ ကာကွယ်ရေး ပစ္စည်းနှင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု အကူအညီ (ဥပမာ- ရောဂါကူးစက်မှု ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေး အထောက်အကူပစ္စည်းများ) ကို အကျဉ်းထောင်များသို့ အကန့်အသတ်နှင့် တိုက်ရိုက် ဆက်လက် ပံ့ပိုးပေးသည်။

၁။ တရားလက်လွတ် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း

တရားလက်လွတ်ဖမ်းဆီးခြင်းကို ဥပဒေက တားမြစ်ထားခြင်း မရှိပါ။ လူများအနေဖြင့် မိမိတို့ ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း၏ တရားဝင်မှုကို အုပ်ချုပ်ရေးအရသော် လည်းကောင်း၊ တရားရုံးတစ်ခု၌ လည်းကောင်း ယေဘုယျအားဖြင့် အယူခံပိုင်ခွင့် မရှိပါ။ တစ်စုံတစ်ယောက်သည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို အန္တရာယ်ဖြစ်စေသော မည်သည့်လုပ်ရပ်မျိုးကိုမဆို ဆောင်ရွက်သည်ဟု ယူဆလျှင် သို့မဟုတ် ထိုသို့ဆောင်ရွက်နိုင်ဖွယ် ရှိသည်ဟု ယူဆလျှင်ဖြစ်စေ ထိန်းသိမ်းမိန့်ထုတ်ရန် အာဏာပိုင်များအား ဥပဒေက ခွင့်ပြုထားသည်။

ဖမ်းဆီးရေးလုပ်ထုံးလုပ်နည်းများနှင့် ထိန်းသိမ်းခံရသူများအား ပြုမူဆက်ဆံမှု

ပြင်ပနှင့်ဆက်သွယ်ခွင့်မပြုဘဲ ထိန်းသိမ်းထားခြင်းသည် လုပ်လေ့ရှိသည့် သာမန်လုပ်ရပ်ဖြစ်သည်။ စစ်အာဏာသိမ်းပြီးချိန်ကစ၍ စစ်အာဏာပိုင်များသည် နိုင်ငံရေးသမားများ၊ ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ၊ သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများ၊ ဆန္ဒပြသူများနှင့် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) အဖွဲ့ဝင်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် နိုင်ငံတကာဥပဒေကို ဖောက်ဖျက်ပြီး ၎င်းတို့အား ထိန်းသိမ်းထားသောနေရာကို အတည်ပြုရန် ငြင်းဆိုခဲ့ကြောင်း

လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ကြီး (HRW) က ပြောဆိုသည်။ စစ်အာဏာပိုင်များ၏ "ဖမ်းဆီးထိန်းသိမ်းထားသည့်" စာရင်းပါ လူပေါင်း ၅,၀၀၀ ခန့်အား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရကြောင်း၊ ၎င်းအရေအတွက်သည် စစ်အာဏာသိမ်းချိန်ကစပြီး ဖမ်းဆီးမှုများ၏ ၈၂ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း AAPP က သြဂုတ်လတွင် ထုတ်ပြန်ခဲ့သည်။ အကျဉ်းသားများရှိသည့် နေရာကို သိလျှင်ပင် အကျဉ်းသားများသည် ရှေ့နေများ၊ မိသားစုဝင်များနှင့် တွေ့ခွင့်မရပဲ ပုံမှန်လိုပင် ငြင်းပယ်ခံရသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်အာဏာပိုင်များသည် ပုဂ္ဂလိက ကာကွယ်ရေးဆိုင်ရာဥပဒေကို ရပ်ဆိုင်းလိုက်ပြီး ဖမ်းဆီးမှုနှင့် ပုဂ္ဂလိကပိုင် အိမ်ရာများတွင် ဝရမ်းမပါဘဲ ရှာဖွေခြင်းကို တရားဝင်ဖြစ်အောင် ပြုလုပ်ခဲ့သည်။

အာဏာပိုင်များသည် သံသယရှိသူကို တရားသူကြီးရှေ့မှောက်သို့ ခေါ်ဆောင်ခြင်းမပြုမီ သို့မဟုတ် ၎င်းတို့နှင့် ပတ်သက်သည့် စွဲချက်များကို ဖော်ပြခြင်း မပြုမီ မစစ်ဆေးခင် ထိန်းသိမ်းမှုအဖြစ် သီတင်းနှစ်ပတ်ကြာ (နောက်ထပ် နှစ်ပတ်သက်တမ်းတိုးဖွယ် အလားအလာနှင့်အတူ) ထိန်းသိမ်းထားနိုင်သည်။ သို့ရာတွင် စစ်အာဏာပိုင်များသည် ဥပဒေပါ ဤပြဋ္ဌာန်းချက်ကို လေးစားလိုက်နာမှု မရှိပါ။ အာမခံတင်သည့်စနစ်ကို ဆောင်ရွက်လျက်ရှိသော်လည်း တရားရုံးများက ဒီမိုကရေစီရေး ထောက်ခံအားပေးသူများအား အာမခံပေးရန် ပုံမှန်ငြင်းဆိုနေသည်။ အာဏာပိုင်များက ဖမ်းဆီးခံရသူ၏ မိသားစုများ၊ ရှေ့နေများအား အချိန်မီ အကြောင်းမကြားခြင်း၊ မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို ထုတ်ဖော်မပြောခြင်း၊ မိသားစုလာရောက်တွေ့ဆုံခွင့်ကို ပုံမှန်ငြင်းပယ်ခြင်းများနှင့် ပတ်သက်သည့် သတင်းပေးပို့ချက်

အများအပြား ရှိသည်။

တရားလက်လွတ် ဖမ်းဆီးခြင်း- စစ်အာဏာပိုင်များက မည်သည့်နေရာတွင် ထိန်းသိမ်းထားကြောင်း မသိရှိသည့် ဖမ်းဆီးခြင်းများ အပါအဝင် ထင်သလို တရားလက်လွတ် ဖမ်းဆီးခြင်းများနှင့် ပတ်သက်သည့် အစီရင်ခံစာများစွာ ရှိသည်။ စစ်အာဏာသိမ်းပြီးချိန်မှစ၍ စစ်လုံခြုံရေးတပ်ဖွဲ့များသည် ဖမ်းဆီးမှု အနည်းဆုံး ၈,၀၀၀ ပြုလုပ်ခဲ့ပြီး လူပေါင်း ၆,၅၀၀ ကျော်သည် တစ်နည်းနည်းနှင့် ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

ဒေသခံနိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ အမှုကို လိုက်ပါဆောင်ရွက်ပေးသည့် ရှေ့နေတစ်ဦးအား နေပြည်တော် တရားရုံးကြားနာမှုအပြီးတွင် ဖမ်းဆီးခဲ့ကြောင်း၊ ဧရာဝတီတိုင်းတွင် နိုင်ငံရေးအကျဉ်းသားတစ်ဦးအား အမှုလိုက်ပါဆောင်ရွက်ပေးသည့် ရှေ့နေကို ဖမ်းဆီးခဲ့ကြောင်း HRW က မေလတွင် သတင်းထုတ်ပြန်ခဲ့သည်။ ကချင်ပြည်နယ်တွင် နိုင်ငံရေးအကျဉ်းသား ၁၂၀ ကျော်ကို အမှုလိုက်ပါဆောင်ရွက်ပေးသည့် ရှေ့နေအား ဖမ်းဆီးခဲ့ကြောင်း HRW က ဇွန်လတွင် အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများက လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအား ထင်သလိုဖမ်းဆီးနေမှုအတွက် စိုးရိမ်မကင်းဖြစ်ရကြောင်း၊ အလုပ်သမားအရေးလှုပ်ရှားဆောင်ရွက်သူများနှင့် တက်ကြွလှုပ်ရှားသူ ကျောင်းသားများ အပါအဝင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအား ယင်းသို့ ပြုမူဆက်ဆံကြောင်း ယုံကြည်ရသည့် သတင်းအချက်အလက်များကို ကိုးကားပြီး ဇူလိုင်လတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

စက်တင်ဘာလအထိ ဖမ်းဆီးထိန်းသိမ်းခံရသူများထဲတွင် ကလေးများအပါအဝင် ဒီမိုကရေစီရေး ထောက်ခံအားပေးသူများ၏ မိသားစုဝင် ၁၇၅ ဦးကျော် ပါဝင်ကြောင်း AAPP က ထုတ်ပြန်ထားသည်။ ဥပမာ သြဂုတ်လတွင် မိသားစုဝင်တစ်ဦးက နိုင်ငံရေးအကျဉ်းသားတစ်ဦးအတွက် အစားအစာနှင့် ဆေးဝါး သွားရောက်ပေးပို့စဉ် အင်းစိန်ထောင်၌ ၆ ရက်ကြာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ စက်တင်ဘာလတွင် စစ်လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦး လာရောက်အဖမ်းခံရန် အကျပ်ကိုင်သည့်အနေနှင့် သူ၏ ဇနီးနှင့် ကလေးငယ်ကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ယင်းလှုပ်ရှားတက်ကြွသူအား CDM ကို ထောက်ခံအားပေးသည့်အတွက် အကြမ်းဖက်မှုဆိုင်ရာ ဥပဒေဖြင့် တရားစွဲဆိုထားခြင်းဖြစ်သည်။ သူ၏ ဇနီးနှင့် ကလေးသည် ဒီဇင်ဘာလအထိ ပျောက်ဆုံးနေဆဲ ဖြစ်သည်။

လွတ်လပ်သော သတင်းဌာန *Myanmar Now* ၏ သတင်းပေးပို့ချက်အရ အသက် ၁၄ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးကို မန္တလေးတိုင်း၊ တောင်သာမြို့နယ်တွင် စစ်အာဏာပိုင်များက ဖမ်းဆီးခဲ့ပြီး သူ၏ဖခင်ဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒေသခံခေါင်းဆောင်ကို ရဲတပ်ဖွဲ့သို့လာရောက် အဖမ်းခံရန် အကျပ်ကိုင်ခဲ့သည်။ ကလေး၏ မိခင်ဖြစ်သူက သတင်းထောက်တစ်ဦးကို ပြောဆိုရာတွင် "သူတို့လာတာက ကျွန်မယောကျ်ားကို ဖမ်းဖို့လာရင်း ကလေးကို ခေါ်သွားပါတယ်။ သူတို့ပြောတာကတော့ ကလေးအဖေ ဘယ်မှာရှိတယ်ဆိုတာကို ပြဖို့ခေါ်တာတဲ့။... သူ့ကို ပြန်လွှတ်ပေးမယ့် အချိန်ကိုပဲ ကျွန်မမျှော်နေတာပဲ" ကျွန်မဘာကိုမှ မလိုချင်ပါဘူး။ ကျွန်မသားကိုပဲ ပြန်လိုချင်ပါတယ်။"

စစ်ဆေးစီရင်မှု မပြုမီ ထိန်းသိမ်းထားခြင်း- စစ်အာဏာသိမ်းမှု မတိုင်မီက

တရားသူကြီးများနှင့် ရဲတပ်ဖွဲ့တို့က ထိန်းသိမ်းမှုသက်တမ်းတိုးရန် တစ်ခါတစ်ရံ ပူးပေါင်းကြံစီကြသည်။ ၂၀၂၀ ခုနှစ်တွင် လွတ်လပ်သော ရှေ့နေအဖွဲ့၏ အဆိုအရ တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် စစ်ဆေးစီရင်မှု မတိုင်မီ ကာလရှည်ကြာစွာ ထိန်းသိမ်းမှုများသည် ကာလရှည်ကြာပြီး ရှုပ်ထွေးသော တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့် ကျယ်ပြန့်လာသော အကျင့်ပျက်ခြစားမှုတို့ကြောင့် ဖြစ်သည်။ ယင်းပြဿနာများသည် စစ်အာဏာသိမ်းပြီးနောက် ဆက်လက်ဖြစ်ပေါ်နေရာတွင် စစ်အာဏာပိုင်များက လူပုဂ္ဂိုလ်များအား စစ်ဆေးစီရင်မှု မပြုဘဲ အကန့်အသတ်မရှိထိန်းသိမ်းထားသည့်အတွက် အခြေအနေမှာ ပိုမိုဆိုးရွားလာသည်။ တရားရုံးတွင် အမှုရင်ဆိုင်သူများအတွက် စစ်ဆေးစီရင်ခြင်းမပြုမီနှင့် စစ်ဆေးစီရင်ဆဲ ထိန်းသိမ်းထားမှုကာလသည် တစ်ခါတစ်ရံ ပြစ်မှုကျူးလွန်ခြင်းအတွက် ချမှတ်သည့် ပြစ်ဒဏ်ကာလနှင့် တူညီနေသည် သို့မဟုတ် ပြစ်ဒဏ်ကာလထက်ပင် ကျော်လွန်နေလေ့ရှိသည်။ စစ်အာဏာပိုင်များက ဥပဒေအကူအညီဆိုင်ရာ ဥပဒေကို မေလတွင် ပြင်ဆင်ခဲ့ရာ စစ်ဆေးစီရင်ခြင်းမပြုမီ ထိန်းသိမ်းထားချိန်တွင် ဥပဒေဆိုင်ရာအကူအညီရယူခွင့်ကို ဖယ်ရှားလိုက်သည်။ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလုံခွင့် လျှောက်ထားသူများ၊ နိုင်ငံခြားသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ဥပဒေပိုင်းဆိုင်ရာ အကူအညီပေးရန် ယင်း အပိုဆောင်းပြင်ဆင်မှုများက ကန့်သတ်လိုက်သည်။

ထိန်းသိမ်းခြင်းမှာ ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိကို တရားရုံးရှေ့မှောက်တွင် စိန်ခေါ်နိုင်သော ထိန်းသိမ်းခံရသူ၏ စွမ်းရည်- မတရားချုပ်နှောင်ခံရခြင်း ရှိ/မရှိ တရားခံအား ရုံးထုတ်စစ်ဆေးခြင်း ဟူသည့်အချက် နိုင်ငံဥပဒေတွင် ပါဝင်သော်လည်း စစ်လုံခြုံရေး တပ်ဖွဲ့များသည် ယင်းဥပဒေကို ဖောက်ဖျက်လျက် မှန်ကန်သော

လုပ်ထုံးလုပ်နည်းများကို မလိုက်နာဘဲ လူပုဂ္ဂိုလ်များအား ဖမ်းဆီး၍ ထိန်းသိမ်းထားသည်။ နိုင်ငံရေးအတိုက်အခံများအား ဖိနှိပ်ရန်အတွက် တရားလက်လွတ်ဖမ်းဆီးမှု သို့မဟုတ် ထိန်းသိမ်းမှုများ အလွန်များပြားလာကြောင်း၊ ထိန်းသိမ်းခံထားရသူများသည် ၎င်းတို့အား ဖမ်းဆီးခြင်းသည် တရားဥပဒေနှင့်အညီ ဟုတ်/မဟုတ်ကို တရားရုံးတော်တွင် ရင်ဆိုင်ဖြေရှင်းနိုင်ခွင့် နည်းပါးနေပြီး ယင်းသည် တရားစီရင်ရေးက စစ်အာဏာပိုင်များထံမှ လွတ်လပ်စွာ သီးခြားရပ်တည်နိုင်ခြင်း မရှိသောကြောင့် ဖြစ်ကြောင်း AAPP က ဆိုသည်။

၈။ တရားမျှတသော အများပြည်သူရှေ့မှောက် စစ်ဆေးစီရင်မှုကို ငြင်းဆိုခြင်း

အခြေခံဥပဒေက လွတ်လပ်သော တရားစီရင်ရေးကို ပြဋ္ဌာန်းထားသော်လည်း စစ်အာဏာပိုင်များက ယင်းဥပဒေအကာအကွယ်ကို လေးစားလိုက်နာမှု မရှိပါ။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် စစ်အာဏာပိုင်များက အန်အယ်လ်ဒီက ခန့်အပ်ထားသော တရားရုံးချုပ်၏ တရားသူကြီး ၅ ဦးကို ဖယ်ရှားလိုက်ပြီး စစ်အာဏာပိုင်များကို ထောက်ခံသည့် တရားသူကြီးများနှင့် အစားထိုးခဲ့သည်။ တရားသူကြီးချုပ် အပါအဝင် ကျန်ရှိသည့် တရားသူကြီး ၄ ဦးသည် ယခင် စစ်အာဏာရှင် အစိုးရလက်ထက်မှ ကျန်ရှိနေသူများ ဖြစ်သည်။

ဖေဖော်ဝါရီလတွင် စစ်အာဏာပိုင်များက နိုင်ငံအနှံ့ရှိ မြို့နယ်အများအပြားတွင် စစ်အုပ်ချုပ်ရေးကြေညာပြီး တရားစီရင်ရေး (နှင့် စီရင်ဆုံးဖြတ်ခွင့်) အာဏာကို ဒေသန္တရ စစ်တပ် တပ်မှူးများအား မြို့အတော်များများတွင် လွှဲပြောင်းပေးခဲ့သည်။ စစ်တပ်ဥပဒေဖြင့်စီရင်သည့် တရားရုံးများတွင် စွဲဆိုခံရသူများသည်

ဥပဒေအကျိုးဆောင်ရယူခွင့် အပါအဝင် အယူခံဝင်ခွင့် (သေဒဏ်ချမှတ်ထားသော အမှုများမှလွဲ၍ဖြစ်သည်။ ယင်းအမှုများအတွက် စစ်တပ်ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်ထံ အယူခံဝင်နိုင်သည်) ကြားနာမှုများကို အကျဉ်းရုံးပြုလုပ်ပြီး စက်ရှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်အတွင်း ဆုံးဖြတ်ချက်ချမှတ်ကာ ပုံမှန်အားဖြင့် အမြင့်ဆုံးပြစ်ဒဏ် ချမှတ်ခွင့်ပြုထားသည်။ စစ်အာဏာပိုင်များ၏ တရားဝင်ထုတ်ပြန်ကြေညာချက်များအရ နိုဝင်ဘာလအထိ စစ်ခုံရုံးတွင် အမှုပေါင်း ၆၁ မှုကို ကြားနာခဲ့၍ တရားခံ ၂၈၀ ကို ပြစ်ဒဏ်ချမှတ်ခဲ့ရာ အနည်းဆုံး သေဒဏ်ချမှတ်ခံရသူ ၈၀ ပါဝင်သည်။

တရားစီရင်မှုတွင် အကျင့်ပျက်ခြစားမှုသည် ကြီးမားသော ပြဿနာတစ်ခု ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ အဆိုအရ အဆင့်တိုင်းရှိ အရာရှိများသည် တရားစီရင်ရေး လုပ်ငန်းစဉ် အဆင့်တိုင်းတွင်ပင် တရားမဝင် ငွေကြေးလက်ခံရယူနေကြပြီး ရယူသည့် ရည်ရွယ်ချက်များမှာလည်း ထိန်းသိမ်းခံရသူအား ရဲအချုပ်ခန်းတွင် တွေ့ဆုံခွင့်ကဲ့သို့သော သာမန်ကိစ္စများမှသည် အမှုတစ်ခု၏ ရလဒ်ကို သတ်မှတ်ခြင်းကဲ့သို့သော ထိရောက်သည့်ဆုံးဖြတ်ချက်များ ရယူသည့်အဆင့်အထိ ဖြစ်ကြသည်။

စစ်ဆေးစီရင်မှု လုပ်ထုံးလုပ်နည်းများ

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အရပ်သား တရားရုံးများ၌ တရားစီရင်မှု လုပ်ထုံးလုပ်နည်းများကို တရားဝင် အပြောင်းအလဲ မလုပ်သော်လည်း လွတ်လပ်သည့် တရားစီရင်မှု ကင်းမဲ့နေသည့်အတွက် စစ်အာဏာပိုင်များ လိုသလို လုပ်ဆောင်နိုင်သည်။ ဥပဒေက တရားမျှတမှုနှင့် ပြည်သူ့စစ်ဆေးစီရင်ခွင့်ကို ပြဋ္ဌာန်းထားသော်လည်း

ဥပဒေကပင် အဆိုပါ အခွင့်အရေးများကို ခြွင်းချက်များစွာ ပေးထားသောကြောင့် စစ်အာဏာပိုင်များက ယင်းအခွင့်အရေးများကို လိုသလို စိတ်ကြိုက် ချိုးဖောက်ခွင့် ရှိနေသည်။ ဥပဒေအရ ရှေ့နေနှင့် ဆွေးနွေးခွင့်ပြုထားသော်လည်း အကျိုးဆောင်ရှေ့နေ အများအပြားက ၄င်းတို့၏ ကိုယ်ပိုင်လုံခြုံရေးကို စိုးရိမ်သဖြင့် ဒီမိုကရေစီရေး လှုပ်ရှားသူများ၏ အမှုကို လိုက်ပါလိုခြင်း မရှိကြပေ။ စစ်အာဏာသိမ်းပြီးသည့်နောက် နိုင်ငံရေးအမှုများတွင် လိုက်ပါဆောင်ရွက်ပေးသူ အနည်းဆုံး ရှေ့နေ ခြောက်ဦး ဖမ်းဆီးခံရကြောင်း HRW လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ကြီးက ဆိုသည်။ တရားခံများသည် အပြစ်မရှိကြောင်း မှတ်ယူခွင့် သို့မဟုတ် ဥပဒေက ပြဋ္ဌာန်းထားလျှင်ပင် ၎င်းတို့အား စွဲဆိုချက်များ အသေးစိတ်ကို ချက်ချင်းသိရှိခွင့်၊ ၎င်းတို့အား စစ်ဆေးစီရင်မှုတွင် တက်ရောက်ခွင့်၊ လွတ်လပ်စွာ အနက်အဓိပ္ပာယ် ဖွင့်ဆိုခွင့် သို့မဟုတ် လုံလောက်သော ရှေ့နေအကျိုးဆောင်မှုများကို မရရှိကြပါ။ ခုခံချေပရန် ကြိုတင်ပြင်ဆင်ရေးအတွက် လုံလောက်သော အချိန်နှင့် အထောက်အကူများရယူခွင့်လည်း မရှိကြပါ။ စစ်ဆေးစီရင်မှု လုပ်ထုံးလုပ်နည်းများအပေါ် ကိုဗစ်-၁၉ ရောဂါ လျော့ပါးရေး အစီအမံများကလည်း ရိုက်ခတ်မှုရှိသည်။

နိုင်ငံရေးအကျဉ်းသားနှင့် နိုင်ငံရေးအရ ထိန်းသိမ်းခံရသူများ

စစ်အာဏာပိုင်များက နိုင်ငံရေးသမားများ၊ ရွေးကောက်ပွဲ အရာရှိများ၊ သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများ၊ ဆန္ဒပြသူများ၊ ဘာသာရေးလွတ်လပ်ခွင့် လှုပ်ရှားသူများနှင့် CDM အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုအဖွဲ့ဝင်များအား ဖမ်းဆီးထိန်းသိမ်းသည်။ နိုင်ငံရေးအကျဉ်းသားများအား သာမန်အကျဉ်းသားများနှင့်

အမြဲတန်း သီးသန့်ခွဲခြားထားလေ့ရှိသည်။ နိုင်ငံရေးအကျဉ်းသား အများအပြားကို ပြင်ပနှင့် အဆက်အသွယ်မပြုစေဘဲ ချုပ်နှောင်ထားသည်။

နိုင်ငံရေးအကျဉ်းသားဟောင်း အများအပြားကို စောင့်ကြည့်နေခြင်း၊ ၎င်းတို့ကို လွှတ်ပေးပြီးနောက် ကန့်သတ်ချက်များ ထားရှိခြင်းတို့ ရှိရာတွင် မှတ်ပုံတင် သို့မဟုတ် ခရီးသွားစာရွက်စာတမ်းများ ရယူ ခွင့်မပြုခြင်းလည်း ပါဝင်သည်။ နှစ်ကုန်ချိန်တွင် အနည်းဆုံး နိုင်ငံရေးအကျဉ်းသား ၆,၀၀၀ ကျော်ရှိကြောင်း အေအေပီပီ က ခန့်မှန်းထားသည်။

ရာထူးမှ ဖယ်ရှားခံရသည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး မည်သည့်နေရာတွင် ဖမ်းဆီးထားကြောင်း မသိရပါ။ သူသည် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း လူအုပ်စုတစ်စုနှင့် တွေ့ဆုံခြင်းမှာစ၍ နိုင်ငံတော်အား အကြည်ညိုပျက်စေမှုအထိ အမျိုးမျိုးကွဲပြားသော သီးခြားစွဲဆိုချက်၁၁ ခုနှင့် ရင်ဆိုင်နေရသည်။ သူအား စစ်ဆေးစီရင်ခြင်းကို ပြည်သူများတက်ရောက်ခွင့် မရှိဘဲ သူ၏ ရှေ့နေများကိုလည်း အမှုနှင့်ပတ်သက်ပြီး လူထုအား ပြောဆိုခွင့်ပိတ်သည့် အမိန့်ကို ထုတ်ပြန်ထားသည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် မတည်မငြိမ်ဖြစ်ရန် လှုံ့ဆော်မှု၊ ကိုဗစ်-၁၉ ကန့်သတ်ချက်ကို ဖောက်ဖျက်မှုတို့ဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ထောင်ဒဏ် လေးနှစ် ချမှတ်လိုက်သည်။ ရာထူးမှ ဖယ်ရှားခံရသော သမ္မတ ဦးဝင်းမြင့်ကိုလည်း ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး အလားတူစွဲချက်များဖြင့် စစ်ဆေးစီရင်ကာ အပြစ်ရှိကြောင်း ဆုံးဖြတ်၍ ထောင်ဒဏ် လေးနှစ် ချမှတ်လိုက်သည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့အား ပြစ်ဒဏ်ချမှတ်ကြောင်း

သတင်းထွက်ပေါ်လာပြီး နာရီပိုင်းအတွင်းမှာပင် စစ်အာဏာပိုင်များက "[သူတို့၏] ပြစ်ဒဏ်များကို ... နှစ်နှစ်လျှော့ချလိုက်ကြောင်း" အစိုးရသတင်းမီဒီယာက ကြေညာသည်။ စစ်အာဏာပိုင်များ၏ ကြေညာချက်တွင် သူတို့နှစ်ဦးအား အမည်မဖော်ပြသည့် နေရာများ၌ပင် ဆက်လက်ထိန်းသိမ်းထားမည် ဖြစ်ပြီး နေအိမ်အကျဉ်းချမှုနှင့် အလားတူ အခြေအနေမျိုးဖြစ်သည် ဟုလည်း ဆိုသည်။

လွတ်ငြိမ်းချမ်းသာခွင့်- ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အကျဉ်းသား ၂၃,၀၀၀ ကို လွှတ်ပေးခဲ့ရာ နိုင်ငံရေးအကျဉ်းသားအချို့ ပါဝင်ခဲ့သည်။ စစ်အာဏာပိုင်များက သတ်မှတ်ချက်နှင့် ကိုက်ညီသူများ (ဥပမာ- လုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် အစိုးရအရာရှိများအား ပုန်ကန်မှုဖြစ်စေရန် သို့မဟုတ် ပြစ်မှုကျူးလွန်စေရေး လှုံ့ဆော်ရန် အချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ ပြစ်မှုဖြစ်သည့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ ဖြင့် စွဲဆိုခံထားရခြင်း မရှိလျှင်) အားလွှတ်ပေးပြီး နိုင်ငံရေးအကျဉ်းသားများအတွက် သီးခြားသက်ညှာမှု မရှိပါ။ စစ်အာဏာပိုင်များသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို အသုံးချပြီး ထောင်တွင်းတွင် နိုင်ငံရေးအကျဉ်းသားများ ပိုမိုချုပ်နှောင်ရန်အတွက် နေရာဖန်တီးခြင်းဖြစ်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူအချို့က ပြောဆိုသည်။

အမျိုးသားဒီမိုကရေစီ အစိုးရလက်ထက်တွင် နိုင်ငံတော် သစ္စာဖောက်မှုဖြင့် နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရသည့် ဦးအေးမောင်နှင့် စာရေးဆရာ ဝေနှင်းအောင်တို့အပါအဝင် ထင်ရှားသော ရခိုင်နိုင်ငံရေးခေါင်းဆောင် အများအပြားကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ စက်တင်ဘာလတွင်

စစ်အာဏာပိုင်များက အစွန်းရောက် အမျိုးသားစိတ်ပြင်းထန်သူ ဘုန်းကြီး အရှင်ဝီရသူကိုလည်း လွှတ်ပေးခဲ့သည်။ သူသည် ဖြုတ်ချခံရသည့် အစိုးရလက်ထက်တွင် ၂၀၁၉ ခုနှစ် စစ်တပ်ကိုထောက်ခံအားပေးသည့် လှုံ့ဆော်မှုအတွင်း ပြောဆိုမှုများအတွက် နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် စွဲချက်တင်ခံထားရခြင်း ဖြစ်သည်။

နိုင်ငံပြင်ပတွင် ရှိသူများအား နိုင်ငံရေးကို အကြောင်းပြု၍ လက်တုံ့ပြန်ခြင်း

နှစ်ဦးနှစ်ဖက်ပါဝင်သော ဖိအားပေးမှု- ယုံကြည်ရသော သတင်းအစီရင်ခံချက်များအရ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ၎င်းကို ဖွဲ့စည်းတည်ထောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီတို့ နိုင်ငံမှထွက်ခွာသွားစေရန် အပါအဝင်၊ ဒီမိုကရေစီရေး ထောက်ခံအားပေးသူများ၏ လုပ်ဆောင်မှုများ ရပ်တန့်သွားရန်အတွက် ထိုင်း- မြန်မာနိုင်ငံနယ်စပ်ရှိ လှုပ်ရှားမှုများကို တင်းကြပ်စွာ ထိန်းချုပ်တားမြစ်ပေးရေး ထိုင်းအစိုးရအား ဖိအားပေးရန် စစ်အာဏာပိုင်များက ကြိုးပမ်းခဲ့သည်။

တရားမ တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများနှင့် ကုစားမှုများ

လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ တရားမ ကုစားမှုများအတွက် တိုင်ကြားသူများသည် ပြစ်မှုဆိုင်ရာဥပဒေနှင့် တရားမ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကိုသုံးရန် ဥပဒေအရ ခွင့်ပြုထားသည်။ ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများသည် ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များကို ဆန့်ကျင်၍ အယူခံတင်သွင်းခွင့် မရှိဘဲ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့သာ တိုင်တန်းနိုင်သည်။ စစ်အာဏာသိမ်းပြီးနောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တိုင်တန်းချက်များကို တရားစီရင်ရေးစနစ်

သို့မဟုတ် ကော်မရှင်မှတစ်ဆင့် တိုင်ကြားနိုင်ခွင့် ကန့်သတ်ခံရသည်။

ပိုင်ဆိုင်မှုပစ္စည်း သိမ်းဆည်းခြင်းနှင့် ပြန်လည်အပ်နှံခြင်း

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်က မြေအားလုံးကို ပိုင်ဆိုင်သည်။ ဘိုးဘွားပိုင်မြေ အကန့်အသတ်ပမာဏတစ်ခု ရှိပြီး မြေယာပိုင်ဆိုင်မှု မှတ်ပုံတင်ခွင့်နှင့် ရောင်းချခွင့်တို့ကို ဥပဒေက ခွင့်ပြုထားသည်။ မြေအများစုကို ကာလရှည် အငှားစာချုပ်ဖြင့် ပိုင်ဆိုင်ထားသဖြင့် အငှားချမြေအား အစိုးရက ပိုင်ဆိုင်ထားချိန်တွင် သတ်မှတ်ကာလ ကုန်ဆုံးချိန်၌ အငှားချထားမှု အလိုအလျောက် ပျက်ပြယ်သည်ဟုသော ယေဘုယျ မျှော်လင့်ချက်ဖြင့် ပုဂ္ဂလိကအဖွဲ့များထံ အငှားချထားသည့် အဓိပ္ပာယ် ဖြစ်သည်။ အစိုးရက အများပြည်သူအကျိုးအတွက် ပုဂ္ဂလိကပိုင် မြေယာကို ရယူပါက လျှော်ကြေးပေးရန် ဥပဒေတွင် ပြဋ္ဌာန်းထားသော်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း အခြေအနေမှာမူ ရှင်းလင်းမှုမရှိပါ။ အစိုးရက မြေယာများကို အသုံးမပြုသောမြေ သို့မဟုတ် "မြေလွတ်" အဖြစ် ကြေညာချက်ထုတ်ပြန်နိုင်ပြီး ယင်းမြေယာများကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများထံသို့ ချပေးခြင်း သို့မဟုတ် အခြား အသုံးပြုမှုများအတွက် သတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။ မြေယာပိုင်ဆိုင်မှု သို့မဟုတ် သိမ်းဆည်းမှုတို့အတွက် ဆုံးဖြတ်ချက်များကို တရားရေးအရ ပြန်လည်စီစစ်သုံးသပ်ခြင်း မရှိပါ။ စစ်အာဏာပိုင်ထိန်းချုပ်မှုအောက်ရှိ အုပ်ချုပ်ရေး အဖွဲ့အစည်းများကသာ မြေယာအသုံးပြုမှုနှင့် မှတ်ပုံတင်ခြင်းများနှင့် ပတ်သက်ပြီး အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ကြသည်။ မြေယာဥပဒေသည် မိရိုးဖလာ မြေပိုင်ဆိုင်ခွင့်ရှိသော စနစ် (ဓလေ့ထုံးတမ်း ပိုင်ဆိုင်မှု) ကို အသိအမှတ်ပြုခြင်းကို အားမပေးပါ။ ဒီမိုကရေစီရေး ထောက်ခံအားပေးသူများ၏ မြေယာနှင့် ပိုင်ဆိုင်မှုများကို စစ်အာဏာပိုင်များက

၎င်းတို့၏ အာဏာကိုအသုံးချ၍ သိမ်းယူနေကြောင်း သတင်းပေးပို့ချက် အများအပြား ရှိသည်။

CDM အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုကို ငွေကြေး ထောက်ပံ့သည်ဟူသော စွပ်စွဲချက်ဖြင့် အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းများထံမှ $၃.၈ သန်းခန့်တန်ဖိုးရှိသည့် ပိုင်ဆိုင်မှုများကို စစ်အာဏာပိုင်များက မတ်လအတွင်း သိမ်းယူခဲ့သည်။

အိမ်ပိုင်ရှင်များအနေနှင့် ၎င်းတို့၏ အိမ်ငှားသူများစာရင်းကို ရပ်ကွက်အုပ်ချုပ်ရေးရုံးများသို့ ပေးပို့ကြရန်နှင့် ထိုသို့မပြုလုပ်ပါက အိမ်သိမ်းခံရမည်ဖြစ်ကြောင်း စစ်အာဏာပိုင်များ၏ အကြမ်းဖက်မှုချေမှုန်းရေး ဗဟိုကော်မတီက နိုဝင်ဘာလတွင် အများပြည်သူသို့ သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ယုံကြည်ရသည့် သတင်းမီဒီယာ၏ ဖော်ပြချက်များအရ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အရာရှိများ ပိုင်ဆိုင်သည့် အိမ်ရာပေါင်း ၇၀ ခန့် သိမ်းယူခံရကြောင်း သိရသည်။ တရားခံများပိုင်ဆိုင်သည့် မြေယာများကို တရားမဝင် သိမ်းယူနိုင်ရန်အတွက် စစ်အာဏာပိုင်များက ဥပဒေ သုံးခုကို ပြင်ဆင်ခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီညွတ်ရေးအစိုးရ အဖွဲ့ဝင်များ သို့မဟုတ် မိသားစုဝင်များ၏ ပိုင်ဆိုင်မှုများကိုလည်း စစ်အာဏာပိုင်များက သိမ်းယူခဲ့သည်။

စ။ ပုဂ္ဂလိက လွတ်လပ်မှု၊ မိသားစု၊ နေအိမ် သို့မဟုတ် စာရေးသားဆက်သွယ်မှုတို့အား တရားလက်လွတ် သို့မဟုတ်

ဥပဒေနှင့်အညီမဟုတ်ဘဲ ဝင်ရောက်စွက်ဖက်ခြင်း

ပုဂ္ဂလိက လွတ်လပ်မှုနှင့် နေအိမ်တွင် လုံခြုံမှုတို့ကို ဥပဒေအရ အကာအကွယ်ပေးထားသော်လည်း စစ်အာဏာသိမ်းပြီးနောက်တွင် ယင်းအခွင့်အရေးများအား အကာအကွယ်ပေးမှုသည် အကန့်အသတ်ရှိလာသည်။ ကြိုတင်အကြောင်းမကြားဘဲ ညအချိန်တွင် အိမ်တွင်းဝင်ရောက် စစ်ဆေးမှုများက သာမန်လို ဖြစ်လာသည်။ စာရေးသားဆက်သွယ်ခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဆက်သွယ်ခြင်းများတွင် လွတ်လပ်ခွင့်ကို ဥပဒေက အကာအကွယ် မပေးတော့ပါ။ စစ်အာဏာပိုင်များသည် အွန်လိုင်းစောင့်ကြည့်မှုမှတစ်ဆင့် ပုဂ္ဂလိက အီလက်ထရွန်နစ် ဆက်သွယ်မှုများကို ပုံမှန်စောင့်ကြည့်နေပြီး ဒီမိုကရေစီအရေး ထောက်ခံအားပေးသူများအား စောင့်ကြည့်နေကြောင်း သတင်းပေးပို့ချက် အများအပြားရှိသည်။

မတ်လ ၁ ရက်နေ့ *New York Times* ၏ သတင်းဖော်ပြချက်တွင် စစ်တပ်က နှစ်မျိုးသုံး ထိုးဖောက် စောင့်ကြည့်ခြင်း၊ ဟက်လုပ်ခြင်းနှင့် မှုခင်းသုံးနည်းပညာများဖြင့် ဝေဖန်သူများနှင့် ဆန္ဒပြသူများကို ပစ်မှတ်ထားခြင်းတို့ကို ပြုလုပ်နေကြောင်း သိရသည်။ စစ်အာဏာမသိမ်းမီက စစ်တပ်သည် "အီလက်ထရွန်နစ် စစ်ပွဲသုံး" တည်ဆောက်မှုများ စတင်ကာ စောင့်ကြည့်ရေး နည်းပညာဆိုင်ရာများကို ဝယ်ယူခဲ့ရာတွင် ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများအား စောင့်ကြည့်ရန်အတွက် ဆဲလ်ဖုန်း ဟက်လုပ်သည့် စနစ်များလည်း ပါဝင်သည်။

ဧရိယာလတွင် ပြည်တွင်းသတင်းဌာန *Frontier Myanmar* က သတင်းထုတ်ပြန်ခဲ့ရာတွင် စစ်အာဏာပိုင်များက မိုဘိုင်းဖုန်းကုမ္ပဏီများအား

စောင့်ကြည့်ကိရိယာများ တပ်ဆင်ပြီး ဖုန်းခေါ်ဆိုမှုများ၊ စာတိုမက်ဆေ့ဂျ်များနှင့် သတ်မှတ်ထားသည့် အသုံးပြုသူများ၏ နေရာတို့ကို စောင့်ကြည့်ရန်၊ "ဆန္ဒပြ" သို့မဟုတ် "တော်လှန်ရေး" ကဲ့သို့ စာလုံးကို သုံးတိုင်း အကြောင်းကြားရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ယင်းစာလုံးများကို သုံးခြင်းဖြင့် ပို၍တင်းကြပ်သော စောင့်ကြည့်မှုကို စတင်စေနိုင်သည် သို့မဟုတ် စောင့်ကြည့်ခံရသူများနှင့် ပတ်သက်ပြီး ၎င်းတို့ကို သက်သေအဖြစ် အသုံးချနိုင်သည်။ စစ်အာဏာပိုင်များသည် လူမှုရေးကွန်ရက်အသုံးပြုမှုကိုလည်း စောင့်ကြည့်ရာတွင် ဝင်ရောက်ကြည့်ရှုသည့် ဝဘ်ဆိုက်များ၊ လူအများ နှင့် ချတ်လုပ်ခြင်း၊ သီးသန့်ချတ်အုပ်စုအတွင်း ပြောဆိုခြင်းအတွက် ဒေတာအချက်အလက်များကိုလည်း စောင့်ကြည့်သည်။ *Frontier Myanmar* မဂ္ဂဇင်း၏ ဖော်ပြချက်အရ ဤ "ဆိုင်ဘာလုံခြုံရေးအဖွဲ့" သည် နာမည်ဆိုးဖြင့် ကျော်ကြားသော စုံစမ်းထောက်လှမ်းရေးဌာနဖြစ်သည့် အထူးရဲတပ်ဖွဲ့တွင် အခြေစိုက်ပြီး ယင်းအထူးရဲတပ်ဖွဲ့သည် ယခင် စစ်အစိုးရခေတ်တွင် သံသယရှိသည့် အတိုက်အခံများကို အကြီးအကျယ် စောင့်ကြည့်နေခဲ့သည်။

ဆ။ ပဋိပက္ခအတွင်း မတော်မတရားပြုမှုများ

စစ်အာဏာသိမ်းပြီးနောက်တွင် စစ်အာဏာပိုင်များနှင့် နိုင်ငံ၏ အနောက်မြောက်ဖက်ပိုင်းရှိ EAOs-PDF ပူးပေါင်းအဖွဲ့များအကြား တိုက်ပွဲများ ပိုမိုများပြားလာပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့တွင် မကြာခဏ တိုက်ပွဲများ ဖြစ်ပွားသည်။ ကချင်၊ ကယား၊ ကရင်ပြည်နယ်တို့နှင့် မန္တလေး၊ ပဲခူးနှင့် တနင်္သာရီတိုင်းတို့တွင်လည်း တိုက်ပွဲများဖြစ်ပွားကြောင်း သတင်းရရှိသည်။ စစ်အာဏာသိမ်းပြီးနောက် ရခိုင်ပြည်နယ်အတွင်း စစ်တပ်နှင့် ရခိုင်တပ်မတော် (AA)

အကြား တိုက်ပွဲများ လျော့နည်းသွားရာ ၎င်းမှာ စစ်အာဏာမသိမ်းမီက တရားဝင်မဟုတ်သော်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူထားသောကြောင့် ဖြစ်သည်။ မတ်လတွင် စစ်အာဏာပိုင်များက ရခိုင့်တပ်မတော်ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော စာရင်းမှ ပယ်ဖျက်လိုက်သည်။ သို့ရာတွင် ပြည်တွင်းမီဒီယာသတင်းအရ နိုဝင်ဘာလ ၉ ရက်နေ့တွင် စစ်တပ်က အေအေ ထိန်းချုပ်နယ်မြေ ဖြစ်သည့် မောင်းတောမြို့နယ် နယ်စပ်သို့ ဝင်ရောက်လာသောကြောင့် အေအေ နှင့် စစ်တပ်အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ရှမ်းပြည်နယ်အတွင်းတွင် EAOs များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။

သတ်ဖြတ်ခြင်း၊ ပျောက်ဆုံးခြင်း၊ အင်အားအဆမတန်သုံးခြင်း၊ အရပ်သားများ၏ ဘဝကို အလေးမထားခြင်း၊ လိင်ပိုင်းအကြမ်းဖက်မှုများနှင့် အခြားသော နှိပ်စက်ညှဉ်းပန်းမှုများကို စစ်လုံခြုံရေးတပ်ဖွဲ့များနှင့် အချို့ EAOs နှင့် PDF အဖွဲ့များက ကျူးလွန်ကြောင်း တွေ့ရသည်။

ဇွန်လတွင် အန်ယူဂျီအစိုးရက PDF များလိုက်နာရန် ကျင့်ဝတ်များကို ထုတ်ပြန်လိုက်ပြီး စက်တင်ဘာလ ၇ ရက်နေ့က ထုတ်ပြန်သည့် "ပြည်သူ့ကာကွယ်ရေးစစ်" ကြေညာချက်တွင် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် တိုက်တွန်းနှိုးဆော်လိုက်သည်။ PDF အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရန် အန်ယူဂျီ၏ ကြိုးပမ်းမှုများက မည်မျှသက်ရောက်မှုရှိကြောင်း တိုင်းတာနိုင်သည့် အချက်အလက်များ မရရှိပါ။

သတ်ဖြတ်ခြင်း- စစ်အာဏာပိုင်များက တမင်ရည်ရွယ်သတ်ဖြတ်ခြင်းနှင့် အင်အားအလွန်အကျွံ အသုံးပြုခြင်းကြောင့် သို့မဟုတ် တရားနည်းလမ်းမကျဘဲ

မလိုလားအပ်သော အင်အား အသုံးပြုခြင်းကြောင့် သေဆုံးမှုများရှိကြောင်း သတင်းများ ရရှိသည်။ ဥပမာ-

မတ်လ ၃ ရက်နေ့တွင် စစ်လုံခြုံရေးတပ်ဖွဲ့များက နိုင်ငံအနှံ့အပြားတွင် ငြိမ်းချမ်းစွာ ဆန္ဒပြသူများနှင့် ရင်ဆိုင်ရာတွင် အနည်းဆုံး လူ ၂၄ ဦးကို သတ်ဖြတ်ခဲ့သည်။ ရန်ကုန်မြို့ ရပ်ကွက်တစ်ခုတည်းမှာပင် လုံခြုံရေးတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ရာ၌ ဆန္ဒပြသူ အနည်းဆုံး ၇ ဦးသေဆုံးပြီး ၁၇ ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ မတ်လ ၁၃-၁၄ သီတင်းပတ်ကုန်၌ နိုင်ငံအနှံ့အပြားတွင် စစ်အာဏာပိုင်များ၏ လုံခြုံရေးတပ်ဖွဲ့က အရမ်းကာရော ပစ်ခတ်မှုကြောင့် အနည်းဆုံး ဆန္ဒပြသူ ၄၂ ဦး သေဆုံးခဲ့သည်။

မေလတွင် မကွေးတိုင်း ဆားလင်းမြို့နယ်၌ စစ်တပ်က စီးနင်းဝင်ရောက်ချိန်အတွင်း လက်လွတ်စပယ် ပစ်ခတ်မှုကြောင့် ကလေးမိခင် အမျိုးသမီးငယ်တစ်ဦး သေဆုံးခဲ့ရသည်။ *မြန်မာနှောင်း* သတင်းဖော်ပြချက်အရ စီးနင်းတိုက်ခိုက်မှုသည် ဒီမိုကရေစီတောင်းဆိုသော နံရံဆေးရေးစာကို တုံ့ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

ဧရိယာ၂လတွင် အန်ယူဂျီ၏ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီး ဦးအောင်မျိုးမင်းက ပြောဆိုခဲ့ရာတွင် စစ်တပ်သည် စစ်ကိုင်းတိုင်း ဒီပဲရင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ ဒေသခံ အရပ်သား အနည်းဆုံး ၃၂ ဦးကို သတ်ဖြတ်ခဲ့ပြီး ဒေသခံ ၆,၀၀၀ ကျော် နေရာရွှေ့ပြောင်းခဲ့ရကြောင်း၊ ၎င်းဖြစ်ရပ်သည် EAO နှင့် PDF အခြေစိုက်ရာနေရာများကို စစ်တပ်က ပစ်မှတ်ထား၍ အပြင်းအထန် တိုက်ခိုက်ချိန်အတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စက်တင်ဘာလတွင် စစ်တပ်က မကွေးတိုင်း ဂန့်ဂေါမြို့နယ်အတွင်း အရပ်သား ၅ ဦးကို သတ်ဖြတ်ပြီး ခန္ဓာကိုယ်ကို ခုတ်ထစ်ဖြတ်တောက်ခဲ့သည်ဟု ယူဆရသည်။ *ရောဝတီ*

သတင်းအရ သေဆုံးသူများသည် ပစ်သတ်ခံရခြင်းဖြစ်ပြီး အချို့တွင် ကိုယ်ခန္ဓာ ခုတ်ထစ်ဖြတ်တောက်ထားခြင်းများ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ထားသည့် လက္ခဏာများ တွေ့ရှိရကြောင်း သိရသည်။

ရောဝတီ ၏ သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာလတွင်လည်း မကွေးတိုင်း၊ ယောကျေးရွာတွင် စစ်တပ်က အရပ်သား ၁၈ ဦးကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။ ဒေသခံတစ်ဦးက ပြောပြခဲ့ရာတွင် "အများစုက ခေါင်းကို အပစ်ခံရတယ်။ သူတို့ခေါင်းတွေက ကျိုးကျနေတယ်။ သူတို့ဦးနှောက်တွေက သစ်ပင်ပေါ်က ပြုတ်ကျတဲ့ သဘော်သီးမှည့်လို ကြေနေတယ်။" အသက် ၈၆ နှစ်အရွယ် အဖိုးအိုကို ကြိုးတုတ်လျက်သားတွေ့ရပြီး မသေမချင်း ရိုက်သတ်ထားပုံ ရသည်။

စက်တင်ဘာလကုန်ပိုင်းတွင် လွတ်လပ်သည့်အာရှအသံ သတင်းအရ လုံခြုံရေးတပ်ဖွဲ့များက ချင်းပြည်နယ် ထန်တလန်မြို့တွင် ကာကွယ်ရေးအဖွဲ့များ၏ တိုက်ခိုက်မှုတစ်ခုကို တုံ့ပြန်သည့်အနေဖြင့် နှစ်ခြင်းခရစ်ယာန် သင်းအုပ်ဆရာ ဆွန်ဘိုက်ဟမ်ကို ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ သူနှင့် အခြားဒေသခံများက လုံခြုံရေးတပ်များ ရှိ့ထားသည့်မီးကို ငြိမ်းရန်ကြိုးစားနေစဉ် ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။ သူ၏အလောင်းကို ပြန်ရချိန်တွင် သူ၏ လက်သူကြွယ်လက်ချောင်း ပြတ်နေပြီး လက်ထပ်လက်စွပ်ကို ခိုးယူသွားပုံရသည်။

ဒီဇင်ဘာလ ၅ ရက်နေ့တွင် စစ်လုံခြုံရေးတပ်ဖွဲ့များသည် ရန်ကုန်မြို့တွင် ဒီမိုကရေစီရေး တောင်းဆိုဆန္ဒပြသူများကို အကြမ်းဖက် နှိမ်နှင်းခဲ့သည်။ သတင်းပေးပို့ချက် အများအပြားအရ အသုံးပြုသည့်နည်းများတွင် လူအုပ်အတွင်း ရဲကားဖြင့် ဝင်တိုက်ခြင်းလည်းပါဝင်ပြီး လူ ၅ ဦးသေဆုံးကာ နောက်ထပ် ၁၅ ဦး ဒဏ်ရာရခဲ့သည်။

စစ်တပ်နှင့် EAOs များအကြား အကြမ်းဖက်မှုများ တိုးများလာပြီး ကလေး အများအပြား အကြမ်းဖက်မှုနှင့် တွေ့ကြုံလာရသည်။ အေအေပီပီ အစီရင်ခံချက်အရ စက်တင်ဘာလအတွင်း စစ်တပ်နှင့် EAO အကြားတိုက်ပွဲများကြောင့် ကလေး ၆၁ ဦး သေဆုံးခဲ့ရသည်။

ရှုပ်ပိုင်းဆိုင်ရာ မတရားပြုခြင်း၊ အပြစ်ပေးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း- ယင်းကဲ့သို့သော မတရားပြမှုမျိုးကို EAOs နှင့် PDFs တပ်ဖွဲ့များက လုပ်ဆောင်ကြောင်း သတင်းများ ရရှိသည်။ ဒီဇင်ဘာလတွင် *မြန်မာနှောင်း* သတင်းအရ စစ်တပ်သတင်းပေးများနှင့် စစ်တပ်ကို လိုလားသည်ဟု ယူဆသူများအား ပစ်မှတ်ထားကြောင်း သိရသည်။ ဧရန်လတွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ဝေါ်လေးအနီးတွင် စစ်တပ်ဒလန်ဟု ယူဆသူ ၂၅ ယောက်ကို ကရင်အမျိုးသားကာကွယ်ရေး တပ်သားများက သတ်ဖြတ်ခဲ့ပြီး အခြား ၂၂ ယောက်ကိုလည်း တစ်ပတ်ကြာ ဖမ်းဆီးချုပ်နှောင်ထားခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံး၏ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုဖြစ်သည့် ကရင်အမျိုးသားကာကွယ်ရေးတပ်မတော်မှ တပ်မှူးက အတည်ပြုပြောဆိုခဲ့သည်။

ကလေးစစ်သားများ- ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ *၂၀၂၁ ခုနှစ် ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ* တွင် စစ်တပ်နှင့် EAO အချို့(ကချင်လွတ်မြောက်ရေးတပ်မတော်၊ အေအေ၊ တအောင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်၊ ရှမ်းပြည်တပ်မတော်၊ အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော်) တို့အား တရားမဝင်

ကလေးစစ်သားစုဆောင်းအသုံးပြုသူများ စာရင်းတွင် ထည့်သွင်းဖော်ပြထားသည်။ PDF အဖွဲ့များနှင့် ပတ်သက်သည့် အချက်အလက်များ မရရှိပါ။ အဓမ္မလုပ်အားပေးစေခိုင်းခြင်းကိုသာမက ကလေးစစ်သားစုဆောင်း အသုံးပြုခြင်းကို ရပ်တန့်နိုင်ရေး အဓိကလုပ်ဆောင်နေသည့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှု ယန္တရားကို စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ထိရောက်စွာ အသုံးမပြုနိုင်ဘဲ အကန့်အသတ်ရှိနေသည်။ စစ်အာဏာရှင်များက သော်လည်းကောင်း EAO များက သော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်သူများကို အပြစ်ပေးအရေးယူကြောင်း ယုံကြည်ရသည့် အထောက်အထားများ မရှိပါ။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ *လူကုန်ကူးခြင်းဆိုင်ရာ အစီရင်ခံစာ* ကိုလည်း www.state.gov/trafficking-in-persons-report/ တွင်ကြည့်ပါ။

ပဋိပက္ခနှင့် ဆက်စပ်သော အခြား မတရားပြုမှုများ- ပြည်တွင်းမီဒီယာ သတင်းပေးပို့ချက် အများအပြားနှင့် ကုလသမဂ္ဂ၊ အန်ဂျီအိုများ၏ ပြောဆိုချက်များအရ စစ်အာဏာပိုင်များသည် လူသားချင်းစာနာထောက်ထားမှု၏ ဆေးကုသရေး ပစ္စည်းများ အပါအဝင် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ခြင်းနှင့် ကချင်၊ ချင်း၊ ကယား၊ ကရင်၊ တနင်္သာရီနှင့် ရှမ်းပြည်နယ်များ အပါအဝင် ပဋိပက္ခကြောင့် ထိခိုက်မှုရှိသည့် နေရာများသို့ နိုင်ငံတကာ လူသားချင်းစာနာမှု အဖွဲ့အစည်းများ သွားရောက်ခြင်းတို့ကို ကန့်သတ်ထားသည်။ HRW ၏ ဒီဇင်ဘာလ ၁၃ ရက်နေ့ ထုတ်ပြန်ချက်အရ စစ်အာဏာသိမ်းပြီးချိန်မှစပြီး လူသားချင်းစာနာမှုအကူအညီများအပေါ် စစ်အာဏာရှင်များ၏ ကန့်သတ်မှုများသည် "နိုင်ငံအနှံ့ လူသားချင်းစာနာမှု လုပ်ငန်းများအတွက် အလွန်ကြီးမားသော ပြဿနာ" ဖြစ်ပေါ်စေသည်ဟု ဆိုသည်။

ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအရ စစ်အာဏာမသိမ်းမီက စာနာမှုအကူအညီလိုအပ်သူ တစ်သန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၁၄.၄ သန်းအထိ မြင့်တက်သွားနိုင်သည်။ နိုဝင်ဘာလ ၈ ရက်နေ့ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် "စစ်တပ်၏ အုပ်ချုပ်ရေး ရုံးပြင်ကနားဆိုင်ရာ အဟန့်အတားများကြောင့် နိုင်ငံတဝန်းရှိ အကူအညီ အသည်းအသန် လိုအပ်နေသူများထံ ရောက်ရှိနိုင်ရန် အတွက် အလွန်တရာပင် အကန့်အသတ်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ စစ်တပ်သည် အိုးအိမ်မဲ့ပြည်သူများအတွက် ပေးပို့သည့် အစားအစာများကို သိမ်းယူပြီး "လူသားချင်းစာနာမှု ထောက်ပံ့ရေး လုပ်ဆောင်ချက်များကို ကူညီပေးနေသည်ဟု သံသယရှိသည့်" လူပုဂ္ဂိုလ်များအား ဖမ်းဆီးခဲ့ကြောင်း HRW က ဆက်လက်ဖော်ပြထားသည်။ လူသားချင်းစာနာမှု အဖွဲ့ဝင်များအတွက် ဗီဇာထုတ်ပေးခြင်းကို နှောင့်နှေးစေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းများလည်း ရှိသည်။ အောက်တိုဘာလ ယူနီဆက်ဖ၏ ထုတ်ပြန်ချက်တွင် "[စစ်အာဏာရှင်] ထံမှ ခရီးသွားခွင့်ရယူရန် လိုအပ်နေသည့် အချက်က အဓိက အတားအဆီးကြီးဖြစ်နေပြီး အကူအညီလိုအပ်နေသော လူထုထံ လက်လှမ်းမီနိုင်ရေးကြိုးပမ်းနေသည့် လူသားချင်းစာနာမှု ပူးပေါင်းလုပ်ဆောင်သူများအတွက် ကြီးမားလှသော ကန့်သတ်မှုကြီးဖြစ်ကြောင်း" ဖော်ပြထားသည်။

စစ်အာဏာရှင်များက အရပ်သားများအား လူသားအကာအကွယ်များ၊ ပေါ်တာများအဖြစ် အသုံးပြုခြင်းနှင့် အခြား ပံ့ပိုးမှုနေရာများတွင် အဓမ္မခိုင်းစေခြင်းများရှိကြောင်း သတင်းရရှိသည်။ စက်တင်ဘာလတွင် အမျိုးသမီးနှင့် ကလေးများ အပါအဝင် အရပ်သား ၃၀၀ ခန့်သည် စစ်လုံခြုံရေးတပ်ဖွဲ့များအတွက် စစ်တပ်ထောက်ပံ့ရေးတာဝန်များကို အဓမ္မ ခိုင်းစေခံခဲ့ရကြောင်း

ကရင်အမျိုးသားအစည်းအရုံးက ပြည်တွင်းသတင်းဌာနတစ်ခုကို ပြောဆိုခဲ့သည်။ စက်တင်ဘာလ ဒီမိုကရက်တစ် မြန်မာ့အသံ သတင်းထုတ်ပြန်ချက်တွင် ကချင်ပြည်နယ်၌ စစ်သား ၁၀၀ ကျော်က ရွာသား ၅ ယောက်ကို ပြန်ပေးဆွဲပြီး စစ်လုံခြုံရေးတပ်ဖွဲ့များ အတွက် လမ်းပြလုပ်ခိုင်းခဲ့သည်ဟု ဖော်ပြထားသည်။

စစ်အာဏာသိမ်းပြီးနောက် စက်တင်ဘာလအထိ ကျန်းမာရေးလုပ်သားများအား ၂၆၀ ကြိမ် တိုက်ခိုက်ခံခဲ့ရကြောင်း၊ ၎င်းသည် ယင်းနှစ်အတွင်း တကမ္ဘာလုံးတွင် ကျန်းမာရေးလုပ်သားများအား တိုက်ခိုက်မှုစုစုပေါင်း၏ ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသည်။ ဖေဖော်ဝါရီလ ဖြစ်ရပ်တစ်ခုမှာ ငြိမ်းချမ်းစွာ ဆန္ဒပြနေစဉ် ပစ်ခတ်ခံရသည့် ဒီမိုကရေစီထောက်ခံအားပေးသူများအား အရေးပေါ်ပြုစုကုသပေးသည့် ဆရာဝန်တစ်ဦးအား ရန်ကုန်မြို့တွင် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ဇူလိုင်လတွင် *ဧရာဝတီ* သတင်းဖော်ပြချက်အရ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ဆောင်နေသည့် ပရဟိတ ဆရာဝန် ၅ ဦးအား စစ်အာဏာရှင်များက အိမ်တစ်အိမ်သို့ လှည့်ဖျားခေါ်ယူပြီး ဖမ်းဆီးခဲ့ကြောင်း သိရသည်

အပိုင်း ၂။ အများပြည်သူ၏ လွတ်လပ်ခွင့်များအပေါ် လေးစားမှု

က။ သတင်းနှင့် အခြားမီဒီယာအဖွဲ့ဝင်များ အပါအဝင် လွတ်လပ်စွာ ပြောဆိုခွင့်

၂၀၀၈ ခုနှစ် အခြေခံဥပဒေက "နိုင်ငံသားတိုင်းသည် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသား ဖြန့်ဝေခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက်တွင် ထိုအခွင့်အရေးများကို

"နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဆန့်ကျင်ခြင်း မပြုဘဲ" ကျင့်သုံးရမည်ဟူသော ကျယ်ပြန့်၍ အဓိပ္ပာယ် နှစ်ခွထွက်သည့် သတိပေးချက်များ ပါဝင်သည်။ စစ်အာဏာသိမ်းပြီးနောက် စစ်အာဏာရှင်များသည် လွတ်လပ်စွာပြောဆိုခွင့်ကို လုံးဝပိတ်ပင်ဖြုတ်ခြင်းလိုက်သည်။

လွတ်လပ်စွာ ပြောဆိုခွင့်- လွတ်လပ်စွာ ပြောဆိုခွင့်ကို ပြင်းထန်စွာ ကန့်သတ်လိုက်သည်။ စစ်အာဏာရှင်ကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ပြောဆိုသူ သို့မဟုတ် အန်အယ်ဒီ၊ အန်ယူဂျီ သို့မဟုတ် ဒီမိုကရေစီအရေး လိုလားသူများသည် အာဏာပိုင်များ၏ မတရား အနိုင်ကျင့် အပြစ်ပေးမှု အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ် ရှိသည်။ ရခိုင်နှင့် ချင်းပြည်နယ် ဒေသအချို့တွင် မိုဘိုင်း အင်တာနက် ကန့်သတ်ခံရမှု တစ်နှစ်ပြည့် ဆန္ဒပြမှုအတွင်း အဝေးပြေးလမ်းမပေါ်တွင် နဖူးစီးစာတန်းချိတ်ဆွဲမှုဖြင့် ကဗျာဆရာ တက်ကြွလှုပ်ရှားသူ မောင်ဆောင်းခအား စက်တင်ဘာလ ၄ ရက်နေ့တွင် ဤဥပဒေ ပုဒ်မ ၁၉ နှင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ မောင်ဆောင်းခက ၁၅-ရက် ထောင်ဒဏ်အစား ငွေဒဏ် ကျပ် ၃၀,၀၀၀ (အမေရိကန်ဒေါ်လာ၂၂.၅၀) ကို ပေးဆောင်ရန် ရွေးချယ်ခဲ့သည်။

စစ်အာဏာရှင်များက ပုဂ္ဂလိက လွတ်လပ်မှုကာကွယ်ရေးဆိုင်ရာနှင့် နိုင်ငံသားလုံခြုံမှုဆိုင်ရာ ဥပဒေကို အသုံးပြု၍ ရပ်ကွက်များကို စီးန

င်းချိန်တွင် လူပုဂ္ဂိုလ်များ၏ ဆဲလ်ဖုန်းပါ အရာများကို စစ်ဆေးရေးဂိတ်များတွင် အာဏာပိုင်များအား စစ်ခွင့်ပေးထားသည်။ စစ်အာဏာပိုင်များသည် လူမှုအသိုင်းအဝိုင်းအတွင်း ဝေဖန်ပြောဆိုသူများကို ဖယ်ရှားရန်အတွက် ၎င်းတို့အား ပစ်မှတ်ထား၍ အကြမ်းဖက်ခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်ကြောင်း

သတင်းရရှိသည်။ စစ်အာဏာပိုင်များအပေါ် ဝေဖန်ပြောဆိုသူများအား အကြမ်းဖက်မှုများကို စစ်အာဏာမသိမ်းမီကလည်း အစွန်းရောက် ဗုဒ္ဓဘာသာ အမျိုးသားဝါဒီအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့များက လုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲချက်များ ရှိနေပြီး ယင်းအကြမ်းဖက်မှုများတွင် ကိုယ်လက်အင်္ဂါ ချိုးတဲ့စေခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ ပါဝင်သည်။ နိုင်ငံရေးအရ ထိရှလွယ်သော အကြောင်းအရာများကို ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့သူ ဒီမိုကရေစီရေး လှုပ်ရှားသူအများအပြားကို စစ်အာဏာပိုင်များက ခြိမ်းခြောက်ခဲ့သည်။ (အောက်ပါ "အင်တာနက်လွတ်လပ်ခွင့်" ကိုလည်း ကြည့်ပါ။)

ရန်ကုန်မြို့ရှိ ဒီမိုကရေစီရေး လှုပ်ရှားသူတစ်ဦးက အာဏာပိုင်များက သူ့အား ဖေဖော်ဝါရီလက စုံစမ်းစစ်ဆေးရေးဌာနသို့ ပို့ဆောင်နေစဉ်အတွင်း စစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရိုက်နှက်ခဲ့ကြောင်း သတင်းမီဒီယာ တစ်ခုနှင့် မေးမြန်းခန်းတွင် ပြောဆိုသည်။ အချုပ်ခန်း ပထမနေ့တွင် ရရှိထားသော ဒဏ်ရာများကြောင့် နောက်တစ်နေ့မနက်တွင် သူသည် အစာမစားနိုင်ပါ။ သူ့အား ရက်ပေါင်းများစွာ ညှဉ်းပန်းနှိပ်စက်ခဲ့ပြီးနောက် စစ်အာဏာပိုင်များက နှိပ်စက်ခြင်း မပြုပါကြောင်းစာတွင် လက်မှတ်ရေးထိုးမှသာ ပြန်လွှတ်ပေးခဲ့ကြောင်း သူက ပြောဆိုသည်။

အွန်လိုင်း မီဒီယာ အပါအဝင် သတင်းမီဒီယာအဖွဲ့ဝင်များနှင့် အခြား မီဒီယာများအတွက် လွတ်လပ်စွာပြောဆိုရေးသားခွင့်- စစ်အာဏာမသိမ်းမီက လွတ်လပ်သည့် သတင်းမီဒီယာအဖွဲ့များသည် တရားဝင်နှင့် တရားမဝင် ကန့်သတ်ချက်များ၊ စီးပွားရေး အကြပ်အတည်းများ၊ မသေချာမရေရာသော လုပ်ငန်းအနေအထားများ ရှိစေကာမူ

လုပ်ငန်းများ လည်ပတ်လုပ်ကိုင်နိုင်ခဲ့ကြသည်။ စစ်အာဏာသိမ်းပြီးနောက် သတင်းဌာန ၇၁ ခု ပိတ်လိုက်ရာတွင် နာမည်ကြီး ပြည်တွင်းမီဒီယာ၊ ဒေသန္တရ မီဒီယာ၊ တိုင်းရင်းသား မီဒီယာများမှစ၍ ဖေ့စ်ဘုတ် စာမျက်နှာလေးများအထိ ပါဝင်သည်။
စစ်အာဏာပိုင်များ၏ မီဒီယာဖြိုခွင်းမှုကြောင့် ဖမ်းဆီးခံရခြင်း၊ ချုပ်နှောင်ခံရခြင်း၊ အလုပ်လက်မဲ့ ဖြစ်ခြင်းနှင့် သတင်းထောက်၊ အယ်ဒီတာ၊ မီဒီယာဝန်ထမ်းများ အပါအဝင် လူ ၁,၀၀၀ ကျော် ပြည်ပသို့ ထွက်ခွာသွားရခြင်းများ ဖြစ်ပေါ် ခဲ့ပြီး ယင်းမှာ စစ်အာဏာမသိမ်းမီက စုစုပေါင်း မီဒီယာအဖွဲ့ဝင်များ၏ ၅၀ ရာခိုင်နှုန်းမျှ ဖြစ်သည်။
ဥပမာ - ကမာရွတ်မီဒီယာအဖွဲ့ဝင် နှစ်ဦး မတ်လတွင် ဖမ်းဆီးခံရပြီး တစ်ဦးကို ဇွန်လ ၁၅ ရက်နေ့တွင် လွှတ်ပေးသော်လည်း တစ်ဦးကို ယင်းနှစ်ကုန်အထိ ချုပ်နှောင်ထားဆဲ ဖြစ်သည်။ စစ်အာဏာပိုင်များက မန္တလေးတွင် အလွတ်သတင်းထောက်များကို ဖမ်းဆီးခဲ့ပြီး နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။ Eleven မီဒီယာနှင့် *Voice Daily* တို့သည် ကိုယ်ပိုင်ဆင်ဆာများ လုပ်၍ စစ်အာဏာရှင်အား ဝေဖန်ရေးသားမှုများကို ရှောင်ရှားခဲ့သည်။ *မြန်မာတိုင်းမ်* နှင့် *ယူနီယံ ဒေးလီး* တို့က ထုတ်ဝေမှု ရပ်စဲလိုက်ပြီး *ဧရာဝတီ*၊ *ဖရန့်တီယာ* နှင့် *မြန်မာနောင်း* တို့က အများအားဖြင့် နိုင်ငံပြင်ပမှ ဆက်လက်လုပ်ဆောင်သည်။

မေလတွင် စစ်အာဏာပိုင်များသည် နိုင်ငံတကာမှ သတင်းများကို ကန့်သတ်ရန်အတွက် ဂြိုဟ်တုစလောင်းများကို ပိတ်ပင်လိုက်သည်။ စစ်အာဏာပိုင်များက ရုပ်သံလိုင်း ၃ ခုကို ကြည့်ခွင့်ပြုထားသည် – နှစ်ခုမှာ ပြန်ကြားရေးဝန်ကြီးဌာနက စီမံထိန်းချုပ်မှုအောက်တွင် ရှိပြီး တစ်ခုကို စစ်တပ်က စီမံထိန်းချုပ်သည်။ ယခင် စစ်အစိုးရနှင့် နီးစပ်သော ပုဂ္ဂလိက ကုမ္ပဏီ နှစ်ခုကို ရုပ်မြင်သံကြားလိုင်း ၆ ခု ဆက်လက် ထုတ်လွှင့်ခွင့်ပြုထားသည်။ စစ်အာဏာရှင်များနှင့် ၎င်းတို့နှင့်

ချိတ်ဆက်နေသော စီးပွားရေးလုပ်ငန်းရှင်များက FM ရေဒီယို ၈ ခုကို စီမံထိန်းချုပ်ထားသည်။ ဩဂုတ်လတွင် အန်ယူဂျီက ရေဒီယို NUG ကို စတင်လိုက်ပြီး နေ့စဉ် မိနစ် ၃၀ ဖြင့် နှစ်ကြိမ် ဒီမိုကရေစီရေးရာ အကြောင်းအရာများကို ထုတ်လွှင့်သည်။

အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု- သတင်းထောက်များနှင့် အခြား မီဒီယာ ဝန်ထမ်းများသည် ၎င်းတို့၏ သတင်းပေးပို့ချက်များကြောင့် စစ်အာဏာရှင်များ၏ အကြမ်းဖက်ခြင်း၊ နှောက်ယှက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ခံရသည်။ AAPP ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် အနည်းဆုံး သတင်းထောက် ၉၅ ဦးသည် မတရားဖမ်းဆီးခံရပြီး နိုဝင်ဘာလ အထိ ၎င်းတို့ထဲမှ ထက်ဝက်ကျော်သည် ချုပ်နှောင်ခံထားရဆဲ ဖြစ်သည်။ စစ်အာဏာရှင်များက ဖမ်းဆီးချုပ်နှောင်ထားသည့် သတင်းထောက်များထဲတွင် အေပီ သတင်းဌာန၊ *ရောဝတီတိုင်းမ် သတင်း* နှင့် အခြား သတင်းဌာနများမှ သတင်းထောက် အများအပြား ပါဝင်သည်။ ဧပြီလ *New York Times* သတင်းတွင် သတင်းထောက်အများအပြားသည် "စာနယ်ဇင်း" ဟူသော စာတန်းပါ ဦးထုပ် သို့မဟုတ် အင်္ကျီများ ဝတ်ဆင်ခြင်း မပြုတော့ဘဲ ၎င်းတို့၏ အမည်သုံး၍ သတင်းထုတ်ပြန်ခြင်း၊ မိမိတို့၏ နေအိမ်များတွင် ညအိပ်ခြင်းများကိုလည်း မပြုလုပ်ကြတော့ကြောင်း ဖော်ပြထားသည်။ ဒီဇင်ဘာလ ၁၄ ရက်နေ့ ပြည်တွင်းမီဒီယာသတင်း အရ အလွတ်ဓာတ်ပုံသတင်းထောက်နှင့် ဂရပ်ဖစ် ဒီဇိုင်းနာ ကိုစိုးနိုင်သည် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် "အသံတိတ်သပိတ်" အကြောင်း သတင်းရယူနေစဉ် ဖမ်းဆီးခံရပြီး စစ်အာဏာပိုင်များ ထိန်းသိမ်းထားစဉ် သေဆုံးခဲ့သည်။ ကိုစိုးနိုင်သည် ကြမ်းတမ်းစွာ စစ်ဆေးမေးမြန်းခံရပြီးနောက် သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း သတင်းများရရှိပြီး

စစ်အာဏာသိမ်းပြီးနောက် စစ်အာဏာပိုင်များလက်တွင် ပထမဆုံး သေဆုံးခဲ့သည့် သတင်းထောက်ဖြစ်ကြောင်း မှတ်ယူရသည်။

အာဏာပိုင်များက ပိုလန် ဓာတ်ပုံသတင်းထောက် ရောဘတ် ဘော့စီယာဂါကို မတ်လ ၁၁ ရက်နေ့က ရှမ်းပြည်နယ်တွင် ဖမ်းဆီးခဲ့ပြီးနောက် ထိန်းသိမ်းရေးစခန်းတွင် ၁၃ ရက်ကြာ ချုပ်နှောင်ထားပြီး ပြည်နှင်ဒဏ်ပေးခဲ့သည်။

ဧပြီလတွင် အာဏာပိုင်များက ဂျပန်အလွတ်သတင်းထောက် ယူကီ ကီတာဆူမိအား ဒီမိုကရေစီရေးလှုပ်ရှားဆန္ဒပြမှုကို ထောက်ခံပံ့ပိုးသူအဖြစ် စွပ်စွဲပြီး ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ကိုတာဆူမိကို အာဏာပိုင်များက မေလတွင် ပြန်လွှတ်ပေးပြီး ပြည်နှင်ဒဏ်ပေးခဲ့သည်။

ဆင်ဆာလုပ်ခြင်း သို့မဟုတ် အကြောင်းအရာ ကန့်သတ်ခြင်း-

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဒီမိုကရေစီရေး လှုပ်ရှားမှုသတင်းများကို ကိုယ်ပိုင်ဆင်ဆာဖြတ်တောက်မှု မပြုသည့် လွတ်လပ်သည့် သတင်းမီဒီယာများကို စစ်အာဏာရှင်များက ပိတ်ပင်လိုက်သည်။ ထို့အပြင် သတင်းတွင် "စစ်အစိုးရ"၊ "စစ်အာဏာသိမ်းခြင်း"၊ "စစ်ကောင်စီ" ကဲ့သို့သော အခေါ်အဝေါ်များအား အသုံးမပြုရန် ပိတ်ပင်ခဲ့သည်။ *မြန်မာတိုင်းမ်* သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ၎င်း၏ထုတ်ဝေမှုကို ရပ်ဆိုင်းလိုက်သည်။ စစ်တပ်က အာဏာရယူမှုကို "စစ်တပ်အာဏာသိမ်းသည်" ဟု ရေးသားခြင်းမပြုရန်ဟူသော စစ်အာဏာရှင်များ၏ အမိန့်ကို လိုက်နာရန်ဆုံးဖြတ်ခဲ့သည့် သတင်းမီဒီယာအဖွဲ့အစည်း အုပ်ချုပ်ရေးပိုင်း၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ကန့်ကွက်သည့် အနေဖြင့် ၎င်း၏ ဝန်ထမ်းအများအပြားက နှုတ်ထွက်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။ မတ်လ ၈ ရက်နေ့တွင်

စစ်အာဏာပိုင်များက *မစ္စီမ၊ ဒီမိုကရက်တစ် မြန်မာ့အသံ၊ ခေတ်သစ် မီဒီယာ၊ မြန်မာနောင်း* နှင့် *ဆဲဗင်းဒေး သတင်း* တို့ကို မည်သည့်နည်းနှင့်မျှ အသံလွှင့်ခြင်း၊ အွန်လိုင်းမှ ထုတ်လွှင့်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း မပြုရန် ပိတ်ပင်လိုက်သည်။ ၎င်းမီဒီယာများအားလုံးသည် လူမှုရေးကွန်ရက်စာမျက်နှာများ အပါအဝင် ဆန္ဒပြမှုသတင်းများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ခဲ့ကြသည်။ စစ်အာဏာရှင်များက နောက်ပိုင်းတွင် တိုင်းရင်းသား သတင်းမီဒီယာ သုံးခုကိုလည်း လိုင်စင်ရုပ်သိမ်းခဲ့သည်- ကချင်ပြည်နယ်မှ *မြစ်ကြီးနားသတင်းဂျာနယ်*၊ ရှမ်းပြည်နယ်မှ တာချီလိတ်သတင်းအေဂျင်စီနှင့် အခြား သတင်းဌာန ၇၄ ခုတို့က ၎င်းတို့၏ လည်ပတ်မှုများကို ရပ်နားခဲ့သည်။

အသရေဖျက်မှု/ လုပ်ကြံအသရေဖျက်မှု ဥပေဒများ- စစ်အာဏာမသိမ်းမီ ကတည်းကပင် စစ်တပ်သည် လွတ်လပ်စွာ ပြောဆိုခွင့်ကို ကန့်သတ်ရန်အတွက် ဆက်သွယ်ရေးဥပဒေမှ ပြစ်မှုမြောက်သော အသရေဖျက်မှု ပုဒ်မတစ်ခုကို အသုံးပြုခဲ့သည်။ စစ်အာဏာသိမ်းပြီးသည့်နောက်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅ ကို အဓိက အသုံးပြုပြီး သတင်းထောက်များအား တရားစွဲဆိုခဲ့သည်။ ပဲခူးတိုင်းအတွင်း ဒီမိုကရေစီရေး တောင်းဆိုဆန္ဒပြမှုများကို သတင်းရယူခဲ့သည့်အတွက် မတ်လ ၃ ရက်နေ့က အဖမ်းခံခဲ့ရသော *ဒီမိုကရက်တစ် မြန်မာ့အသံ* ရေဒီယိုနှင့် ရုပ်သံကုမ္ပဏီမှ သတင်းထောက်တစ်ဦးသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ယင်းပုဒ်မဖြင့် ပထမဆုံး တရားစွဲဆိုခံရသူ ဖြစ်သည်။ သတင်းများအရ သူအား ဖမ်းဆီးစဉ်တွင် ကြမ်းတမ်းစွာ ရိုက်နှက်ခဲ့ပြီး အကြီးအကျယ် ဒဏ်ရာရခဲ့ကြောင်း သိရသည်။ မေလ ၃ ရက်နေ့တွင် သူ့အား ထောင်ဒဏ် ၃ နှစ် ချမှတ်လိုက်သည်။ ဇွန်လတွင် နောက်ထပ် သတင်းထောက် နှစ်ဦးအား ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။

သတင်းထောက်များကာကွယ်စောင့်ရှောက်ရေး ကော်မတီ CPJ ၏ ထုတ်ပြန်ချက်အရ သတင်းထောက် အနည်းဆုံး ၂၄ ဦးသည် ပိုမိုကျယ်ပြန့်သော ဥပဒေပုဒ်မ ၅၀၅၁ နှင့် စွဲချက်တင်ခံထားရပြီး ယင်းပုဒ်မတွင် "သတင်းများ" ဖြန့်ဝေခြင်းအတွက် ပြစ်ဒဏ်များ ပါဝင်သည်။

အမျိုးသားလုံခြုံရေး- စစ်အာဏာရှင်များက အချို့မီဒီယာဝေဖန်သူများအား အမျိုးသားလုံခြုံရေးနှင့် ဆိုင်သည့် ဥပဒေများ အသုံးပြုပြီး စွဲဆိုနေသော်လည်း သာမန်အားဖြင့် စစ်အာဏာရှင်များသည် ၎င်းတို့အား ဝေဖန်သူများအား အခြားနည်းလမ်းများသုံးပြီး စွဲဆိုလေ့ရှိသည်။ စစ်အာဏာရှင်များသည် အန်ယူဂျီ၊ ၎င်းနှင့် ဆက်စပ်နေသည့် ဒီမိုကရေစီအရေး လှုပ်ရှားနေသည့် အဖွဲ့များအား အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် သတ်မှတ်သည်။ သို့သော် နိုဝင်ဘာလ အချိန်အထိ ၎င်း၏အဖွဲ့ဝင်များအား အကြမ်းဖက် ပုဒ်မများဖြင့် ဖမ်းဆီး သို့မဟုတ် ရုံးတင်စစ်ဆေးခြင်း မရှိသေးပါ။

အင်တာနက်လွတ်လပ်ခွင့်

စစ်အာဏာရှင်များသည် အွန်လိုင်းအကြောင်းအရာများကို စောင့်ကြည့်၍ ဆင်ဆာဖြတ်တောက်ခြင်း၊ အင်တာနက်သို့ဝင်ရောက်မှုကို ကန့်သတ်ခြင်းနှင့် အွန်လိုင်းတွင် ဝေဖန်ရေးသားမှုများကို အပြစ်ပေးအရေးယူခြင်းများ ပြုလုပ်သည်။ စစ်အာဏာမသိမ်းမီ ကတည်းကပင် ဆက်သွယ်ရေးဥပဒေတွင် ကျယ်ပြန့်သော ပြဋ္ဌာန်းချက်များပါဝင်ပြီး "လူထုအကျိုးစီးပွားအတွက်" အကြောင်းအရာများကို ယာယီပိတ်ဆို့ခြင်း၊ စစ်ထုတ်ခြင်းများ လုပ်ဆောင်နိုင်ရန် အစိုးရအား အခွင့်အာဏာပေးထားသည်။ Freedom House ၏ အဆိုအရ စစ်အာဏာရှင်၊

စစ်တပ်နှင့် စစ်တပ်လိုလားသော အုပ်စုများသည် စစ်အာဏာရှင်ဆန့်ကျင်သည့် အကြောင်းအရာများနှင့် ဒီမိုကရေစီရေးဆိုင်ရာ အကြောင်းအရာများကို ဖယ်ရှားရန် အသုံးပြုသူများအား ဖိအားပေးခဲ့သည်။ မြန်မာနိုင်ငံ ဥပဒေတွင် အကြောင်းအရာများကို အတင်းအကြပ် ဖယ်ရှားရန် သို့မဟုတ် တစ်ဆင့်ခံ ထုတ်လွှင့်တင်ဆက်မှုကို တာဝန်ယူရန်ဟူသော ပြဋ္ဌာန်းချက်များ မပါဝင်သော်လည်း အချို့သော ပြဋ္ဌာန်းချက်များသည် အလွန် ကျယ်ပြန့်ပြီး မသဲကွဲသည့်အတွက် ၎င်းဥပဒေကို အသုံးပြုပြီး အကြောင်းအရာများကို အတင်းအကြပ် ဖယ်ရှားရန်အတွက် အသုံးပြုနိုင်သည်။ စစ်အာဏာပိုင်များသည် အင်တာနက်အသုံးပြုသူများကို အကြောင်းအရာများ ဖယ်ရှားစေရေး ဖိအားပေးရန်အတွက် ဥပဒေပါ အခြား ပြစ်မှုဆိုင်ရာ အပိုင်းများကို အသုံးပြုခြင်း သို့မဟုတ် ယင်းသို့သုံးရန် ခြိမ်းခြောက်ခြင်းများ ပြုလုပ်သည်။

အသုံးပြုသူများက အမည်မဖော်ဘဲ ဆက်သွယ်ခြင်းများ မပြုနိုင်ရန် အတွက် စစ်အာဏာရှင်များက အသုံးပြုသူ ဆင်းမ်ကတ်အားလုံးကို စာရင်းသွင်းမှတ်ပုံတင်စေသည်။ စာရင်းသွင်းမှာယူသူများသည် ၎င်းတို့၏ အမည်၊ အမျိုးသားမှတ်ပုံတင် စာရွက်စာတန်း၊ မွေးနေ့၊ လိပ်စာ၊ နိုင်ငံသား၊ ကျား/မ တို့ကို ဆင်းမ်ကတ်မှတ်ပုံတင်ရန်အတွက် ရေးသွင်းရပြီး နိုင်ငံသားမဟုတ်သူများက သူတို့၏ နိုင်ငံကူးလက်မှတ်များကို တင်ပြရသည်။ ဆက်သွယ်ရေးကုမ္ပဏီများက အချို့စာရင်းသွင်းမှာယူသူများထံမှ သတ်မှတ်ချက်များထက်ပို၍ ၎င်းတို့၏ လူမျိုးကိုပါ ရေးသွင်းစေကြောင်း သတင်းများရရှိသည်။

ဆက်သွယ်ရေးနှင့် အင်တာနက် စောင့်ကြည့်မှုသည် နိုင်ငံသားများအား

အကြမ်းဖက်ဖြိုခွင်းမှုများကို ပံ့ပိုးပေးနေသည်ဆိုသော စွပ်စွဲမှုများရှိနေပြီး ယင်းဖြိုခွင်းမှုများတွင် အွန်လိုင်းနှင့် ပြင်ပတွင် လုပ်ဆောင်မှုများအတွက် လက်စားခြေသည့်အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ပျောက်ဆုံးစေခြင်းများလည်း ပါဝင်သည်။

ဖေဖော်ဝါရီလအတွင်း ဆန္ဒပြမှုများတွင် လူမှုကွန်ရက်သည် ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူ ခေါင်းဆောင်များအတွက် အစီအစဉ်ပြုလုပ်ရန်၊ ဒီမိုကရေစီရေးလှုပ်ရှားမှုတွင် ပံ့ပိုးပါဝင်ရေး လှုံ့ဆော်ရန်တို့အတွက် အရေးပါလှသော နည်းလမ်း ဖြစ်သည်။ ယင်းလတွင် စစ်အာဏာရှင်များသည် ဒီမိုကရေစီ တောင်းဆိုဆန္ဒပြသော အဖွဲ့များ အသုံးပြုကြသည့် ဖေ့စ်ဘုတ်၊ တွစ်တာကဲ့သို့သော လူမှုကွန်ရက် ဝဘ်ဆိုက်များကို ဆင်ဆာပြုလုပ်ခဲ့သည်။ စစ်အာဏာသိမ်းပြီးချိန်ကစပြီး စစ်အာဏာရှင်ဆန့်ကျင်ရေး အကြောင်းအရာကို ပို့စ်တင်သည့် သို့မဟုတ် ဥပမာ-အန်ယူဂျီကို ကုလသမဂ္ဂတွင် အသိအမှတ်ပြုရေး ထောက်ခံအားပေးသည့် ပရိုဖိုင်းပုံအသုံးပြုသည့် ဖေ့စ်ဘုတ်အသုံးပြုသူများအား စစ်အာဏာရှင်များက ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ အောက်တိုဘာလအတွင်းက ထုတ်ပြန်ချက်တွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ ဓာတ်ပုံပေါ်သို့ လူတစ်ယောက်က တက်နင်းနေသောပုံကို ဖေ့စ်ဘုတ်တွင် ပို့စ်တင်ထားသည့် ဒီမိုကရေစီရေးထောက်ခံသူ တစ်ဦးအား ရန်ကုန်မြို့နေအိမ်တွင် စစ်အာဏာရှင်များက ဖမ်းဆီးခဲ့ကြောင်း ဖော်ပြထားသည်။ အာဏာပိုင်များသည် ဒီမိုကရေစီရေး ဦးဆောင်နေသူများ၏ ဖေ့စ်ဘုတ်၊ တွစ်တာနှင့် အခြား စာမျက်နှာများတွင် လိုက်ပါကြည့်ရှုသူများကိုလည်း ဖမ်းဆီးထိန်းသိမ်းကြောင်း သတင်းရရှိသည်။ အွန်လိုင်းသတင်းစာမျက်နှာများဖြစ်သည့် ဘီဘီစီ၊

စင်ကာပူအခြေစိုက် စီအန်အေနှင့် စီအန်အန်တို့ကိုလည်း စစ်အာဏာသိမ်းပြီးချိန်တွင် ပိတ်ပင်ခံရသည်။ လူအများစုသည့် လွတ်လပ်သည့် အွန်လိုင်းသတင်းများသို့ ဝင်ရောက်ရန် ပုဂ္ဂလိကအွန်လိုင်းကွန်ရက်များကို အမှီပြုနေရသည်။

အင်တာနက်ဖြတ်တောက်ခြင်းကို လေ့လာစောင့်ကြည့်နေသည့် လန်ဒန်အခြေစိုက် နက်ဘလောက် (Netblocks) က သတင်းထုတ်ပြန်ရာတွင် စစ်အာဏာသိမ်းပြီး နောက်ပိုင်းရက်များ၌ "လုံးဝနီးပါး အင်တာနက်ဖြတ်" ခဲ့ပြီး ချိတ်ဆက်မှုသည် ပုံမှန်အဆင့်၏ ၁၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ဖော်ပြထားသည်။ အင်တာနက်ချိတ်ဆက်မှုသည် နောက်ပိုင်းတွင် အတော်များများ ပြန်ရလာသော်လည်း တစ်ခါတစ်ရံတွင်မူ နိုင်ငံအနှံ့ ပစ်မှတ်ထား၍ ဖြတ်တောက်မှုများက ဆက်လက်ဖြစ်ပေါ်နေသည်။ ဥပမာ- စက်တင်ဘာလ ၁၅ ရက်နေ့ *ဧရာဝတီ* သတင်းအရ စစ်အာဏာရှင်များက စစ်ကိုင်းနှင့် မန္တလေးတိုင်းရှိ မြို့နယ်အတော်များများတွင် အင်တာနက် ဖြတ်တောက်ခဲ့သည်။ ယင်းနေရာများတွင် PDF အမာခံရှိသည်ဟု ယူဆရသည်။

မေလအတွင်း မီဒီယာသတင်းပေးပို့ချက်များအရ စစ်အာဏာရှင်များသည် အတည်ပြုထားသည့် ပြည်တွင်း အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့် ဆက်သွယ်ရေးကုမ္ပဏီများ၏ ဝဘ်ဆိုက် အနည်းဆုံး ၁,၂၀၀ ကို "ကင်းလွတ်စာရင်း" အဖြစ် ထုတ်ဝေခဲ့သည်။ အတည်ပြုထားသော "ကင်းလွတ်စာရင်း" တွင် ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍမှ ကုမ္ပဏီ ၅၀ ခန့်၊ ပို့ဆောင်ရေးဝန်ဆောင်မှု ၂၀ ကျော်၊ ဖျော်ဖြေရေးဝဘ်ဆိုက် ၆၀ ကျော်ပါဝင်ပြီး အင်စတာဂရမ်၊ ယူကျူး၊ နက်ဖလစ်နှင့် တင်းဒါးတို့လည်း ပါဝင်သည်။ ကင်းလွတ်စာရင်း၌ သီးခြားညွှန်းဆိုထားရာတွင်

အချို့လူမှုကွန်ရက် ဝဘ်ဆိုက်များအား "လုပ်ငန်းသုံးအတွက် ဖောက်သည်အများအပြားက အသုံးပြု" ပါက ခွင့်ပြုမည့်အကြောင်း ဖော်ပြထားသည်။

စစ်အာဏာသိမ်းပြီးနောက်တွင် ဒီမိုကရေစီရေး လှုပ်ရှားမှုကို ထိန်းချုပ်နိုင်ရန်အတွက် စစ်အာဏာရှင်များက နှစ်ကြိမ်တိုင်တိုင် နိုင်ငံအနှံ့ အင်တာနက် လုံးဝဖြတ်တောက်ခဲ့ပြီး ယင်းနောက်ပိုင်းတွင်လည်း ကာလအတော်ကြာအထိ ညစဉ်ညတိုင်း အင်တာနက် ဖြတ်တောက်ထားခဲ့သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ အပါအဝင် အတိုက်အခံများရှိရာနေရာများကို ထိန်းချုပ်နိုင်ရန်အတွက် စစ်အာဏာရှင်များက အင်တာနက်ဖြတ်တောက်သည့်နည်းကို ပုံမှန် အသုံးပြုခဲ့သည်။
ဤလုပ်ဆောင်ချက်များကြောင့် နေ့စဉ်လုပ်ငန်းများ လည်ပတ်လှုပ်ရှားမှုနှင့် စားသုံးသူတို့၏ ဝယ်ယူမှုများအတွက် အဟန့်အတား ဖြစ်စေခဲ့သည်။ စစ်တပ်က အင်တာနက် ဖြတ်တောက်မှု၊ လူမှုကွန်ရက်ကို ပိတ်ဆို့မှုနှင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထိန်းချုပ်မှုပါဝါ ရယူနိုင်ရန်အတွက် နည်းပညာဆိုင်ရာ ကုမ္ပဏီများအား ပုဂ္ဂလိက အချက်အလက် ဒေတာများ လွှဲပေးရန် ဖိအားပေးခဲ့ခြင်းတို့ကြောင့် Freedom House အန်ဂျီအိုက ၎င်း၏ *၂၀၂၁ အင်တာနက်ပေါ်မှ လွတ်လပ်ခွင့်* အစီရင်ခံစာတွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းကို ပြင်းထန်စွာ ဝေဖန်ရေးသားခဲ့သည်။ Freedom House ၏ အစီရင်ခံစာ၏ အင်တာနက်လွတ်လပ်ခွင့် အညွှန်းတွင် ၁၄ မှတ် ကျဆင်းသွားကြောင်း မှတ်တမ်းတင်ထားပြီး ၎င်းသည် မှတ်တမ်းများထဲတွင် အကြီးမားဆုံးသော ကျဆင်းမှုဖြစ်သည်။

ပညာရေး လွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှုရေးရာ အခမ်းအနားများ

စစ်အာဏာရှင်များသည် ပညာရေးလွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှု ရေးရာ အခမ်းအနားများကို ကန့်သတ်ထားသည်။ ဒီမိုကရေစီရေး ထောက်ခံအားပေးသူ ကျောင်းသားများနှင့် ဆရာများအပေါ် စစ်အာဏာရှင်များ၏ ဖိနှိပ်ဖြိုခွင်းမှုသည် တစ်နိုင်ငံလုံးရှိ ကျောင်းနှင့် တက္ကသိုလ် ပရဝဏ် အနည်းဆုံး ၆၀ ကို ထိခိုက်ခဲ့သည်။ တက္ကသိုလ်ဝန်ထမ်းများကို အလုပ်ထုတ်ခြင်း၊ ဖမ်းဆီးခြင်းများရှိပြီး CDM အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့သောကြောင့် လူများ ထောင်နှင့်ချီ၍ ရာထူးမှ ဆိုင်းငံ့ခံခဲ့ရသည်။ မေလ *၈ရာ၀တီ* သတင်းအရ အဆင့်မြင့်ပညာရေးဌာနမှ အရာရှိ ၁၄ ဦး အပါအဝင် ဆန္ဒပြသူ ဝန်ထမ်း ၄၁ ဦးကို စစ်အာဏာရှင်၏ ပညာရေးဝန်ကြီးဌာနက အလုပ်မှ ထုတ်ပယ်ခဲ့သည်။ စစ်အာဏာသိမ်းပြီးချိန်မှစ၍ စစ်အာဏာရှင်က ပစ်မှတ်ထားခံရသည့် ပညာရေးဝန်ထမ်းများထံမှ အကူအညီတောင်းခံမှု အများအပြား ရရှိထားကြောင်း နိုင်ငံတကာပညာရှင်များ ကူညီကယ်တင်ရေး ရံပုံငွေအဖွဲ့က ပြောဆိုသည်။ စစ်အာဏာရှင်များသည် ရုပ်ရှင်ရိုက်ကူးသူများ၊ စာရေးဆရာများ၊ အဆိုတော်များနှင့် သရုပ်ဆောင်များ အပါအဝင် ထင်ရှားသည့် ဒီမိုကရေစီရေး လှုပ်ရှားသူ အနုပညာရှင်များကိုလည်း ပစ်မှတ်ထားခဲ့သည်။ ဝဿန် ရုပ်ရှင်ပွဲတော် စီစဉ်သူများက မတ်လတွင် ရုပ်ရှင်အနုပညာရှင်၊ ကာတွန်းဆရာများ၊ လူရွှင်တော်များ၊ သရုပ်ဆောင်များ၊ စာရေးဆရာများ၊ ကဗျာဆရာများကိုယ်စား ကြေညာချက်တစ်စောင် ထုတ်ပြန်ပြီး ကမ္ဘာလုံးဆိုင်ရာ ဖန်တီးသူများ ကွန်မြူနတီအား လူထုနှင့် တသားတည်း ရပ်တည်ကြောင်း ပြသရန် တိုက်တွန်းလိုက်သည်။

နိုဝင်ဘာလ *မြန်မာနောင်း* သတင်းအရ မန္တလေးတိုင်းအတွင်း CDM အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ ကျောင်းဆရာတစ်ဦးသည် ဖမ်းဆီးခံရပြီး နာရီပိုင်းအတွင်း သေဆုံးခဲ့သည်။ "သူ့ကို စစ်ဆေးနေတုံးမှာ သေသွားတယ်လို့ပဲ ကျွန်တော်တို့ကို ပြောတယ်...မျက်နှာကလွဲလို့ တကိုယ်လုံးကိုလည်း ထုတ်ပိုးထားတယ်။" ဟုအသက် ၄၀ အရွယ် အထက်တန်းကျောင်းဆရာ၏ မိတ်ဆွေက ပြောပြသည်။

ခ။ ငြိမ်းချမ်းစွာ စုရုံးခြင်းနှင့် အသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ လွတ်လပ်ခွင့်များ

စစ်အာဏာရှင်များသည် ငြိမ်းချမ်းစွာ စုရုံးခြင်းနှင့် အသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ လွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ချယ်ထားသည်။

ငြိမ်းချမ်းစွာစုရုံးမှုဆိုင်ရာ လွတ်လပ်ခွင့်

စစ်အာဏာသိမ်းပြီးနောက် အစပိုင်းရက်များတွင် လူထောင်ပေါင်းများစွာသည် လမ်းမပေါ်တွင် စစ်အာဏာသိမ်းမှုကို ငြိမ်းချမ်းစွာ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စစ်အာဏာရှင်များသည် ညမထွက်ရ အမိန့်ထုတ်ပြန်ပြီး လူစုလူဝေး၏ အရေအတွက်ကို ကန့်သတ်ခဲ့သည်။ နိုင်ငံအနှံ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို ၎င်းနည်းအားဖြင့် ပိတ်ပင်ခဲ့သော်လည်း ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ် ခဲ့သည်။ စစ်လုံခြုံရေးတပ်ဖွဲ့များက ဆန္ဒပြသူများအား ပိုမိုပြင်းထန်သော အကြမ်းဖက်မှုနှင့် သေစေနိုင်သော အင်အားများကို အသုံးပြုခဲ့သည်။ ပြည်တွင်းသတင်းမီဒီယာ

သတင်းများအရ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ခြိမ်းခြောက်ဖိနှိပ်နေသည့်ကြားကပင် ယခု နိုဝင်ဘာလအချိန်အထိ နိုင်ငံအနှံ့ အသေးစား ဒီမိုကရေစီရေး လှုပ်ရှားဆန္ဒပြမှုများက ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။

အသင်းအပင်း လွတ်လပ်စွာ ဖွဲ့စည်းခွင့်

စစ်အာဏာရှင်များသည် အသင်းအပင်း လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ကန့်သတ်ထားသည်။ အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေက ပြည်တွင်း အန်ဂျီအိုများအား ဆန္ဒအလျောက် မှတ်ပုံတင်ရန် ပြဋ္ဌာန်းထားပြီး လိုက်နာမှုမရှိသည့်အတွက် ပြစ်ဒဏ်များကို ပြည်တွင်းနှင့် နိုင်ငံတကာ အန်ဂျီအို နှစ်ခုစလုံးအတွက် ပယ်ဖျက်ထားသည်။ စစ်အာဏာမသိမ်းမီတွင် ဤဥပဒေအရ နိုင်ငံခြားရန်ပုံငွေ လက်ခံသော အန်ဂျီအိုများသည် အစိုးရထံ မှတ်ပုံတင်ရန် လိုအပ်သည်ဟု အစိုးရက သတ်မှတ်ထားခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပြည်တွင်းနှင့် နိုင်ငံတကာ အန်ဂျီအိုများအားလုံး၏ နိုင်ငံခြားရန်ပုံငွေ လက်ခံရရှိမှုကို သတင်းပို့ရန် စစ်အာဏာရှင်များက ဘဏ်များကို ညွှန်ကြားထားသည်။

ဂ။ ဘာသာရေးလွတ်လပ်ခွင့်

နိုင်ငံခြားရေးဝန်ကြီးဌာန၏ *အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာ* ကို www.state.gov/religiousfreedomreport/ တွင် ကြည့်ပါ။

ဃ။ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့်နှင့် နိုင်ငံမှ ထွက်ခွာခွင့်

နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာခြင်း၊ နိုင်ငံခြားသို့ ခရီးသွားခြင်း၊

နိုင်ငံပြောင်းရွှေ့နေထိုင်ခြင်းနှင့် မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းတို့၏ လွတ်လပ်ခွင့်ကို ဥပဒေက ကာကွယ်ပေးခြင်း မရှိပါ။ ဒေသန္တရစည်းမျဉ်းဥပဒေများက နိုင်ငံသားများ၏ နိုင်ငံအတွင်း မည်သည့်နေရာတွင် မဆို အခြေချနေထိုင်ခွင့်ကို ကန့်သတ်ထားသည်။ နိုင်ငံခြားသားများ၏ ရွှေ့ပြောင်းသွားလာမှုများကို မှတ်ပုံတင်ရန် တာဝန်ခံအရာရှိများက တောင်းဆိုနိုင်ပြီး နိုင်ငံခြားသားများ၏ ၂၄ နာရီထက်ကျော်လွန်သော ယာယီနေရပ်လိပ်စာ ပြောင်းလဲမှုတိုင်းအတွက် မှတ်ပုံတင်ရန် လိုအပ်သည်။

နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာမှု- ဒေသဆိုင်ရာ၊ နယ်မြေဆိုင်ရာ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များက လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခြင်းကို ကန့်သတ်ထားသည်။ စစ်အာဏာသိမ်းပြီးနောက်တွင် လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့် ကန့်သတ်မှုများကို စစ်အာဏာရှင်များက တိုးမြှင့်လိုက်သည်။ ပြည်တွင်းသတင်းများအရ စစ်လုံခြုံရေးတပ်ဖွဲ့များသည် လမ်းများပိတ်ဆို့ခြင်း၊ ကိုယ်ပိုင်ကားများနှင့် အဌားယာဉ်များကို ရှောင်တခင် ရှာဖွေခြင်းများပြုလုပ်ကြောင်း သိရသည်။ ရန်ကုန်နှင့် အခြား မြို့အတော်များများတွင်လည်း ညစဉ် ညမထွက်ရအမိန့်ဖြင့် လူပ်ရှားသွားလာမှုများကို ကန့်သတ်ထားပြီး ဧည့်သည်များအားလုံးသည် ရပ်ကွက် အုပ်ချုပ်ရေးရုံး၌ ဧည့်စာရင်းတိုင်ရန် အမိန့်ကို ပြန်လည် အသက်သွင်းခဲ့သည်။ ပြည်တွင်းသတင်းများ ဖော်ပြချက်များအရ စစ်အာဏာရှင်များသည် အရေးပေါ်ဆေးရုံကားများကို သိမ်းယူခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများတွင် ညမထွက်ရအမိန့်ကို မလိုက်နာသော ကျန်းမာရေးဝန်ထမ်းများအား ခြိမ်းခြောက် အနှောင့်အယှက်ပေးကြကြောင်း သိရသည်။ စစ်တပ်နှင့် ပဋိပက္ခများ တိုးမြင့်လာသဖြင့်

အန်ယူဂျီနှင့် EAO များက အရေးပေါ်အခြေအနေတွင်သာ ခရီးသွားလာကြရန် လူထုကို သတိပေးထားသည်။ ဥပမာ - စက်တင်ဘာလအတွင်း ည ၇ နာရီနောက်ပိုင်း အပြင်မထွက်ကြရန်၊ မဖြစ်မနေ ကိစ္စရပ်များမှလွဲ၍ တောတွင်း အမဲမလိုက်ကြရန် သို့မဟုတ် တောတွင်းသို့ သွားရောက်ခြင်း မပြုကြရန်နှင့် သွားလာချိန်တွင် အထူးသတိရှိကြရန် ဒေသခံများကို ထန်တလန် တော်လှန်ရေး လှုံ့ဆော်မှုက အကြောင်းကြားခဲ့သည်။ ကိုဗစ်-၁၉ လျော့ပါးရေးဆိုင်ရာ စည်းမျဉ်းများကလည်း လှုပ်ရှားသွားလာမှုများကို ကန့်သတ်ထားပါသည်။

ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများ ရွှေ့ပြောင်းသွားလာခွင့်အတွက် ကန့်သတ်ချက်များသည် မပြောင်းမလဲ ရှိနေပါသည်။ ရိုဟင်ဂျာများသည် လွတ်လပ်စွာ သွားလာ၍ မရနိုင်ပါ။ ၎င်းတို့၏ မြို့နယ်မှ ထွက်ခွာရန်အတွက် ခရီးသွားခွင့် လိုအပ်ပါသည်။ စစ်အာဏာမသိမ်းမီက စည်းမျဉ်းများအရ ရိုဟင်ဂျာများသည် စာရွက်စာတမ်းမလိုဘဲ ခရီးသွားခြင်း၊ မိမိတို့ အိမ်များသို့ ပြန်လာခြင်းများကို မည်သည့် လူဝင်မှုဆိုင်ရာ စွဲဆိုမှုများကိုမျှ ရင်ဆိုင်စရာမလိုဘဲ လုပ်ဆောင်နိုင်ကြသည်။ စစ်အာဏာသိမ်းပြီးနောက်တွင် စစ်တွေနှင့် ကျောက်တော်တွင် ခွင့်ပြုချက်မရှိဘဲ ခရီးသွားလာသည့် ရိုဟင်ဂျာများကို ဥပဒေအရ ပြန်လည်အရေးယူမည့် ညွှန်ကြားချက်ကို အထွေထွေ စီမံအုပ်ချုပ်ရေး ဌာနက ထုတ်ပြန်ခဲ့သည်။

နိုင်ငံခြားသို့ ခရီးသွားခြင်း ဒီမိုကရေစီရေး ထောက်ခံသူများ၏ နိုင်ငံခြားခရီးသွားခြင်းကို စစ်အာဏာရှင်များက ကန့်သတ်လိုက်ပြီး ပိုမိုစောင့်ကြပ်ကြည့်ရှုရေး စီမံချက်ကို တိုးမြှင့်ခဲ့သည်။ မေလ ၁၃ ရက်နေ့ တရားဝင်ထုတ်ပြန်သည့် အမိန့်အရ "မြန်မာနိုင်ငံမှ ထွက်ခွာမည့် ခရီးစဉ်အတွက် လက်မှတ်မှာယူမှုများကို ခရီးမထွက်မီ အနည်းဆုံး ၁၀

ရက်ကြိုတင်လုပ်ဆောင်ရမည်ဖြစ်ပြီး ၎င်းတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနအား ပေးပို့ရန် အာဏာပိုင်များသည် လေကြောင်းလိုင်းများအား ညွှန်ကြားထားသည်။" စစ်အာဏာရှင်များသည် ဒီမိုကရေစီရေး ထောက်ခံအားပေးသူများ၏ နိုင်ငံကူးလက်မှတ်များကို ဖျက်သိမ်းခြင်း၊ သို့မဟုတ် ထုတ်ပေးရန် ငြင်းဆိုခြင်းများရှိကြောင်း သတင်းရရှိသည်။ ဒီမိုကရေစီရေး ဦးဆောင်လှုပ်ရှားသူ အများအပြားကို အရေးယူထားကြောင်း ထိုင်းနှင့် အိန္ဒိယနိုင်ငံများရှိ သံတမန်အသိုင်းအဝိုင်းအား စစ်အာဏာရှင်များက အကြောင်းကြားခဲ့သည်။ ဒီမိုကရေစီရေး ထောက်ခံအားပေးသူ အများအပြားသည် လေကြောင်းဖြင့် နိုင်ငံမှထွက်ခွာရန် ကြိုးစားပါက ၎င်းတို့၏ ဘေးကင်း လုံခြုံရေးအတွက် စိုးရိမ်ကြောင်း ပြောဆိုကြသည်။ အန်အယ်ဒီ အဖွဲ့ဝင်နှင့် ဆွေမျိုးတော်စပ်သူတစ်ဦးသည် လေယာဉ်ပေါ်တက်ခွင့် ငြင်းပယ်ခံခဲ့ရသည်။ ကိုဗစ်-၁၉ လျော့ပါးရေးဆိုင်ရာ စည်းမျဉ်းများကလည်း နိုင်ငံခြားခရီးစဉ်ကို အကန့်အသတ်ဖြစ်စေသည်။

၈။ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ အခြေအနေနှင့် ၎င်းတို့အပေါ် ပြုမူဆက်ဆံမှု

စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်သည့် အကြမ်းဖက်မှုများကြောင့် ဒီဇင်ဘာလ ၁၇ ရက်နေ့အချိန်အထိ ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs) ၂၉၆,၀၀၀ ခန့် မကြာသေးမီက ထပ်မံရောက်ရှိလာကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ ခန့်မှန်းထားသည်။ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ ၁ ရက်နေ့

စာရင်းများအရ စုစုပေါင်း ပြည်တွင်းနေရပ်စွန့်ခွာသူ ၆၆၆,၀၀၀ ဦးရှိသည်။ ဗဟိုအစိုးရနှင့် တိုင်းရင်းသားများအကြား ဆယ်စုနှစ်များစွာ ရှည်ကြာခဲ့သည့် ပဋ္ဌိပက္ခသည် စစ်အာဏာသိမ်းခြင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပိုမိုဆိုးရွားလာပြီး တိုင်းရင်းသားအများစု နေထိုင်သည့် ဒေသများတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူ အများအပြား ရှိလာသည်။

ကုလသမဂ္ဂ၏ ဇွန်လပိုင်းခန့်မှန်းချက်အရ ကယားပြည်နယ် တစ်ခုထဲမှာပင် လူ ၁၀၀,၀၀၀ ကျော်သည် တိုက်ပွဲများမှ ထွက်ပြေးခဲ့ကြရပြီး အစာရေစာငတ်မွတ်သည့် ဘေးနှင့် ရင်ဆိုင်နေရသည်။ *မြန်မာနောင်း* ၏ ဇွန်လ ၁၆ ရက်သတင်းအရ ကရင်နီအမျိုးသားကာကွယ်ရေးတပ်မတော်က ပိုမိုကြီးမားလာသော အကြပ်အတည်းများကြောင့် စစ်တပ်နှင့် တိုက်ခိုက်မှု ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

စစ်အာဏာရှင်များက လူသားချင်းစာနာထောက်ထားမှု အကူအညီများကို စနစ်တကျ ပိတ်ဆို့ထားခဲ့သည်။ ဇွန်လ ပြည်တွင်းမီဒီယာ သတင်းတင်ပြချက်အရ အရှိန်တိုးမြင့်လာသည့် တိုက်ပွဲများကြောင့် နေရာစွန့်ခွာ ရွှေ့ပြောင်းကြရသူများအား ကူညီရန်အတွက် ရှမ်းပြည်နယ်တောင်ပိုင်းပြည်သူများက စုဆောင်းကောက်ခံထားသည့် ဆန်အိတ်များ၊ စားသုံးဆီပုံးများနှင့် အခြား အခြေခံစားကုန်များကို စစ်တပ်က မီးရှို့ပစ်ခဲ့ကြောင်း သိရသည်။ ဥပမာ- စက်တင်ဘာလတွင်လည်း ပဋ္ဌိပက္ခများ အရှိန်မြင့်လာချိန်တွင် ချင်းပြည်နယ်ရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူ ၅၀,၀၀၀ အတွက် လူသားချင်းစာနာမှုအကူအညီပေးပို့သည့် လမ်းကြောင်းကို စစ်တပ်က ပိတ်ဆို့ထားခဲ့သည်။ ပြည်တွင်းသတင်းများအရ ကရင်ပြည်နယ်

လေးကေကောမြို့နယ်တွင် ဒီဇင်ဘာလ ၁၄ ရက်နေ့က စစ်လုံခြုံရေးတပ်နှင့် အတိုက်အခံများ အကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများနှင့် ဒီမိုကရေစီရေး ထောက်ခံအားပေးသူများ အပါအဝင် အနည်းဆုံး လူ ၄,၀၀၀ ခန့် ရွှေ့ပြောင်းထွက်ပြေးကြရသည်။ အရပ်သားများ ဘေးလွတ်ရာသို့ ထွက်ပြေးနေစဉ်တွင် စစ်လုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့အား ဆက်လက် ပစ်ခတ်ခဲ့ကြကြောင်း ဒီမိုကရက်တစ် မြန်မာ့အသံ၏ သတင်းတွင် ဖော်ပြထားသည်။ HRW လူ့အခွင့်အရေးအဖွဲ့ကြီး၏ ဒီဇင်ဘာလ သတင်းထုတ်ပြန်ချက် အရ စစ်အာဏာရှင်များသည် လူသားချင်းစာနာမှု အကူအညီပေးသည့် ဝန်ထမ်းများအား ခရီးသွားလာမှု ကန့်သတ်ခြင်း၊ လမ်းများနှင့် အကူအညီယာဉ်တန်းများကို ပိတ်ဆို့ခြင်း၊ စစ်သုံးပစ္စည်း မဟုတ်သည်များကို ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စ။ ဒုက္ခသည်များအား အကာအကွယ်ပေးမှု

ဒုက္ခသည်များ၊ နိုင်ငံသို့ ပြန်လာသူ ဒုက္ခသည်များ၊ ခိုလုံခွင့်တောင်းခံသူများ၊ သို့မဟုတ် အခြား အကူအညီ လိုအပ်နေသူများအား အကာအကွယ်ပေးရန်နှင့် ကူညီပံ့ပိုးရန်အတွက် စစ်အာဏာရှင်များသည် UNHCR နှင့် သော်လည်းကောင်း၊ အခြား လူသားချင်းစာနာမှု အကူအညီပေးသည့် အဖွဲ့အစည်းများနှင့် သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်လေ့ မရှိခဲ့ပါ။

နိုင်ငံရေးခိုလုံခွင့်- ဥပဒေများက နိုင်ငံရေးခိုလုံခွင့်ပေးရန် သို့မဟုတ် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုရန် ပြဋ္ဌာန်းထားခြင်း မရှိဘဲ ဒုက္ခသည်များအား အကာအကွယ်ပေးသည့် စနစ်ကို အစိုးရက ချမှတ်ထားခြင်းမရှိပါ။ UNHCR သည် ဤနှစ်အတွင်း နိုင်ငံရေးခိုလုံသူ တစ်ဦးတစ်ယောက်ကိုမျှ မှတ်တမ်းတင်ထားခြင်း မရှိပါ။

ဆ။ နိုင်ငံမဲ့များ

အစိုးရက "တိုင်းရင်းသားလူမျိုးစု" ၁၃၅ ခုကို အသိအမှတ်ပြုပြီး ၎င်းတို့၏ လူမျိုးစုအဖွဲ့ဝင်များသည် ပြည့်ဝသော နိုင်ငံသားများ အလိုအလျောက် ဖြစ်ကြသည်။ ဥပဒေက "အမျိုးသားတိုင်းရင်းသား လူမျိုးစု" ဆိုသည်ကို ဗြိတိသျှ ကိုလိုနီလက်အောက် မကျရောက်ခင် ၁၈၂၃ ခုနှစ်က နိုင်ငံအတွင်းရှိ နိုင်ငံသားများ ဇစ်မြစ်ကို သက်သေပြနိုင်သော မျိုးနွယ်နှင့် တိုင်းရင်းသား လူမျိုးစုတစ်စု အဖြစ်သာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပြည့်ဝသော နိုင်ငံသားဖြစ်မှု၏ အောက်တွင်လည်း နိုင်ငံသားဖြစ်မှု ပုံစံနှစ်မျိုးကို ဥပဒေက သတ်မှတ်ထားသည်- ဇည့်နိုင်ငံသားနှင့် နိုင်ငံသားအဖြစ် ခံယူသော နိုင်ငံသားဖြစ်မှု။ အဆိုပါအမျိုးအစားနှစ်မျိုးသည် နိုင်ငံရေးတွင် ပါဝင်အရွေးခံခြင်း၊ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် အခြားသော ပြည်သူ့စီမံရေးတို့တွင် အမှုထမ်းခြင်း၊ မြေယာ သို့မဟုတ် ငွေကြေး အမွေခံခြင်း သို့မဟုတ် ဆေးပညာ၊ ဥပဒေပညာကဲ့သို့ အချို့သော အတတ်ပညာဆိုင်ရာဘွဲ့များ ရယူခြင်းတို့ကို မပြုလုပ်နိုင်ကြပေ။ ဇည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖြစ် ခံယူသူတို့၏ တတိယမျိုးဆက်မှသာလျှင် နိုင်ငံသားဖြစ်မှု အပြည့်အဝ ရရှိနိုင်သည်။

မူဆလင်အများစုဖြစ်သည့် ရိုဟင်ဂျာများကို "နိုင်ငံတော်တိုင်းရင်းသား လူမျိုးစု" အဖြစ် အသိအမှတ်မပြုသောကြောင့် အများစုသည် နိုင်ငံမဲ့များ ဖြစ်ကြသည်။ ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာ ၇၄၀,၀၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်သို့ အတင်းအကြပ် နေရာစွန့်ခွာစေခဲ့ပြီးနောက် ရိုဟင်ဂျာ ၆၀၀,၀၀၀ ခန့်သည် ရခိုင်ပြည်နယ်တွင် ကျန်ရစ်ခဲ့ပါသည်။ ရိုဟင်ဂျာအချို့သည် လက်တွေ့သဘောအရ ပြည့်ဝသောနိုင်ငံသားဖြစ်ခွင့် ရကောင်းရရှိနိုင်ပါသည်။ ထိုလုပ်ငန်းစဉ်တွင်

တရားဝင်အပိုဆောင်း စီစစ်မှုများ ပါဝင်ပြီး အသွားအလာ ကန့်သတ်မှုများ၊ မြန်မာစကားကောင်းမွန်စွာ နားမလည်မှုများ အပါအဝင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပိုမိုရှုပ်ထွေးလျက်ရှိသည်။ လက်တွေ့တွင် အစိုးရအရာရှိများကို များပြားလှသော တံစိုးလက်ဆောင်ပေးရန် လိုအပ်ပြီး ထိုသို့ပေးသည့်တိုင် အခြားသော ပြည့်ဝသည့် နိုင်ငံသားများအား ခွင့်ပြုသည့် အခွင့်အရေးများ ညီမျှစွာ ရရှိမည်ဟု အာမမခံပေ။ အထူးသဖြင့် နိုင်ငံသား စိစစ်ရေးကတ် (NVC) လျှောက်ထားရာတွင် အဆင့်ပိုတစ်ခုကို ရိုဟင်ဂျာများသာ ဖြတ်သန်းရန် လိုအပ်ပြီး ယင်းတွင် ၎င်းတို့အား "ဘင်္ဂလီ" ဟု ဖော်ပြထားသည့် မှတ်ပုံတင်ကတ်ကို ရရှိသည်။ စစ်အာဏာရှင်၏ အရာရှိများက ရိုဟင်ဂျာများအား နိုင်ငံသားမဟုတ်သူများဟု ယူဆဆက်ဆံကြသည်။ ယင်းအချက်က ရိုဟင်ဂျာများအား အများပြည်သူဝန်ဆောင်မှုများ ရယူရာ၌ ခွဲခြားဆက်ဆံခံရခြင်းနှင့် လူမှုအဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့် ခွဲခြားဆက်ဆံခံရခြင်းတို့ ဖြစ်စေနိုင်သည်။

တရုတ်လူမျိုး၊ အိန္ဒိယလူမျိုးနှင့် နီပေါလူမျိုးများ အပါအဝင် နိုင်ငံတဝန်း နိုင်ငံမဲ့ပုဂ္ဂိုလ်များနှင့် လူမျိုးမသိသော နိုင်ငံမဲ့ပုဂ္ဂိုလ်များ ကြီးမားသည့် အရေအတွက် တစ်ခုအထိ ရှိနေပါသည်။ အဆိုပါ ဒုတိယအုပ်စုသည် ရိုဟင်ဂျာများနှင့် အလားတူ တရားဝင်နှင့် လူမှုရေး ခွဲခြားဆက်ဆံမှုအဆင့်မျိုးကို ကြုံတွေ့ရခြင်း မရှိကြသော်လည်း ၎င်းတို့သည် အခွင့်အရေးလျော့နည်းရရှိခြင်း၊ ဧည့်နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံသားဖြစ်မှုတို့တွင် ကြီးမားသော ကန့်သတ်မှုများရှိနေခြင်းတို့ကို ကြုံတွေ့နေရဆဲ ဖြစ်သည်။ နိုင်ငံသားဖြစ်မှုအတွက်မူ ဤအုပ်စုများကို ရိုဟင်ဂျာများကဲ့သို့ စစ်အာဏာရှင်များက သီးသန့်ဖယ်ထုတ်ထားခြင်း မရှိပေ။

နိုင်ငံမဲ့ မိဘများမှ တိုင်းပြည်အတွင်း မွေးဖွားသည့် ကလေးများအတွက် နိုင်ငံသားဖြစ်မှု

(သို့မဟုတ် ဧည့်နိုင်ငံသားဖြစ်မှု) ကို ဥပဒေက ပြဋ္ဌာန်းမထားပါ။

အပိုင်း ၃။ နိုင်ငံရေး လုပ်ငန်းစဉ်တွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်

စစ်အာဏာမသိမ်းမီက နိုင်ငံသားများသည် ၎င်းတို့၏ အစိုးရကို လျှို့ဝှက်ဆန္ဒမဲများဖြင့် ရွေးကောက်ပွဲများမှတစ်ဆင့် ရွေးချယ်နိုင်သည့် အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်စွမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးထားသည်။ စစ်တပ်သည် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကို ဖယ်ရှားပြီး ရွေးကောက်ပွဲကော်မရှင် (UEC) ကို ဖျက်သိမ်းကာ စစ်တပ် ဗိုလ်ချုပ်ဟောင်းတစ်ဦးကို UEC ၏ ဥက္ကဋ္ဌအဖြစ် အစားထိုး ခန့်အပ်လိုက်သည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် စစ်အာဏာရှင်၏ ရွေးကောက်ပွဲ ကော်မရှင်က ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ကြောင်း ကြေညာသည်။ တိုင်းရင်းသားဒေသအချို့တွင် ဒေသန္တရရွေးကောက်ပွဲအချို့ ဖျက်သိမ်းခြင်းများ၊ အချို့သော မဲမမှန်ကန်မှုများရှိခဲ့သော်လည်း မဲဆန္ဒရှင်အများစု၏ လိုလားချက်ကို ထင်ဟပ်နေသည့် ရွေးကောက်ပွဲအဖြစ် ယင်းရွေးကောက်ပွဲကို ပြည်တွင်းနှင့် နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများက အကဲဖြတ်ထားကြသည်။

အောက်တိုဘာလ ၁၆ ရက်နေ့တွင် စစ်အာဏာရှင်၏ UEC က ကြေညာချက်ထုတ်ပြန်ရာတွင် ရခိုင်ပြည်နယ် နေရာအများစုနှင့် အခြားတိုင်းရင်းသားဒေသများဖြစ်သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် အခြားဒေသများတွင် လာမည့် ဒေသန္တရ ရွေးကောက်ပွဲများကို ပယ်ဖျက်ကြောင်း

ဖော်ပြထားသည်။

စစ်အာဏာမသိမ်းခင်ကာလက နိုင်ငံရေးတွင် တက်ကြွသော လူပုဂ္ဂိုလ်နှင့် အဖွဲ့များအား အကြမ်းဖက်နှိမ်နှင်းရေး ဥပဒေများကို အသုံးချ၍ စစ်အာဏာရှင်များက ဖမ်းဆီးအပြစ်ပေးခဲ့သည်။ အန်ယူဂျီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီနှင့် ပီဒီအက်ဖ် အဖွဲ့များကို တရားမဝင်သည့် အကြမ်းဖက်အဖွဲ့များအဖြစ် စစ်အာဏာရှင်များက သတ်မှတ်ခဲ့သည်။ ဥပဒေအရ ယင်းအဖွဲ့များနှင့် ပတ်သက်သူ မည်သူမဆို ထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရနိုင်သည်။ သို့သော် ဤနှစ်အကုန်အထိ ဤပုဒ်မဖြင့် ရုံးတင်တရားစွဲဆိုမှု မရှိပါ။

ရွေးကောက်ပွဲများနှင့် နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်မှု

မကြာသေးမီက ရွေးကောက်ပွဲများ- လေ့လာစောင့်ကြည့်သူများက ၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းတည်ဆောက်ပုံအရ အားနည်းချက်များရှိခဲ့သော်လည်း ယေဘုယျအားဖြင့် လူထု၏ဆန္ဒကို ထင်ဟပ်နေသည်ဟု ယူဆကြသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အန်အယ်ဒီက ယှဉ်ပြိုင်သည့် ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စုအဆင့် နေရာ ၁,၁၅၀ အနက် ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရခဲ့သည်။ အမျိုးသားလွှတ်တော်အတွက် အမတ်နေရာ ၄၇၆ တွင် အန်အယ်ဒီက ၃၉၆ နေရာ အနိုင်ရခဲ့ပြီး စစ်တပ်နှင့် ဆက်နွယ်နေသည့် ပါတီက ၃၃ နေရာ အနိုင်ရကာ တိုင်းရင်းသားပါတီ မျိုးစုံက ၄၇ နေရာ အနိုင်ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိန်နိုင်ငံသားနှင့် လက်ထပ်ထားသည့်အတွက် သမ္မတဖြစ်ခွင့်ကို ပိတ်ပင်ထားသည်။

နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ခြင်း- နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံရနိုင်သည့် ခြိမ်းခြောက်မှုများနှင့် စစ်အာဏာရှင်များ၏ စုံစမ်းစစ်ဆေးမှုများကြောင့် နိုင်ငံရေးတွင် လုပ်ဆောင်နိုင်မှု ကျဉ်းမြောင်းလာခဲ့သည်။ စစ်တပ်နှင့် ပူးပေါင်းမှုမရှိသည့် နိုင်ငံရေးပါတီများအား စုရုံးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခွင့် ပိတ်ပင်ထားသည်။ ထို့အပြင် ဒီမိုကရေစီလိုလားသည့် နိုင်ငံရေးပါတီများနှင့် ၎င်းတို့၏ ခေါင်းဆောင်များ၊ အထူးသဖြင့် အန်အယ်ဒီပါတီအား နိုင်ငံရေးကို အရင်းခံသည့် စုံစမ်းစစ်ဆေးမှုများကို စစ်အာဏာပိုင်များက ပြုလုပ်ခဲ့ကြသည်။ မေလတွင် UEC က မှတ်ပုံတင်ထားသည့် ပါတီ ၉၃ ခုကို စတင်စစ်ဆေးခဲ့ရာ ၃ွေကြေးစစ်ဆေးမှုလည်း ပါဝင်သည်။ နိုင်ငံရေးပါတီများသည် ၃ွေကြေးဆိုင်ရာ အချက်အလက်မှတ်တမ်းများ မတင်ပြပါက ၎င်းတို့ ပါတီများ၏ မှတ်ပုံတင်ကို ပယ်ဖျက်မည် ဖြစ်ကြောင်း သြဂုတ်လ ၂၇ ရက်နေ့စွဲပါ စာတွင် UEC က ခြိမ်းခြောက်ထားသည်။

အမျိုးသမီးနှင့် လူနည်းစုအဖွဲ့ဝင်များ၏ ပါဝင်နိုင်မှု- နိုင်ငံရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှုကို ကန့်သတ်ထားသည့် ဥပဒေမရှိဘဲ ၎င်းတို့သည်လည်း ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြသည်။ ဥပဒေများက တိုင်းရင်းသားလူနည်းစုအဖွဲ့ အများအပြား၏ နိုင်ငံသားဖြစ်မှု အခြေအနေကို ကန့်သတ်ထားခြင်းကြောင့် (အထက်ပါ "နိုင်ငံမဲ့" တွင် ကြည့်ပါ) နိုင်ငံရေးဖြစ်စဉ်တွင် ၎င်းတို့၏ ပါဝင်ခွင့်ကို ကန့်သတ်ခံထားရသည်။ အမျိုးသမီးများနှင့် သမိုင်းအစဉ်အဆက် ဖယ်ကျဉ်ခံထားရသော လူနည်းစုအုပ်စုဝင်များသည် စစ်အာဏာမသိမ်းမီကလည်း ကိုယ်စားပြု ပါဝင်မှုမှာ နည်းပါးခဲ့ရသည်။ အချို့မူဝါဒများ (ဥပဒေများနှင့် ညွှန်ကြားချက်များ မဟုတ်သော) သည် အမျိုးသမီးများ

လက်တွေ့ပါဝင်လုပ်ဆောင်နိုင်မှုကို ကန့်သတ်ထားသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီး ၁၉၄ ဦး လွှတ်တော်အမတ်များအဖြစ် ရွေးကောက်တင်မြောက်ခံရသည်။

အပိုင်း ၄။ အာဏာရှင်အဖွဲ့အတွင်း အဂတိလိုက်စားမှုနှင့် ပွင့်လင်းမြင်သာမှု မရှိခြင်း

စစ်အာဏာသိမ်းပြီးချိန်မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် ဖယ်ရှားခံရသော အန်အယ်ဒီနိုင်ငံရေးသမားများနှင့် ယခင် အရပ်သားအစိုးရ ခေါင်းဆောင်များအား ပုံမှန်ဆိုသလို အဂတိလိုက်စားမှုဆိုင်ရာ ဥပဒေဖြင့် အပြစ်ပေးရန် ပစ်မှတ်ထားခဲ့သည်။ နိုဝင်ဘာလအထိ ယင်းကော်မရှင်က ယခင် အန်အယ်ဒီနှင့် အရပ်သားအစိုးရအရာရှိ အနည်းဆုံး ၄၅ ဦးအား တရားစွဲဆိုခဲ့ရာတွင် ဒေါ်အောင်ဆန်းစုကြည်၊ ယခင် သမ္မတ ဦးဝင်းမြင့်နှင့် ယခင် အစိုးရလက်ထက်က ခန့်အပ်ထားသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းများမှ ဝန်ကြီးများ ပါဝင်သည်။ စောင့်ကြည့်လေ့လာသူအများစုက ယင်းစွပ်စွဲချက်များသည် အခြေအမြစ်မရှိဟု လက်ခံယူဆထားသည်။

အဂတိလိုက်စားမှုသည် နိုင်ငံရေးလောက၏ အဆင့်အမျိုးမျိုးတွင် ကျယ်ပြန့်စွာ ဖြစ်ပေါ်လျက်ရှိရာ အထူးသဖြင့် တရားစီရင်ရေးစနစ်တွင် ဖြစ်သည်။ ရဲအရာရှိများ၏ ငွေညှစ်မှုအသေးအဖွဲကစ၍ ပိုမိုကြီးမားသည့် အဆင့်မြင့်ပိုင်း အဂတိလိုက်စားမှုအထိ ရှိပြီး ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးရန်အတွက် ကျူးလွန်ခံရသူများထံမှ လာဘ်ငွေတောင်းခံခြင်းများ ရှိသည်။

အဂတိလိုက်စားခြင်း- အဂတိလိုက်စားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော်လည်း ဖြုတ်ချလိုက်သည့် အရပ်သားအစိုးရနှင့် မတူသည့်အချက်မှာ စစ်အာဏာရှင်များက အဂတိလိုက်စားမှုဆိုင်ရာ ဥပဒေများကို အတိုက်အခံများအတွက် သက်သက်သာ အများအားဖြင့် အသုံးပြုနေခြင်းဖြစ်သည်။ ယင်းအမှုများတွင် ကြိုတင်၍ အကြပ်ကိုင်ပြင်ဆင်ထားသည့် ထွက်ဆိုချက်များအပေါ် အခြေခံထားပြီး အမှန်တကယ် အဂတိလိုက်စားမှုကို ပုံဖော်နိုင်မှု မရှိပါ။

အပိုင်း ၅။ စွပ်စွဲခံရသော လူ့အခွင့်အရေးဖောက်ဖျက် ကျူးလွန်မှုများအား နိုင်ငံတကာနှင့် အစိုးရမဟုတ်သော စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်သည့် သဘောထား

စစ်အာဏာရှင်များသည် ပြည်တွင်း လူ့အခွင့်အရေး အဖွဲ့အစည်းများအား လွတ်လပ်စွာ လုပ်ဆောင်ခွင့် မပြုပါ။ အစိုးရမဟုတ်သော လူ့အခွင့်အရေးအဖွဲ့အစည်းများသည် ရုံးများဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နိုင်ကြသော်လည်း အနှောင့်အယှက်ပေးမှုများ၊ အာဏာပိုင်များက စောင့်ကြည့်နေခြင်းများနှင့် မတရားဖမ်းဆီးချုပ်နှောင်မှုများရှိကြောင်း အစီရင်ခံချက်များ ရှိသည်။ ဥပမာ စစ်အာဏာရှင်များသည် တစ်ခါတစ်ရံ ဟိုတယ်များနှင့် အခြားနေရာများအား တက်ကြွလှုပ်ရှားသူများ သို့မဟုတ် လူမှုအဖွဲ့အစည်းများက အစည်းအဝေးကျင်းပခြင်းကို လက်ခံခြင်းမပြုရန် ဖိအားပေးမှုများ ရှိသည်။ အန်ဂျီအိုရုံးခန်းများကိုလည်း စစ်လုံခြုံရေးတပ်ဖွဲ့များက ဝင်ရောက်စီးနှင်း ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ ယင်း ကန့်သတ်မှုများသည် ပုံမှန် ကိုဗစ်-၁၉ လျော့ပါးရေး လုပ်ဆောင်မှုထက် ကျော်လွန်နေသည်။

ကုလသမဂ္ဂ သို့မဟုတ် အခြား နိုင်ငံတကာ အဖွဲ့အစည်းများ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများ၊ အန်ဂျီအိုများများက လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် ယင်းသို့ချိုးဖောက်သည်ဟု စွပ်စွဲထားသည့် နေရာများသို့ သွားရောက်ရန် ကြိုးပန်းချက်များကို စစ်အာဏာရှင်များက စနစ်တကျပင် ငြင်းဆိုခဲ့သည်။ နိုင်ငံတကာ အန်ဂျီအိုများမှ ကိုယ်စားလှယ်များအပါအဝင် နိုင်ငံခြား လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် လှုံ့ဆော်သူများအား ရက်တိုဗီဇာများဖြင့် ဆက်လက် ကန့်သတ်ခံနေရပြီး ဗီဇာသက်တမ်းတိုးရန်အတွက် နိုင်ငံမှ မကြာမဏ ပြန်ထွက်နေရသည်။ နိုင်ငံတကာ အန်ဂျီအိုများ၏ ပြည်တွင်းပါတနာ အများအပြားအား ၎င်းတို့နှင့် နိုင်ငံခြားအလှူရှင်များ၏ ဆက်ဆံရေးကို သိရှိနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ အချက်အလက်မှတ်တမ်းများနှင့် အခြားမှတ်တမ်းများကို မကြာခဏ တောင်းဆိုခံနေရသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းသည့် မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုသည့်အပြင် နိုင်ငံတွင်းသို့ ဝင်ခွင့် မပြုခဲ့ပေ။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အား နိုင်ငံတွင်းလာရောက်ခွင့်ကို စစ်အာဏာရှင်များက ဆက်လက်ငြင်းဆိုနေသည်။ ယခင် အရပ်သားအစိုးရက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်အား ၂၀၁၉ ခုနှစ်က နိုင်ငံအတွင်း ရုံးခန်းဖွင့်ခွင့် ပြုခဲ့သော်လည်း စစ်အာဏာသိမ်းပြီးနောက်တွင် စစ်အာဏာရှင်များက ယင်းအထူးသံတမန်နှင့်

ဝန်ထမ်းများအား ပြည်ဝင်ခွင့် ငြင်းပယ်ခဲ့သည်။

အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ- မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး ချိုးဖောက်မှုအချို့ကို စုံစမ်းစစ်ဆေးခွင့်ရှိပြီး လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်သည့် အခွင့်အာဏာရှိသည်။ အမှန်တကယ်တွင်မူ ယင်းကော်မရှင်၏ ယုံကြည်ကိုးစားထိုက်ပြီး လွတ်လပ်သည့် ယန္တရားတစ်ခုအဖြစ် လည်ပတ်လုပ်ဆောင်နိုင်စွမ်းမှာ အကန့်အသတ်ရှိသည်။ စစ်အာဏာမသိမ်းမီက ဤကော်မရှင်သည် အချို့လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခဲ့သော်လည်း ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းတွင် စုံစမ်းစစ်ဆေးမှု တစ်စုံတစ်ရာ မရှိတော့ပါ။ ကော်မရှင်အဖွဲ့ဝင်များက မေလနှင့် ဇွန်လအတွင်း ထောင်များ၊ ရဲဘက်အလုပ်စခန်းများနှင့် ရဲအချုပ်ခန်းများသို့ သွားရောက်သည့်ပုံများကို ယင်းကော်မရှင်က ထုတ်ပြန်ခဲ့သည်။ ယင်းသို့သွားရောက်မှုမှ တွေ့ရှိချက်များကို ထုတ်ပြန်ခြင်းမရှိပါ။ အန်ယူဂျီသည် လူ့အခွင့်အရေး ဝန်ကြီးဌာနကို တည်ထောင်လိုက်ပြီး စစ်အာဏာရှင်များ၏ လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် ကတိပြုခဲ့သည်။ စစ်အာဏာသိမ်းပြီးချိန်ကစပြီး ရခိုင်ပြည်နယ်အတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် လည်ပတ်ခြင်း မရှိတော့ပါ။

အပိုင်း ၆။ ခွဲခြားဆက်ဆံမှုများနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ

မတရားမှုများ

အမျိုးသမီးများ

အဓမ္မပြုကျင့်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှု- အမျိုးသမီးနှင့် အမျိုးသားများအား အဓမ္မပြုကျင့်မှုသည် ဥပဒေနှင့် ဆန့်ကျင်သော်လည်း ကြီးမားသော ပြဿနာတစ်ရပ် တည်ရှိနေဆဲဖြစ်သည့်အပြင် စစ်အာဏာရှင်များက ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း မရှိခဲ့ပေ။ အိမ်ထောင်ဖက်မဟုတ်သူ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်မှုကို ထောင်ဒဏ် နှစ် ၂၀ အထိ အပြစ်ပေးနိုင်သည်။ အိမ်ထောင်ဖက် အဓမ္မပြုကျင့်မှုအတွက် ဇနီးဖြစ်သူက တရားဝင် လက်ထပ်နိုင်သော အသက်ထက် မငယ်လျှင် (လူမျိုးနှင့် ဘာသာပေါ်အခြေခံ၍ ကွဲပြားနိုင်သည်) ထောင်ဒဏ်အများဆုံး နှစ်နှစ်အထိ အပြစ်ပေးနိုင်သည်။ အခြားသူတစ်ဦးအား ကိုယ်ခန္ဓာထိခိုက်အောင် ကျူးလွန်ခြင်းကို ဥပဒေအရ တားမြစ်ထားသော်လည်း ဇနီးဖြစ်သူက တရားဝင် လက်ထပ်ခွင့်ရှိသည့် အသက်ထက်ငယ်ရွယ်နေချိန်မှလွဲ၍ အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် အိမ်ထောင်ဖက်အပေါ် အကြမ်းဖက်မှုအတွက် သီးခြား ဥပဒေသတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါ။ ဥပဒေပြဋ္ဌာန်းချက်များ ထပ်နေခြင်း၊ တစ်ခါတစ်ရံ ဆန့်ကျင်ဘက် ဖြစ်နေခြင်းတို့က အဆိုပါ အကန့်အသတ်ရှိသည့် အကာအကွယ်များကို အကောင်အထည်ဖော်ရာ၌ ရှုပ်ထွေးမှုများ ဖြစ်စေပါသည်။

အိမ်ထောင်ဖက် အကြမ်းဖက်မှု အပါအဝင် အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှုသည် ကြီးမားသော ပြဿနာကြီး တစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်သည်။ မိသားစုအတွင်း အကြမ်းဖက်မှုများသည် ပုံ့နှံ့ဖြစ်ပေါ်နေပြီး လူမှုရေးအရ လက်ခံနိုင်ဖွယ်ဟု ယူဆထားကြသည်။ လင်မယားချင်း အကြမ်းဖက်မှု

သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုသည် တိုင်းတာရန်ခက်ခဲသည်။ အကြောင်းမှာ အစိုးရက ယင်းအမှုများအား မှတ်တမ်းပြုရန် ကြိုးစားနေပြီး အဆိုပါ ဖြစ်ရပ်များ တိုးများလာနေကြောင်း သတင်းထုတ်ပြန်ထားသော်လည်း အချက်အလက် ကိန်းဂဏန်းများကို ပြည့်စုံစွာ ထိန်းသိမ်းထားခြင်း မရှိသလို အကြမ်းဖက်ခံရသူများက အများအားဖြင့် တိုင်ကြားခြင်း မရှိသောကြောင့် ဖြစ်သည်။

လိင်မှုဆိုင်ရာ နှောက်ယှက်မှု- ပြစ်မှုဆိုင်ရာ ဥပဒေက လိင်မှုဆိုင်ရာ နှောင့်ယှက်မှုကို တားမြစ်ထားပြီး ကာယကံမြောက် နှောင့်ယှက်မှုကို အမြင့်ဆုံး ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်နိုင်သည်။ နှုတ်အားဖြင့် နှောင့်ယှက်မှုကို ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်တစ်နှစ် အထိ အပြစ်ပေးနိုင်သည်။ ယင်းပြဿနာများ ပျံ့နှံ့မှုအပေါ် သတင်းထုတ်ပြန်ခြင်းမရှိဘဲ ယင်းပြစ်မှုအများစုကို တိုင်ကြားလေ့မရှိကြပေ။ ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများသည် ကျူးလွန်ခံရသူများအား စာနာထောက်ထားမှု မရှိသည့်အပြင် စုံစမ်းစစ်ဆေးမှုကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်း မရှိသလောက် ရှားကြောင်း အန်ဂျီအို အရပ်ဘက်အဖွဲ့အစည်းများက အစီရင်ခံခဲ့ကြသည်။

မျိုးပွားမှုဆိုင်ရာ အခွင့်အရေး- အစိုးရအာဏာပိုင်များအပိုင်းတွင် အတင်းအကြပ် ကိုယ်ဝန်ဖျက်ချစေခြင်း သို့မဟုတ် အတင်းအကြပ် သားကြောဖြတ်ခိုင်းခြင်းများ ရှိကြောင်း မကြားသိရပါ။ ဥပဒေအရ သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရသည် လူဦးရေ၊ ရွှေ့ပြောင်း အခြေချမှုနှုန်း၊ သဘာဝအရင်းအမြစ်များ၊ မွေးဖွားနှုန်းနှင့် စားနပ်ရိက္ခာရရှိမှု ကဲသို့သော ကျမ်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များကို အခြေခံလျက် "အထူးဒေသများ" ကိုသတ်မှတ်နိုင်ပြီး အဆိုပါဒေသများတွင် -ကလေးတစ်ဦးနှင့် တစ်ဦးအကြား ၃၆ လ-

ခြားရမည့် အတင်းအကြပ် သားဆက်ခြားခြင်း စီမံကိန်းကို ကျင့်သုံးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းအထူးဒေသများတွင် မိသားစုစီမံကိန်း နည်းစနစ်များနှင့် ပတ်သက်သော စည်းမျဉ်းများ ချမှတ်ရေးအပါအဝင် လုပ်ငန်းတာဝန် အမျိုးမျိုးကို ဆောင်ရွက်မည့် အထူးကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့များကို ဖွဲ့စည်းရန် အစိုးရက ခွင့်ပြုသည်။ အစိုးရသည် ယင်းသို့သော မည်သည့် အထူးဒေသကိုမျှ သတ်မှတ်ခဲ့ခြင်း မရှိပါ။

ရခိုင်ပြည်နယ်တွင် ဒေသအာဏာပိုင်များက ရိုဟင်ဂျာမိသားစုများအား ကလေးနှစ်ယောက်ထက် ပိုမယူရန် တားမြစ်ထားသော်လည်း အချို့ရိုဟင်ဂျာများက အိမ်ထောင်စုစာရင်းများဖြင့် ဥပဒေကို ရှောင်တိမ်းနိုင်ကြကြောင်း အစီရင်ခံချက်များ ရှိသည်။

ဤဥပဒေသည် တစ်နည်းအားဖြင့် လူတစ်ဦး၏ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အခွင့်အရေးကို ကန့်သတ်ထားသည်။ လင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများအတွက် ပြည်သူ့ပိုင်နှင့် ပုဂ္ဂလိက ဆေးရုံဆေးခန်းများတွင် အရေးပေါ်သန္ဓေတားခြင်း အပါအဝင် လင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိနိုင်မှု အလွန်နည်းပါးပြီး စစ်အာဏာသိမ်းပြီး နောက်ပိုင်းတွင် အစိုးရကျန်းမာရေးစနစ်များ ပြိုလဲသွားသဖြင့် အခြေအနေများ ပိုမိုဆိုးရွားသွားသည်။
နိုင်ငံတကာလူဦးရေဝန်ဆောင်မှုအဖွဲ့၏ စက်တင်ဘာလ အစီရင်ခံစာများအရ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ရန်ကုန်မြို့တွင် သန္ဓေတားရန် သောက်ဆေးများ ဝယ်ယူမှု အလွန်မြင့်မားခဲ့သော်လည်း ကျေးလက်ဒေသများတွင် မိသားစု စီမံကိန်းအတွက် လက်လှမ်းမီမှုမှာ အကန့်အသတ်ရှိနေသည်။ ပဋ္ဌိပက္ခ နယ်မြေများတွင်လည်း

စီးပွားရေးအခက်အခဲနှင့် လုံခြုံရေး စိုးရိမ်ရမှုများကြောင့် မိသားစုစီမံကိန်း လက်လှမ်းမီမှု အကန့်အသတ် ရှိသည်။

ကိုဗစ်-၁၉ ကန့်သတ်မှုများရှိနေသဖြင့် လူမှုဖူလုံရေးဌာနသည် လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို လိုက်လျောညီထွေရှိအောင် ပြင်ဆင်လုပ်ဆောင်နေရာ အွန်လိုင်းမှနေ၍ ဗီဒီယိုများဖြင့် ပကတိအသွင်စနစ်များကိုလည်း တိုးချဲ့လုပ်ဆောင်ခဲ့သည်။

ကုလသမဂ္ဂ၏ ၂၀၁၇ ခုနှစ် ခန့်မှန်းချက်များအရ နိုင်ငံနှင့် အဝန်း ကလေးမွေးဖွားမှု ၁၀၀,၀၀၀ လျှင် မီးဖွားချိန် မိခင်သေဆုံးမှုနှုန်းသည် ၂၅၀ အထိ ရှိသည်။ လတ်တလော အချက်အလက်များကို မရရှိနိုင်ပါ။ ၂၀၁၇ ခုနှစ် *ကိုယ်ဝန်ဆောင်မိခင်များသေဆုံးမှု စောင့်ကြည့်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံတော်အစီရင်ခံစာ* အရ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ကိုယ်ဝန်ဆောင်မိခင်သေဆုံးနှုန်း အမြင့်ဆုံးဖြစ်သည်။ ရိုဟင်ဂျာများအကြားတွင် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု အကန့်အသတ်များရှိနေပြီး လူသားချင်းစာနာမှု အကူအညီ ရရှိနိုင်မှုနှင့် ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးမှုသည် ရခိုင်ပြည်နယ်တွင် နိုင်ငံပျမ်းမျှနှုန်းထက် ပိုမိုမြင့်မားနေကြောင်း အန်ဂျီအိုများက ဤနှစ်အတွင်း မကြာခဏ သတင်းပေးပို့ခဲ့သည်။ အန္တရာယ်မကင်းသော ကိုယ်ဝန်ဖျက်မှုများကြောင့် ရောဂါသစ်များ ထပ်တိုးဖြစ်ပေါ် ပြီး ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးခြင်းက အဓိက အကြောင်းတရား တစ်ခုဖြစ်သည်။

ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးမှုအပေါ် သက်ရောက်နေသော အခြား အဓိက အကြောင်းအရာများတွင် ဆင်းရဲမွဲတေမှု၊ အိမ်တွင် မွေးဖွားနှုန်းမြင့်ခြင်း (၆၃ ရာခိုင်နှုန်း၊

စစ်အာဏာသိမ်းပြီးနောက် ယင်းကိန်းဂဏန်းတိုးမြင့်သွားနိုင်သည်)၊ ပြည့်စုံကုန်လုံသော လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အသိပညာ အချက်အလက်များ မရရှိခြင်း၊ သန္ဓေတားခြင်း အပါအဝင် မိခင်နှင့် မွေးခါစကလေးအတွက် ကျန်းမာရေးဝန်ဆောင်မှုများ အကန့်အသတ်ဖြင့်သာ ရှိခြင်း၊ ကိုယ်ဝန်ဆောင်ချိန် ကျန်းမာရေးစစ်ဆေးမှု နည်းပါးခြင်း၊ ကျွမ်းကျင်သည့် သားဖွားဆရာမများနှင့် အခြား လေ့ကျင့်ထားသည့် ရပ်ရွာဒေသမှ ကျန်းမာရေးလုပ်သားများ၏ ဝန်ဆောင်မှုများ မရရှိခြင်းတို့လည်း ပါဝင်သည်။

ခွဲခြားဆက်ဆံခြင်း- ဥပဒေအရ အမျိုးသမီးများသည် အမျိုးသားများနည်းတူ တရားဥပဒေဆိုင်ရာ ခံစားခွင့်များကို တန်းတူရရှိပြီး ၎င်းတွင် ပစ္စည်းပိုင်ဆိုင်မှုများနှင့် အမွေဆက်ခံခွင့်၊ ဘာသာရေးနှင့် ပုဂ္ဂိုလ်ရေး အဆင့်အတန်းများ ပါဝင်သော်လည်း စစ်အာဏာပိုင်များက ယင်းဥပဒေကို အာဏာသက်ရောက်စေမှု မပြုလုပ်ပေ။ နိုင်ငံအနှံ့ရှိ လူမှုအသိုင်းအဝိုင်းများတွင် ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများကို လက်ထပ်ထိမ်းမြားခြင်း၊ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်တို့အတွက် အသုံးပြုလေ့ရှိပြီး ၎င်းတို့မှာ ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသော ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကွဲလွဲမှု ရှိသည့်အပြင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပြုလေ့ရှိသည်။ တူညီသော အလုပ်အတွက် တူညီသော လုပ်ခပေးရန် ဥပဒေက ပြဋ္ဌာန်းထားသော်လည်း ယင်းပြဋ္ဌာန်းချက်ကို တရားဝင်ကဏ္ဍတွင် လေးစားလိုက်နာမှု မရှိခဲ့ဘဲ စစ်အာဏာပိုင်များက အာဏာသက်ရောက်မှုရှိရန် ကြိုးပန်းလုပ်ဆောင်ခြင်း မရှိပါ။ အလုပ်ခွင်အတွင်း အခြား ခွဲခြားဆက်ဆံမှုပုံစံများကို အများအပြားတွေ့မြင်ရကြောင်း အန်ဂျီအိုများက ဆိုသည်။ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများသည် ဗုဒ္ဓဘာသာမဟုတ်သူ အမျိုးသားနှင့် လက်ထပ်ထိမ်းမြားခြင်းကို

ဥပဒေအရ ကန့်သတ်ထားရာတွင် ယင်းသို့လက်ထပ်လိုပါက လက်မထပ်မီ အများပြည်သူကို အသိပေးရန် လိုအပ်ပြီး လက်ထပ်မှုကို တရားရုံးခ်ုပ် ကန့်ကွက်လွှာများ တင်သွင်းခွင့်ရှိသည်။ သို့သော် ယင်းဥပဒေကို အာဏာသက်ရောက်စေရန် လုပ်ဆောင်မှု ရှားပါးသည်။ ဆင်းရဲနွမ်းပါးမှုက အမျိုးသမီးများအပေါ် အချိုးအစား မညီမျှစွာ ထိခိုက်စေခဲ့သည်။

အစီအစဉ်ချမှတ်လုပ်ဆောင်သော လူမျိုးရေး သို့မဟုတ် လူမျိုးစုဆိုင်ရာ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း

လူနည်းစုအဖွဲ့ဝင်များအား အစိုးရနှင့် လူမှုအသိုင်းအဝိုင်းက ကျယ်ကျယ်ပြန့်ပြန့် ခွဲခြားဆက်ဆံမှု ရှိနေရာတွင် ပညာသင်ကြားမှု၊ နေအိမ်၊ အလုပ်အကိုင်နှင့် ကျန်းမာရေးဝန်ဆောင်မှု ရရှိရေးတို့လည်း ပါဝင်သည်။ တိုင်းရင်းသားလူနည်းစု အဖွဲ့ဝင်များသည် လူဦးရေ၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းအထိ ရှိသည်။ တိုင်းရင်းသား ပြည်နယ် ခုနှစ်ခုသည် နိုင်ငံပိုင်နယ်မြေစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့် ရှိနေပြီး လူများစုဖြစ်သော ဗမာတိုင်းရင်းသားများ နေထိုင်ရာဒေသများတွင်လည်း လူနည်းစုတိုင်းရင်းသား အများအပြား နေထိုင်လျက်ရှိသည်။ ရိုဟင်ဂျာများသည် ၎င်းတို့၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာကြောင့် ပြင်းထန်သည့် ခွဲခြားဆက်ဆံမှုကို ဆက်လက်ရင်ဆိုင်နေရသော်လည်း ယင်းအခြေအနေသည် စစ်တပ်နှင့် ရခိုင်တိုင်းရင်းသားများအကြား ပဋိပက္ခများကြောင့် လျော့ပါးလာသည်။

ကလေးများ

မွေးဖွားမှု မှတ်ပုံတင်ခြင်း- ဥပဒေအရ အသိအမှတ်ပြုထားသော တိုင်းရင်းသားလူမျိုးစု

၁၃၅ စုတွင် ပါဝင်သည့် မိဘနှစ်ပါးမှ မွေးဖွားလာသော ကလေးများနှင့် အခြား နိုင်ငံသားဖြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော ကလေးများကို ပြည့်ဝသော နိုင်ငံသားအဖြစ် အလိုအလျောက် ပေးအပ်သည်။ အနည်းဆုံး မိဘတစ်ဦးက ပြည့်ဝသော နိုင်ငံသားဖြစ်ပါက ဒုတိယမျိုးဆက်ကလေးများသည် ပြည့်ဝသောနိုင်ငံသားဖြစ်မှု ရယူနိုင်သည်။ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖြစ် ခံယူထားသူများ၏ တတိယမျိုးဆက် ကလေးများသည် ပြည့်ဝသော နိုင်ငံသားဖြစ်မှု ရရှိနိုင်သည်။ ရိုဟင်ဂျာအပါအဝင် နိုင်ငံအတွင်း ကာလကြာမြင့်စွာ နေထိုင်ခဲ့သူများသည် တိုင်းရင်းသားအုပ်စုအဖြစ် အသိအမှတ်ပြုမှုတွင် မပါဝင်ဘဲ ကလေးများမှာလည်း အလိုအလျောက် နိုင်ငံသားဖြစ်မှု မရရှိကြပေ။ (အပိုင်း ၂၊ ဆ ကို ကြည့်ပါ) မွေးဖွားမှု မှတ်ပုံတင်ခြင်းတွင် ကျေးလက်နှင့် မြို့ပြအကြား သိသာထင်ရှားသည့် ကွာဟမှုများရှိပြီး ကျေးလက်ဒေသ ရွာငယ်လေးများတွင် မွေးဖွားမှုအတွက် မှတ်ပုံတင်ခြင်းသည် တရားဝင်မဟုတ်ပါ သို့မဟုတ် ယင်းသို့ မှတ်ပုံတင်သည့် စနစ်မရှိပါ။ မွေးဖွားမှု မှတ်ပုံတင်ခြင်းသည် အမျိုးသားမှတ်ပုံတင်ကတ်ရရှိရန် လိုအပ်ချက်ဖြစ်ပြီး ကလေးများအား အရေးကြီးသည့် အကာအကွယ်များ ပေးနိုင်သည်။ အထူးသဖြင့် ကလေးလုပ်အား အသုံးချမှု၊ အရွယ်မတိုင်မီ လက်ထပ်ထိမ်းမြားခြင်း၊ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များက အသက်မပြည့်ဘဲ စစ်သားစုဆောင်းခြင်းတို့မှ ကာကွယ်ရန်အတွက် ဖြစ်သည်။

ပညာရေး- ဥပဒေအရ စတုတ္ထတန်းအထိ မသင်မနေရ အခမဲ့ပညာရေး ဖြစ်သည် (အသက် ၁၀ နှစ်အထိ)။ ယင်းအချက်က အသက် ၁၀ နှစ်မှ ၁၃ နှစ်အထိ ကလေးများကို ကျောင်းတက်ရန် ပြဋ္ဌာန်းမထားဘဲ တရားဝင် အလုပ်လုပ်ခွင့် ပြုထားခြင်းလည်း

မရှိသဖြင့် ယင်းအရွယ် ကလေးငယ်များသည် ကလေးလုပ်သားများဖြစ်လာနိုင်သည့် အန္တရာယ်ရှိနေသည် (အလုပ်လုပ်ရန် အနည်းဆုံး အသက်အရွယ်ကို ၁၄ နှစ်ဟု ပြဋ္ဌာန်းထားသည်)။ မြန်မာဘာသာစကားကို အစိုးရကျောင်းသင်ရိုးညွှန်းတမ်းသုံး ဘာသာစကားအဖြစ် ပြဋ္ဌာန်းထားသည်။ အမျိုးသားပညာရေးစနစ်တွင် အခြားဘာသာစကားများဖြင့် သင်ကြားရန် ခွင့်မပြုသော်လည်း အချို့ ပုဂ္ဂလိကကျောင်းများတွင် တိုင်းရင်းသားဘာသာစကားကို အပိုဆောင်းဘာသာရပ်အဖြစ် ထည့်သွင်း သင်ကြားသည်။ ဝေးလံခေါင်သီသည့် ဒေသရှိ လူ့အဖွဲ့အစည်းများနှင့် ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် ကျောင်းများဖွင့်လေ့ မရှိသလို ပြည်တွင်း နေရာရွှေ့ပြောင်းရသူများနှင့် နိုင်ငံမဲ့ ကလေးများ ကျောင်းတက်ရောက်နိုင်မှုကလည်း အကန့်အသတ် ရှိသည်။

ဌာန်လပိုင်းတွင် စစ်အာဏာရှင်များက မူလတန်းနှင့် အလယ်တန်း ကျောင်းများကို ပြန်ဖွင့်ရန် အမိန့်ထုတ်ခဲ့သည်။ ၂၀၂၀ တွင် ကိုဗစ်-၁၉ ကြောင့် ကျောင်းများ ပိတ်ခဲ့ရခြင်း ဖြစ်သည်။ မြန်မာကျောင်းဆရာ ဆရာမများအဖွဲ့အဆိုအရ မဖြစ်မနေ ကျောင်းပြန်တက်ရန် သတ်မှတ်ထားသည့် ဌာန်လ ၂ ရက်နေ့တွင် ကလေး ၉၀ ရာခိုင်နှုန်းကျော်က ကျောင်းပြန်မတက်ခဲ့ကြောင်း သိရသည်။ မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ဆရာများအားလုံး၏ သုံးပုံတစ်ပုံခန့်က CDM အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသဖြင့် အလုပ်ထုတ်ခံခဲ့ရကြောင်း ဆရာများအဖွဲ့က ဆိုသည်။ အလုပ်ထုတ်ခံရသည့် ရန်ကုန်မြို့မှ ဆရာတစ်ဦးက မေလအတွင်း နိုင်ငံတကာ မီဒီယာကို ပြောဆိုရာတွင် "အဖမ်းခံရမှာ နှိပ်စက်ခံရမှာကို မကြောက်ပါဘူး။ ကျောင်းသူကျောင်းသားတွေကို ဝါဒဖြန့်တာတွေ သင်ပေးရမယ့် ဆရာတစ်ယောက်ဖြစ်လာမှာပဲ ကြောက်တာပါ။" ဧရိယာ်လဆန်းပိုင်းတွင် ကိုဗစ်-၁၉

တတိယလှိုင်းကြောင့် မူလတန်းနှင့် အလယ်တန်းကျောင်းများအားလုံးကို ပိတ်ရန် စစ်အာဏာပိုင်များက အမိန့်ထုတ်ပြန်ခဲ့သည်။ ကျောင်းများကို နှစ်မကုန်မီ ပြန်လည်ဖွင့်လှစ်ခဲ့သည်။

UNICEF ၏ ဇူလိုင်လ ထုတ်ပြန်ချက်တွင် စစ်အာဏာပိုင်များနှင့် ဒီမိုကရေစီရေးအဖွဲ့များက ကျောင်းများနှင့် ကျောင်းဝန်ထမ်းများကို အကြိမ် ၁၈၀ တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းအနက် စစ်တပ်က ပညာရေး အဆောက်အအုံ အနည်းဆုံး ၁၅၇ ခုကို စစ်တပ်အတွက် အသုံးချခဲ့ကြောင်း ဖော်ပြထားသည်။

ကလေးသူငယ် မတရားမှု- ဥပဒေများသည် ကလေးသူငယ် မတရားမှုကို ထိရောက်စွာ တားမြစ်ထားခြင်း မရှိသလို အာဏာသက်ရောက်မှုလည်း မရှိပါ။ ကုလသမဂ္ဂ၏ ဇူလိုင်လ ထုတ်ပြန်ချက်တွင် စစ်အာဏာသိမ်းပြီးနောက် ရာနှင့်ချီသည့် ကလေးများသည် အသတ်ခံရခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ ချို့တဲ့သွားခြင်းများ ရှိခဲ့ပြီး ဆန္ဒပြမှုများနှင့် ရင်ဆိုင်ပဋိပက္ခများအတွင်း ကလေး ၁,၀၀၀ ခန့် ဖမ်းဆီးခံရကြောင်း ဖော်ပြထားသည်။ ကလေးအခွင့်အရေးဆိုင်ရာ ညီလာခံ၏ ဥက္ကဋ္ဌက ကလေးများသည် စစ်အာဏာသိမ်းပြီးချိန်မှစပြီး "စစ်သည်ဗိုလ်ပါဖြင့် ဝန်းရံလုပ်ကြံခံနေရသည်" ဟု ပုံဖော်ပြောဆိုခဲ့သည်။

ကလေးသူငယ် စောစီးစွာ အတင်းအကြပ် လက်ထပ်စေခြင်း- ဘာသာရေးနှင့် ကျား-မ အပေါ် မူတည်၍ လက်ထပ်ခွင့်ရှိသည့် အနည်းဆုံး အသက်အရွယ်ကန့်သတ်ချက်များကို ဥပဒေက ကွဲပြားစွာ ပြဋ္ဌာန်းထားသည်။ ဗုဒ္ဓဘာသာဝင်အတွက် အနည်းဆုံး အသက် ၁၈ နှစ်ရှိရမည်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်မဟုတ်သူအတွက် ယောကျ်ားလေးက ၁၆ နှစ်နှင့် မိန်းကလေးက ၁၅ နှစ် ဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင်

အသက်မပြည့်ဘဲ လက်ထပ်ခြင်းများ ဖြစ်ပေါ်သည်။ အတင်းအဓမ္မ လက်ထပ်စေခြင်းနှင့် ပတ်သက်သည့် ယုံကြည်စိတ်ချရသည့် ကိန်းဂဏန်းများ မရရှိပါ။

ကလေးများအား လိင်မှုဆိုင်ရာ အမြတ်ထုတ်မှု- ဘန်ကောက်အခြေစိုက် နိုင်ငံတကာ အန်ဂျီအိုတစ်ခုဖြစ်သည့် အာရှကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ကလေးပြည့်တန်ဆာ အသုံးချမှု အဆုံးသတ်ရေး (ECPAT) အဖွဲ့က ကလေးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် အနိုင်အထက်ပြုမှုပြဿနာသည် ကိန်းဂဏန်းများ ရှားပါးသော်လည်း "ကျယ်ကျယ်ပြန့်ပြန့်" ဖြစ်ပေါ်နေကြောင်း ပြောဆိုထားသည်။ နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းနေထိုင် အလုပ်လုပ်ကိုင်ကြသူများဖြစ်ပြီး ၎င်းတို့နှင့် အတူလိုက်ပါလာသည့် ကလေးများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အဓမ္မ လက်ထပ်ခြင်းနှင့် လူကုန်ကူးခြင်း အန္တရာယ်များနှင့် ပိုမိုရင်ဆိုင်နိုင်ဖွယ် ရှိကြောင်း UNICEF အဖွဲ့က ဆိုသည်။

ဥပဒေအရ ပြည့်တန်ဆာလုပ်ငန်း အပါအဝင် ကလေးများအား လိင်မှုဆိုင်ရာ အမြတ်ထုတ်မှုကို တားမြစ်ထားသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပါ သီးခြားပြဋ္ဌာန်းချက်များက အသက် ၁၄ နှစ်အောက် ကလေးသူငယ်နှင့် လိင်ဆက်ဆံခြင်းကို တားမြစ်ထားသည်။ အသက် ၁၈ နှစ်အောက် ကလေးနှင့် လိင်ဆက်ဆံမှု ရောင်းဝယ်ခြင်းအတွက် ပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ် ဖြစ်သည်။ ဥပဒေက ကလေးသူငယ် ညစ်ညမ်းပုံများကို တားမြစ်ထားပြီး ယင်းအတွက် အနည်းဆုံး ထောင်ဒဏ် ၂ နှစ်နှင့် သင့်တင့်သော ဒဏ်ငွေ ပြစ်ဒဏ် သတ်မှတ်ထားသည်။ ကလေးအခွင့်အရေးဆိုင်ရာ ဥပဒေအရ ကလေးများအား လိင်လုပ်ငန်းအတွက် လူကုန်ကူးခြင်း သို့မဟုတ် အတင်းအကြပ် လက်ထပ်စေခြင်းတို့အတွက် ထောင်ဒဏ်

တစ်နှစ်မှ ခုနစ်နှစ်အထိ သို့မဟုတ် များပြားသည့် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ကျခံစေရန် ပြဋ္ဌာန်းထားသည်။ အကယ်၍ ကျူးလွန်ခံရသူက အသက် ၁၄ နှစ်အောက်ဖြစ်ပါက အသက်မပြည့်သေးသူနှင့် ကာမစပ်ယှက်၍ ဥပဒေ ပြဋ္ဌာန်းချက်အရ အဓမ္မပြုမှုမြောက်သည်ဟု သတ်မှတ်သည်။ အသက်မပြည့်သေးသူနှင့် ကာမစပ်ယှက်၍ ဥပဒေပြဋ္ဌာန်းချက်အရ အဓမ္မပြုမှုမြောက်သည့် ကျူးလွန်မှုတွင် ကျူးလွန်ခံရသူက အသက် ၁၂ နှစ်နှင့် ၁၄ နှစ်ကြားဖြစ်ပါက အများဆုံး ထောင်ဒဏ် ၂ နှစ် အပြစ်ပေးနိုင်ပြီး ကျူးလွန်ခံရသူက အသက် ၁၂ နှစ်အောက် ဖြစ်ပါက ပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ်တစ်သက် ဖြစ်သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေအရ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ အမြတ်ထုတ်ရန် လူကုန်ကူးခြင်း ကျူးလွန်မှုဟု သတ်မှတ်နိုင်ရန်အတွက် အင်အားသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း သို့မဟုတ် အတင်းအကြပ်ပြုခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ထင်ရှားစေခြင်း လိုအပ်သည်။ ဖယ်ရှားခံရသည့် အရပ်သားအစိုးရက ယင်းဥပဒေများကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ စောင့်ကြည့်အကဲဖြတ်မှု ယန္တရား ကင်းမဲ့နေခြင်း၊ အကောင်အထည် ဖော်ဆောင်ရာတွင် ထိရောက်မှု ရှိစေရန်အတွက် အများပြည်သူ ရယူနိုင်သည့် အချက်အလက်များ ကင်းမဲ့နေခြင်းတို့ကို ECPAT က ကိုးကားဖော်ပြထားသည်။

နေရပ်စွန့်ခွာနေရသော ကလေးသူငယ်များ- နေရပ်စွန့်ခွာနေရသော ပြည်တွင်းအိုးအိမ်မဲ့ လူဦးရေသည် အောက်တိုဘာလအထိ ၅၈၉,၀၀၀ ဦးရှိပြီး ယင်းအနက် ၃၇ ရာခိုင်နှုန်းခန့်က ကလေးများဖြစ်သည်။

နိုင်ငံတကာ ကလေးသူငယ်များ အဓမ္မခေါ်ဆောင်မှု- ဤနိုင်ငံသည် ၁၉၈၀ နိုင်ငံတကာ ကလေးသူငယ် အဓမ္မခေါ်ဆောင်မှုအပေါ် ပြည်သူ့အမြင်များဆိုင်ရာ ဟေ့ဂ်ညီလာခံ

အဖွဲ့ဝင်မဟုတ်ပါ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ *မိဘက ကလေးသူငယ်အား အဓမ္မခေါ်ဆောင်မှုဆိုင်ရာ နိုင်ငံတကာ နှစ်ပတ်လည် အစီရင်ခံစာ* ကို https://travel.state.gov/content/travel/en/International-Parental-Child-Abduction/for-providers/legal-reports-and-data/reported-cases.html တွင် ကြည့်ပါ။

ဂျူးဆန့်ကျင်ရေးဝါဒ

ရန်ကုန်မြို့တွင် ဂျူးလူမျိုး အနည်းငယ် စုရုံးဝတ်ပြုရာ ရဟူဒီ ဘုရားကျောင်း တစ်ကျောင်းရှိပြီး အများအားဖြင့် အရပ်တပါးမှ ရွှေ့ပြောင်းလာကြသော ဂျူးလူမျိုးများ ဖြစ်သည်။ ဂျူးဆန့်ကျင်ရေး လုပ်ဆောင်ချက်များရှိကြောင်း မကြားသိရပါ။

လူကုန်ကူးခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၏ *လူကုန်ကူးမှု အစီရင်ခံစာ* ကို https://www.state.gov/trafficking-in-persons-report/ တွင် ကြည့်ပါ။

မသန်စွမ်းသူများ

ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံမှုဆိုင်ရာ၊ အသိဉာဏ်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုများကို ဥပဒေက တားမြစ်ထားသည်။ မသန်စွမ်းသူများအား အလုပ်အကာအကွယ်ပေးခြင်း၊ ပညာရေးတန်းတူရရှိစေခြင်း၊ အများသုံး သယ်ယူပို့ဆောင်ရေးကို အသုံးပြုနိုင်ခြင်းများအား ဥပဒေက ပြဋ္ဌာန်းထားသော်လည်း ယင်းပြဋ္ဌာန်းချက်များ အာဏာသက်ရောက်မှုရှိစေရန် ထိရောက်စွာ ဆောင်ရွက်မှု မရှိပါ။ မသန်စွမ်းကလေးများဆိုင်ရာ အီဒင်စင်တာ၏ အဆိုအရ မသန်စွမ်းသော ကလေးများသည် အခြားကလေးများနှင့် စာလျှင်

ကျောင်းတက်နှုန်း နိမ့်ကြောင်း သိရသည်။ ကိုဗစ်-၁၉ လျော့ကျရေးအတွက် ကန့်သတ်ချက်များနှင့် စစ်အာဏာသိမ်းခြင်းတို့ကြောင့် မသန်စွမ်းကလေးများ ပညာသင်ယူမှု၊ မသန်စွမ်းသူများအပေါ် မလိုလားသည့်အမြင်များနှင့် ခွဲခြားဆက်ဆံမှုများကို လျှော့ချရန် အဓိကထားသည့် အစီအစဉ်များ အပါအဝင် ယင်းဝန်ဆောင်မှုများရယူနိုင်မှုအတွက် ပို၍ အကန့်အသတ် ဖြစ်စေသည်။

မြို့ပြဒေသရှိ မသန်စွမ်း စစ်မှုထမ်းဟောင်းများသည် ဦးစားပေးမှု အခြေခံဖြင့် တူညီသည့် အဆင့်လစာရှိသော နိုင်ငံ့ဝန်ထမ်းအလုပ်ကို တရားဝင်အကျိုးခံစားခွင့်အဖြစ် ရလေ့ရှိကြသည်။ မူအရ အရပ်ဘက် မသန်စွမ်းသူများအား တရားဝင်အကူအညီ ပေးမှုတွင် ယာယီမသန်စွမ်းမှုအတွက် လစာ၏ သုံးပုံနှစ်ပုံကို အများဆုံး တစ်နှစ်နှင့် အမြဲတန်းမသန်စွမ်းမှုအတွက် အခွန်လွတ် ထောက်ပံ့ကြေးတို့ ပါဝင်သည်။

အိပ်ချ်အိုင်ဗီနှင့် အေ့ဒ်စ် လူမှုရေး အမည်းစက်

အိပ်ချ်အိုင်ဗီ/ အေ့ဒ်စ် ကူးစက်ခံထားရသူ လူပုဂ္ဂိုလ်များအပေါ် အလုပ်အကိုင် ခွဲခြားဆက်ဆံခံရမှုများ အပါအဝင် လူမှုအဖွဲ့အစည်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် နှိမ်ချဆက်ဆံမှုများ ဆက်လက် ဖြစ်ပေါ်နေခဲ့သည်။ နှုတ်အားဖြင့် စော်ကားပြောဆိုခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းများ အပါအဝင် အနိုင်ကျင့်မှုများရှိကြောင်း သတင်းများရရှိသည်။ ဥပဒေများ၊ လူမှုရေးနှင့် ငွေကြေးအတားအဆီးများကြောင့် အိပ်ချ်အိုင်ဗီ/အေ့ဒ်စ် ရှိသူများအတွက် ဝန်ဆောင်မှုများ ရရှိရန် ကြန့်ကြာနေဆဲဖြစ်သည်။ ယင်းအတားအဆီးများတွင် လူမှုရေးအမည်းစက်၊ မလိုလားအပ်သော လိင်သတ်မှတ်ချက်များ၊ မကောင်းမွန်သော အခြေခံ အဆောက်အအုံ၊ အမြစ်တွယ်နေသည့် မူးယစ်ဆေး ကုန်သွယ်မှု၊ နိုင်ငံရေး

မတည်ငြိမ်မှုနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါတို့ ပါဝင်ကြသည်။ ဥပဒေများက အိပ်ချ်အိုင်ဗီ/ အေ့ဒ်စ် ကူးစက်နိုင်ခြေများသည့် အပြုအမူများကို ပြစ်မှုအဖြစ် ပြဋ္ဌာန်းထားခြင်းကြောင့် ယင်းသို့ ပြုမူသည့်သူများအား မနှစ်မြို့ခြင်း၊ ခွဲခြားဆက်ဆံမှုပြုခြင်းတို့ကို တွန်းအားပေးသကဲ့သို့ ဖြစ်နေပြီး ၎င်းတို့အတွက် အိပ်ချ်အိုင်ဗီ ကာကွယ်တားဆီးရေး၊ ကုသရေးနှင့် စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ရရှိနိုင်မှုကို အဟန့်အတားများ ဖြစ်စေပါသည်။

နိုင်ငံရေးမတည်ငြိမ်မှုကြောင့် အရေးတကြီး လုပ်ဆောင်ရမည့် အရာများကို စစ်အာဏာပိုင်များက ရပ်ဆိုင်းထားပြီး ၎င်းတို့နှင့် ပတ်သက်သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့များက စစ်အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံမှုကို လျှော့ချခဲ့သည်။

လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်သတ်မှတ်ချက်များအပေါ် အခြေခံသော အကြမ်းဖက်မှု၊ ပြစ်မှုအဖြစ်သတ်မှတ်မှုနှင့် အခြားသော မတရားမှု လုပ်ရပ်များ

အမျိုးသားအချင်းချင်း သဘောတူညီပြီး လိင်ဆက်ဆံမှုသည် ပြစ်မှုမြောက်သော်လည်း ပြီးခဲ့သည့်နှစ်များတွင် ပြုလုပ်ခဲ့သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများက အမျိုးသမီးချင်းစိတ်ဝင်စားသူများ၊ အမျိုးသားချင်း စိတ်ဝင်စားသူများ၊ လိင်တူ/လိင်ကွဲနှစ်မျိုးလုံး စိတ်ဝင်စားသူများ၊ လိင်ပြောင်းထားသူများ၊ ကျား-မ သမရိုးကျ လိင်သတ်မှတ်ချက်နှင့် မကိုက်ညီသူများ စသည့် လိင်ကွဲပြားမှု အမျိုးမျိုး (LGBTQI+) အသိုင်းအဝိုင်းအတွက် အများပြည်သူဆိုင်ရာ အခမ်းအနားများ ကျင်းပရေးနှင့် လူမှုအဖွဲ့အစည်းတွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ရေးတို့ကို ပိုမိုလွယ်ကူစေခဲ့သည်။ ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအမည်းစက်နှင့်

လက်သင့်မခံခြင်းများက သာမန်ပြည်သူလူထုအကြား ဆက်လက်ရှိနေဆဲ ဖြစ်သည်။ ဥပမာ လိင်ပြောင်းထားသူများသည် ရဲတပ်ဖွဲ့၏ နှောင့်ယှက်မှုကို ခံရလေ့ရှိပြီး ၎င်းတို့၏ လိင်သတ်မှတ်ချက်ကို အသိအမှတ် မပြုကြပေ။ စစ်အာဏာသိမ်းပြီးနောက်တွင် LGBTQI+ များအား အကြမ်းဖက်မှု ပိုမိုတိုးများလာကြောင်း သတင်းများတွင် ဖော်ပြသည်။ စစ်အာဏာရှင်များအား ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေစဉ်အတွင်း LGBTQI+ အသိုင်းအဝိုင်းမှ အနည်းဆုံး ၁၂ ဦးသေဆုံးခဲ့ပြီး ၇၃ ဦး ဖမ်းဆီးခံရကြောင်း အန်ယူဂျီ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးက ဇူလိုင်လတွင် ပြောဆိုခဲ့သည်။ နိုဝင်ဘာလအတိ LGBTQI+ အသိုင်းအဝိုင်းမှ အနည်းဆုံး ၆၅ ဦးအဖမ်းခံရပြီး ဖမ်းဆီးချုပ်နှောင်ခံနေရဆဲဖြစ်ကြောင်းနှင့် ၂၈ ဦးမှာ ပုန်းခိုနေခြင်း သို့မဟုတ် လွတ်မြောက်နယ်မြေသို့ ထွက်ပြေးခဲ့ကြကြောင်း သိရသည်။ လွတ်လပ်သည့်အာရှအသံ၏ သတင်းအရ ဒီမိုကရေစီရေး ထောက်ခံအားပေးသူ LGBTQI+ များအား ဖမ်းဆီးပြီးနောက်ပိုင်း စစ်အာဏာရှင်များက ပစ်မှတ်ထားနှိမ်ချခြင်းများ ပြုလုပ်ခဲ့ရာတွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ မခံချိမခံသာဖြစ်အောင် စော်ကားပြောဆိုမှုများ၊ အဝတ်အစားများကို လှောင်ပြောင်ခြင်းနှင့် ကိုယ်ထိလက်ရောက် ရိုက်နှက်မှုများလည်း ပါဝင်သည်။

လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များပေါ် အခြေခံပြီး အလုပ်ခန့်အပ်ရာတွင် ခွဲခြားဆက်ဆံမှုများ ရှိကြောင်း သတင်းများ ရရှိသည်။ LGBTQI+ အများအပြားသည် ၎င်းတို့၏ ရွေးချယ်မှုအပေါ် ပြောဆို သို့မဟုတ် မြင်သာပါက ပညာသင်ကြားရေးနှင့် အလုပ်အကိုင် ရရှိရေးတို့တွင် ကြီးမားသည့် အဟန့်အတားများနှင့် ရင်ဆိုင်ကြရသည်။ LGBTQI+ များသည် ကျန်းမာရေးဝန်ထမ်းများထံမှလည်း ခွဲခြားဆက်ဆံမှု ခံကြရရာတွင် လူသိရှင်ကြား

အရှက်ခွဲခြင်းများလည်း ရှိသည်။

ဗြိတိသျှကောင်စီ၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာတစ်စောင်တွင် LGBTQI+ ယဉ်ကျေးမှုကို လက်ခံရေး/မခံရေးအတွက် အမြင်သဘောထား ကွဲပြားမှုများရှိနေကြောင်း ဖော်ပြထားသည်- ဖြေဆိုသူ၏ ငါးဆယ်ရာခိုင်နှုန်းက လက်မခံပါ။ ခြုံငုံကြည့်လျှင် ယင်းအမြင်သဘောထားဖြေဆိုသူများသည် ယေဘုယျအားဖြင့် LGBTQI+ လူပုဂ္ဂိုလ်များကို လက်ခံလိုကြသော်လည်း မေးမြန်းခံရသူ၏ မိသားစုအသိုင်းအဝိုင်း သို့မဟုတ် နိုင်ငံရေးသမား LGBTQI+ ဖြစ်နေပါက ၎င်းတို့အား လက်ခံလိုမှု နည်းပါးကြသည်။

အပိုင်း ၇။ အလုပ်သမားအခွင့်အရေး

က။ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းတောင်းဆိုပိုင်ခွင့်

ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အလုပ်သမားအစည်းအရုံးများကို ကျယ်ကျယ်ပြန့်ပြန့် ဖိနှိပ်လာရာတွင် အလုပ်သမား သမဂ္ဂခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ၎င်းတို့၏ အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးအရ လုပ်ဆောင်ခြင်းများ အတွက် တရားလက်လွတ် သတ်ဖြတ်ခြင်းများ၊ တရားဥပဒေနှင့် မညီညွတ်သည့် ဖမ်းဆီးထိန်းသိမ်းခြင်းများကို စစ်အာဏာရှင်များက ကျူးလွန်ခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက် အလုပ်သမားဥပဒေများသည် အများအားဖြင့် အာဏာသက်ရောက်ခြင်း မရှိပါ သို့မဟုတ် အသင်းအပင်းဖွဲ့စည်းမှုနှင့် အလုပ်သမားအရေး လှုပ်ရှားသူများအား ဆန့်ကျင်ရန်အတွက်သာ အဓိက အသုံးပြုခဲ့ပြီး လုပ်ငန်းပိုင်ရှင်များနှင့် စစ်အာဏာရှင်

အကျိုးစီးပွားအတွက် အသုံးချခဲ့သည်။

အနည်းဆုံး အလုပ်သမား သမဂ္ဂ ၁၆ ခုကို တရားမဝင်ကြောင်း စစ်တပ်က ကြေညာခဲ့ပြီးနောက် သမဂ္ဂခေါင်းဆောင် ၈၅ ဦးနှင့်အထက်ကို ဖမ်းဝရမ်းထုတ်ခဲ့ရာတွင် မြန်မာနိုင်ငံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ ၁၁ ဦး ပါဝင်ပြီး သမဂ္ဂခေါင်းဆောင် အများအပြားသည် အကျဉ်းထောင်များတွင် ဖမ်းဆီးချုပ်နှောင်ခံနေရကာ အချို့မှာ ပျောက်ဆုံးနေသည်။ အလုပ်သမားသမဂ္ဂများနှင့် သမဂ္ဂခေါင်းဆောင်များ၏ နေအိမ်များကို ဝင်ရောက်စီးနှင်းကြောင်း သတင်းပေးပို့ချက် အများအပြားရရှိသည်။ သမဂ္ဂခေါင်းဆောင် တစ်ဒါဇင်ကျော် အသတ်ခံခဲ့ရသည်။

အလုပ်သမားများအား လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ထူထောင်ခွင့်နှင့် အဖွဲ့သို့ ဝင်ရောက်ခွင့်၊ စုပေါင်းစေ့စပ်ညှိနှိုင်းခွင့်နှင့် ဆန္ဒပြခွင့်တို့ကို ဥပဒေက ခွင့်ပြုထားသည်။ ဥပဒေအရ သမဂ္ဂလှုပ်ရှားမှုကြောင့် အလုပ်ထုတ်ခံရသော အလုပ်သမားများအား ပြန်လည်ခန့်ထားရန် တောင်းဆိုခွင့် ရှိသော်လည်း ရာထူးအဆင့်လျှော့ချခြင်း သို့မဟုတ် မပြောင်းမနေရ ပြောင်းရွှေ့စေခြင်းမျိုးဖြင့် သမဂ္ဂဆန့်ကျင်သည့် ခွဲခြားဆက်ဆံမှုများကို အတိအလင်း တားမြစ်ထားခြင်းမရှိသလို သမဂ္ဂတစ်ခုဖွဲ့စည်းရန် ကြိုးပမ်းကြသော အလုပ်သမားများအတွက် အကာအကွယ်ပေးမှုကိုလည်း တိတိပပ ဖော်ပြထားခြင်း မရှိပါ။ သမဂ္ဂကို တရားဝင်မှတ်ပုံတင် မပြီးမီ အလုပ်သမားများအား အလုပ်ထုတ်ပစ်ခြင်းအတွက် လုံလောက်သော ကာကွယ်ပေးမှုကို ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိပါ။ အစိုးရဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများနှင့် ရဲဝန်ထမ်းများအား သမဂ္ဂဖွဲ့စည်းခြင်းကို ဥပဒေက တားမြစ်ထားသည်။ အလုပ်သမားများအား ၎င်းတို့၏ ကုန်သွယ်မှု သို့မဟုတ် လုပ်ငန်းအမျိုးအစားအတွင်းရှိ

သမဂ္ဂများတွင်သာ ဥပဒေအရ ပါဝင်ခွင့်ပြုထားပြီး ကုန်သွယ်မှု သို့မဟုတ် လုပ်ငန်း၏ အဓိဟာယ်ဖွင့်ဆိုချက်မှာ ရှင်းလင်းမှု မရှိပါ။ အခြေခံအလုပ်သမားအဖွဲ့အစည်းများတွင် အနည်းဆုံး အလုပ်သမား ၃၀ ဦးရှိရမည်ဖြစ်ပြီး မြို့နယ်မှတ်ပုံတင်အရာရှိမှတစ်ဆင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (အလုပ်သမား ဝန်ကြီးဌာန) ၏ မှတ်ပုံတင်အရာရှိချုပ်ရုံးတွင် မှတ်ပုံတင်ရမည် ဖြစ်သည်။ အလုပ်သမားအဖွဲ့ချုပ်များနှင့် ပူးပေါင်းအဖွဲ့အစည်းများများသည် နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်များနှင့် ပူးပေါင်းအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းကို ဥပဒေက ခွင့်ပြုထားသည်။

အလုပ်သမားကိစ္စရပ်များကို ဆောင်ရွက်နေသည့် အန်ဂျီအိုများ အပါအဝင် ပြည်တွင်းအန်ဂျီအိုများသည် နိုင်ငံခြားထောက်ပံ့ငွေကို လက်မခံသ၍ ဆန္ဒအလျောက် မှတ်ပုံတင်ရန် ဥပဒေက ခွင့်ပြုထားသည်။ စစ်အာဏာပိုင်များသည် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO) ပြည်တွင်းရုံး၏ လုပ်ဆောင်ချက်များကို ဝင်ရောက်စွက်ဖက်နေရာတွင် ဘဏ္ဍာအကောင့်များအား ကန့်သတ်ခြင်းများ၊ ILO အရာရှိများ၏ ဗီဇာကို ငြင်းပယ်ခြင်း၊ အခွန်ကင်းလွတ်ခွင့်မပြုခြင်းများ မှတစ်ဆင့် လုပ်ဆောင်ခြင်းများ ပါဝင်သည်။

သမဂ္ဂများအနေနှင့် အလုပ်သမားများအား ကိုယ်စားပြုခွင့်၊ စေ့စပ်ညှိနှိုင်းခွင့်၊ အလုပ်သမားများနှင့် စုပေါင်းညှိနှိုင်းခွင့်များကို ဥပဒေက ပေးထားပြီး ညှိနှိုင်းရေးအဖွဲ့ သို့မဟုတ် ညှိနှိုင်းရေးခုံအဖွဲ့သို့ ကိုယ်စားလှယ်များ စေလွှတ်ခွင့် ပြုထားသည်။ သို့ရာတွင် အလုပ်ရှင်များက အရေးယူမခံရပဲ မိမိတို့ကြိုက်သလို သို့မဟုတ် စစ်တပ်၏ ပံ့ပိုးမှုဖြင့် သမဂ္ဂခေါင်းဆောင်များအား အလုပ်ထုတ်ကြောင်း သတင်းပေးပို့ချက်များ ရရှိသည်။

အစိုးရနှင့် အစိုးရမဟုတ်သော ကိုယ်စားလှယ်များပါဝင်သည့် စီမံခန့်ခွဲမှု ကော်မတီတစ်ရပ်သည် အထူးစီးပွားရေးဇုံတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား အငြင်းပွားမှုကို ပထမဆုံးအဆင့်အဖြစ် ညှိနှိုင်းဆောင်ရွက်ရန် ဥပဒေက ပြဋ္ဌာန်းထားသည်။

သို့ရာတွင် မတ်လအတွင်းတွင် စစ်တပ်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာနှင့် ရွှေပြည်သာ မြို့နယ်များရှိ အဓိက စက်မှုဇုံ နှစ်ခုတွင်သာမက စက်မှုလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်း အများအပြားရှိသည့် အခြားမြို့နယ်များကိုလည်း စစ်အုပ်ချုပ်ရေး ကြေညာပြီး ထိန်းချုပ်မှုများကို လွှဲပြောင်းယူလိုက်သည်။ အချို့အလုပ်ရှင်များသည် စစ်တပ်နှင့် ဆက်စပ်နေသည့် လုံခြုံရေးအစောင့်များကို ငှားရမ်းပြီး အလုပ်သမားများအား ခြိမ်းခြောက်နှောက်ယှက်မှုများ ပြုလုပ်ကြောင်း အလုပ်သမားကိုယ်စားလှယ်များက စွပ်စွဲခဲ့ပြီး တစ်ခါတစ်ရံ အငြင်းအခုံများအရှိန်မြင့်လာပါက သေစေနိုင်သော အကြမ်းဖက်မှုများ အထိ ဖြစ်ပေါ်ခဲ့သည်။ မတ်လ ၁၆ ရက်နေ့က ရှင်းဂျာ (Xing Jia) ဖိနပ်စက်ရုံတွင် လုပ်ခတောင်းဆိုသည့် အလုပ်သမားတစ်စုနှင့် အငြင်းအခုံဖြစ်ပွားခဲ့ရာ အလုပ်ရှင်က ရဲခေါ်ပြီး ဖြေရှင်းခိုင်းခဲ့ကြောင်း သတင်းရရှိသည်။ ရဲက ပစ်ခတ်သဖြင့် အနည်းဆုံး အလုပ်သမား ၆ ဦး သေဆုံးခဲ့သည်။

ဥပဒေအရ ကဏ္ဍအများစုတွင် သပိတ်မှောက်ခြင်းကို ခွင့်ပြုထားပြီး သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ ခွင့်ပြုချက်ကဲ့သို့သော လိုအပ်ချက်များ ရှိသည်။ ဥပဒေက အလုပ်နှင့် တိုက်ရိုက်မပတ်သက်သော ပြဿနာများအတွက် သပိတ်မှောက်ခွင့် မပြုပါ။ ရေ၊ မီးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကဲ့သို့ မရှိမဖြစ်လိုအပ်သော

ဝန်ဆောင်မှုလုပ်ငန်းများတွင် သပိတ်မှောက်ခြင်း သို့မဟုတ် အလုပ်ပိတ်ခြင်းများကို ဥပဒေက ခွင့်မပြုပါ။ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ (သယ်ယူပို့ဆောင်ရေး၊ ကုန်တင်ကုန်ချလုပ်ငန်း၊ စာတိုက်လုပ်ငန်း၊ သန့်ရှင်းရေး၊ သတင်းနှင့် ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ နည်းပညာ၊ စွမ်းအင်၊ ရေနံနှင့် ငွေကြေးကဏ္ဍများ အပါအဝင်) အတွက် သက်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးအဖွဲ့များသို့ ၁၄ ရက် ကြိုတင်အကြောင်းကြားကာ အလုပ်ပိတ်ခွင့် ပြုထားသည်။
ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သပိတ်မှောက်ခြင်းသည် ယေဘုယျအားဖြင့် အခြားကဏ္ဍများရှိ အလားတူလုပ်ငန်းများကဲ့သို့ပင် ဖြစ်သော်လည်း အနိမ့်ဆုံးလိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းအဆင့်ကို ဆုံးဖြတ်နိုင်ရန်အတွက် သပိတ်မမှောက်မီ ၇ ရက် ကြိုတင်အကြောင်းကြားခြင်းနှင့် အလုပ်သမားများနှင့် စီမံအုပ်ချုပ်သူများအကြား စေ့စပ်ညှိနှိုင်းခြင်းတို့ကို ပြုလုပ်ရသည်။

အစိုးရသည် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်ဆိုင်ရာ အလုပ်သမားဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်မှု မရှိပါ။ အလုပ်သမားဥပဒေဆိုင်ရာ ဖောက်ဖျက်မှုများအတွက် ပြစ်ဒဏ်များသည် နိုင်ငံသားအခွင့်အရေး ငြင်းပယ်ခြင်းနှင့် သက်ဆိုင်သည့် အခြားဥပဒေများနှင့် တူညီဖြစ်သည်။ သို့သော် ယင်းဥပဒေများကို အဓိကအားဖြင့် လွတ်လပ်သော ကုန်သွယ်မှုသမဂ္ဂများအား နှိပ်ကွပ်ရန် အသုံးချပြီး အလုပ်ရှင်များအား အရေးယူရန် မဟုတ်ပေ။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း သပိတ်မှောက်ခြင်း၊ အလုပ်သမားများ စုပေါင်းလုပ်ဆောင်ခြင်းတို့အား စစ်တပ်က လက်တုံ့ပြန်ခဲ့ရာတွင် သေနတ်နှင့် ချိန်ပြီး အလုပ်ပြန်ဝင်ခိုင်းခြင်းများလည်း ရှိသည်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်

မန္တလေးမြို့ရှိ သဘော်နှင့် ဆိပ်ခံတံတား အလုပ်သမားများက CDM ကို ထောက်ခံပံ့ပိုးသည့်အနေနှင့် သပိတ်မှောက်ခဲ့ကြသည်။ စစ်တပ်က သေနတ်ဖြင့် ချိန်ရွယ်ပြီး အဓမ္မအလုပ်ပြန်ဝင်ခိုင်းခဲ့သော်လည်း ကြီးမားသည့် လူအုပ်စုက စုရုံးပြီး စစ်တပ်အဖွဲ့ဝင်များအား ပိတ်ဆို့ဟန့်တားခဲ့ကြောင်း သတင်းများ ရရှိသည်။ စစ်တပ်က လူအုပ်တွင်းသို့ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူများ သေဆုံးခဲ့ရသည်။ သပိတ်မှောက် မီးရထားဝန်ထမ်းများနှင့် သူတို့၏ မိသားစုများအား နေအိမ်များမှ နှင်ချခဲ့သဖြင့် ထွက်ပြေးခဲ့ကြရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်များရပ်တန့်ရေးသပိတ် မတ်လ ၈ ရက်နေ့တွင် စတင်ခဲ့ရာတွင် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍမှ အလုပ်သမားအားလုံး အလုပ်ပြန်ဝင်ရမည်ဖြစ်ပြီး ထိုသို့မပြုလုပ်ပါက ရာဇဝတ်မှုနှင့် စွဲချက်တင်ခံရမည်ဖြစ်ကြောင်း စစ်တပ်က လူသိရှင်ကြား ကြေညာခဲ့သည်။ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ၏ ဌာနအသီးသီးမှ အနည်းဆုံး အလုပ်သမား ၁,၁၀၀ သည် CDM တွင် ပါဝင်ခဲ့သဖြင့် ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် အပြစ်ပေးခံရခြင်းများရှိကြောင်း သတင်းများ ရရှိသည်။

သမဂ္ဂဖွဲ့စည်းထားသည့် အချို့စက်ရုံများတွင် အလုပ်သမားများသည် ခွင့်ယူပြီး ဆန္ဒပြပွဲတက်ရောက်နိုင်မည့် အာမခံချက်အတွက် ခွင့်ဆိုင်ရာသဘောတူညီချက်များကို ညှိနှိုင်းခဲ့ကြသည်။ အချို့ကိစ္စများတွင် အလုပ်ရှင်က ငြင်းဆိုသဖြင့် အလုပ်ပိတ်ခြင်းများ ဖြစ်ပေါ် ခဲ့သည်။ CDM တွင် ပါဝင်ခြင်းကြောင့် အလုပ်သမားများအား အလုပ်မှထုတ်ခံရကြောင်း သတင်း အများအပြားရရှိသည်။ အလုပ်သမားများ CDM လှုပ်ရှားမှုတွင် ပါဝင်ပါက အလုပ်ထုတ်ခံရမည်ဟု စက်ရုံများကပြောဆိုကြောင်း

သတင်းပေးပို့ချက်အများအပြားက ဖော်ပြသည်။

တရားဝင် အငြင်းပွားမှု ညှိနှိုင်းခြင်းနှင့် တရားရုံး လုပ်ထုံးလုပ်နည်းများသည် အလုပ်သမား ဥပဒေများကို ထိရောက်စွာ အာဏာသက်ရောက်စေနိုင်ခြင်း မရှိကြောင်း အလုပ်သမားအဖွဲ့အစည်းများက သတင်းပေးပို့သည်။ စစ်အာဏာသိမ်းပြီးနောက်တွင် အလုပ်သမားများ၏ သဘောထားကွဲလွဲမှုများကို စစ်တပ်က ကြားဝင်ဆောင်ရွက်ကြောင်း သတင်းအစီရင်ခံချက် အများအပြား ရှိသည်။

ဒေသန္တရ အလုပ်သမားရုံးများသည် သမဂ္ဂမှတ်ပုံတင်ခြင်းအတွက် မလိုအပ်ဘဲ ကြိုးနီစနစ်ဖြင့် လိုအပ်ချက်များစွာ တောင်းဆိုနေပြီး ၎င်းတို့သည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အလုပ်သမား အဖွဲ့အစည်းများကလည်း သတင်းပေးပို့ကြသည်။

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၏ ပြောဆိုချက်အရ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်လုံခြုံရေးတပ်ဖွဲ့များက သမဂ္ဂအဖွဲ့ဝင်များအား ဖမ်းဆီးနှောက်ယှက်လျက်ရှိရာ မန္တလေးမြို့ရှိ မြန်မာ့အခြေခံအဆောက်အအုံ၊ လက်မှုပညာနှင့် ဝန်ဆောင်မှုသမဂ္ဂရုံးကိုလည်း ဇွန်လက ဝင်ရောက်စီးနှင်းပြီး အထွေထွေအတွင်းရေးမှူးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။ အလုပ်သမား သတင်းအရင်းအမြစ်များအရ အထွေထွေအတွင်းရေးမှူးအား ဧည့်သည်တွေ့ခွင့်မပြုဘဲ ထိန်းသိမ်းထားစဉ် ဥပဒေအကျိုးဆောင် ရယူခွင့်မပြုကြောင်း သိရသည်။ သီးခြားအမှုတစ်ခုတွင် စစ်အာဏာပိုင်များက မြန်မာနိုင်ငံ သွေးစည်းညီညွတ်သော အလုပ်သမား သမဂ္ဂ ဒါရိုက်တာအား သူ့ရုံးခန်းတွင် ဧပြီလအတွင်းက ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးချုပ်နှောင်ထားစဉ် စစ်အာဏာပိုင်များက သမဂ္ဂဒါရိုက်တာ အမျိုးသမီး၏ နာတာရှည်ရောဂါအတွက် ဆေးရရှိနိုင်မှုနှင့် အခြား ကျန်းမာရေးဆိုင်ရာ

လိုအပ်ချက်များကို ငြင်းငယ်ခဲ့ကြောင်း အလုပ်သမား သတင်းအရင်းအမြစ်များက ဆိုသည်။ အောက်တိုဘာလ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ယင်းသမဂ္ဂ ဒါရိုက်တာကို တရားဝင်တရားစွဲဆိုခြင်းမပြုဘဲ ပြန်လွှတ်ပေးခဲ့သည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် စစ်ခုံရုံးစစ်ဆေးကြားနာမှုတစ်ခုဖြင့် သမဂ္ဂစည်းရုံးရေးမှူး နှစ်ဦးဖြစ်သည့် ဦးရန်သူထောက်နှင့် မကြည့်ပြာလေးတို့ကို ထောင်ဒဏ် တစ်သက် ချမှတ်လိုက်သည်။

ခ။ အဓမ္မအလုပ်စေခိုင်းခြင်း သို့မဟုတ် မလုပ်မနေရ အလုပ်ခိုင်းစေခြင်းများကို တားမြစ်ခြင်း

ဥပဒေက အဓမ္မအလုပ်စေခိုင်းခြင်း သို့မဟုတ် မလုပ်မနေရ အလုပ်စေခိုင်းမှုပုံစံ အများစုကို တားမြစ်ထားသော်လည်း စစ်တပ်နှင့် ပြစ်မှုဆိုင်ရာ အဖွဲ့အစည်းများ၏ အဓမ္မအလုပ်စေခိုင်းခြင်းများအား တားဆီးနိုင်သည့် လုံလောက်သည့် အကာအကွယ်များ မရှိပါ။ ဥပဒေက အခြားသူများကို အဓမ္မအလုပ်စေခိုင်းသူအား ပြစ်ဒဏ်များ ပြဋ္ဌာန်းထားသည်။ ဥပဒေသည် အဓမ္မအလုပ်စေခိုင်းခြင်း တားမြစ်ချက်ကို ချိုးဖောက်မှုအတွက် ရာဇဝတ်မှု ပြစ်ဒဏ်များ သတ်မှတ်ထားသည်။ သို့သော် စစ်တပ်၊ အစိုးရ သို့မဟုတ် သာမန်အရပ်သားက ချိုးဖောက်သည်ဆိုသည့် အပေါ်မူတည်၍ ပြစ်ဒဏ်များက ကွဲပြားမှု ရှိသည်။ ပြစ်ဒဏ်များသည် ပြန်ပြေးဆွဲမှုကဲ့သို့သော အလားတူ ကြီးလေးသော ပြစ်ဒဏ်များနှင့် ညီမျှသည်။ စစ်အာဏာပိုင်များက ဤဥပဒေကို ထိရောက်စွာ အာဏာတည်စေရန် မဆောင်ရွက်ခဲ့ဘဲ အထူးသဖြင့် ပဋ္ဌိပက္ခ အများအပြား ဖြစ်ပွားသည့် ဒေသများတွင် ဖြစ်သည်။

၂၀၂၀ နှစ် အစောပိုင်းတွင် အစိုးရက အဓမ္မအလုပ်စေခိုင်းမှုဆိုင်ရာ တိုင်ကြားနိုင်သည့် ယန္တရားတစ်ခုကို အလုပ်သမား ဝန်ကြီးဌာနအောက်တွင် ထူထောင်ခဲ့သည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ယင်းယန္တရား၏ လုပ်ဆောင်ချက် သို့မဟုတ် လက်ခံရရှိသော တိုင်ကြားမှုအရေအတွက် သို့မဟုတ် အရေးယူဆောင်ရွက်မှုများဆိုင်ရာ အချက်အလက်ကိန်းဂဏန်းများ မရရှိပါ။ ILO က စစ်အာဏာပိုင်များ၏ အဓမ္မအလုပ်စေခိုင်းခြင်း အပါအဝင် စစ်အာဏာပိုင်များ၏ လုပ်ဆောင်မှုများကို အလွန်ပင်စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

စစ်အာဏာရှင်များက CDM အဖွဲ့ဝင်များ အလုပ်ပြန်မဝင်ပါက ၎င်းတို့အား ရာဇဝတ်မှုဖြင့် စွဲဆိုမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည် (အပိုင်း ၇။ က ကိုလည်းကြည့်ပါ)။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ *လူကုန်ကူးခြင်းဆိုင်ရာ အစီရင်ခံစာ* ကို https://www.state.gov/trafficking-in-persons-report/ တွင်လည်း ကြည့်ပါ။

၈။ ကလေးလုပ်သား အသုံးချမှုတားမြစ်ခြင်းနှင့် အလုပ်အတွက် အနိမ့်ဆုံးအသက်အရွယ်

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားအသုံးပြုမှုကို ဥပဒေက တားမြစ်ထားသော်လည်း စစ်အာဏာရှင်များက ဥပဒေသက်ရောက်မှုရှိရေး ထိရောက်စွာ လုပ်ဆောင်ခဲ့ခြင်း မရှိပါ။ ဥပဒေအရ အချို့သော ကဏ္ဍများတွင် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်သည် ၁၄ နှစ်ဟု သတ်မှတ်ထားရာ ဈေးဆိုင်များနှင့် စက်ရုံများ ပါဝင်သည်။ ၁၄ နှစ်အထက် ကလေးများကို "လူငယ်အလုပ်သမား" ဟူသော အထူးပြဌာန်းချက်များ ချမှတ်ထားသည်။ သို့ရာတွင် စိုက်ပျိုးရေးနှင့် အိမ်တွင်းအလုပ်များ အပါအဝင် ကလေးများအလုပ်လုပ်သည့်

ကဏ္ဍအားလုံးအတွက် အနိမ့်ဆုံး အသက်အရွယ် ကန့်သတ်ထားခြင်း မပါရှိပါ။ အသက် ၁၆ နှစ်အောက် အလုပ်သမားများအား ဘေးအန္တရာယ်ရှိသော ဝန်းကျင်တွင် အလုပ်စေခိုင်းခြင်း မပြုရန် ဥပဒေက ပြဋ္ဌာန်းထားသော်လည်း မည်သည့်အလုပ်များက အန္တရာယ်ရှိကြောင်း အစိုးရက စာရင်းထုတ်ပြန်ထားခြင်း မရှိပါ။ အချို့သော သီးခြားကဏ္ဍ ဥပဒေများက အသက် ၁၈ နှစ်ထက်ငယ်သော ကလေးများအတွက် တားမြစ်ထားသော လုပ်ငန်းလုပ်ဆောင်မှု များရှိသည်။ ကလေးအခွင့်အရေး ဥပဒေအောက်ရှိ ပြစ်ဒဏ်များသည် ပြန်ပေးဆွဲခြင်းကဲ့သို့ ကြီးမားသည့် ရာဇဝတ်မှု ပြစ်ဒဏ်များနှင့် အလာတူဖြစ်သည်။

ကလေးများသည် အများအားဖြင့် လမ်းဘေးစျေးရောင်းခြင်း၊ အမှိုက်သိမ်းခြင်း၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးခြင်း၊ အထည်ချုပ်ရုံအလုပ်သမားများနှင့် အိမ်အကူများအဖြစ် လုပ်ကိုင်ကြသည်။ ကလေးများသည် အများအားဖြင့် တရားဝင်မဟုတ်သော စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်လေ့ရှိသဖြင့် အချို့နေရာများတွင် မူးယစ်ဆေးနှင့် ခိုးဝှက်မှုများတွင် ပါဝင်ပတ်သက်နိုင်ခြင်း၊ အဖမ်းခံရနိုင်ခြင်း၊ လိင်ဆိုင်ရာ စီးပွားဖြစ်အမြတ်ထုတ်ခံရနိုင်ခြင်း၊ အိပ်ချ်အိုင်ဗီ/အေ့ဒ်စ်နှင့် အခြား လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါများ ရရှိနိုင်ခြင်း အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်သည်။ လက်ဖက်ရည်ဆိုင်များ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ကျောက်မျက်တူးဖော်ရေးလုပ်ငန်း၊ တောင်းရမ်းခြင်းနှင့် အခြားနေရာများတွင်လည်း အဓမ္မအလုပ်စေခိုင်းခံရနိုင်ဖွယ် ရှိသည်။ ကျေးလက်ဒေသများတွင် ကလေးများသည် ပုံမှန်လိုပင် မိသားစုစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြပြီး တစ်ခါတစ်ရံ

အဓမ္မစေခိုင်းခံရခြင်းများ ရှိနိုင်သည်။ ပတ္တမြားနှင့် ကျောက်စိမ်းတူးဖော်ခြင်း၊ ရာဘာထုတ်လုပ်ခြင်း၊ အုတ်ဖုတ်လုပ်ငန်းတို့တွင်လည်း ကလေးများအလုပ်လုပ်ကြကြောင်း သတင်းပေးပို့ချက်များ ရရှိသည်။

အလုပ်သမားဝန်ကြီးဌာန၏ *အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်အား အသုံးချမှု တွေ့ရှိချက်များ* ကို https://www.dol.gov/agencies/ilab/resources/reports/child-labor/findings/ နှင့် အလုပ်သမားဝန်ကြီးဌာန၏ *ကလေးအလုပ်သမား သို့မဟုတ် အဓမ္မလုပ်အားအသုံးချ၍ ထုတ်လုပ်ထားသော ပစ္စည်းများစာရင်း* ကို https://www.dol.gov/agencies/ilab/reports/child-labor/list-of-goods တွင်လည်း ကြည့်ပါ။

၁၁။ အလုပ်အကိုင်၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတို့နှင့် ပတ်သက်၍ ခွဲခြားဆက်ဆံမှု

အလုပ်သမားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများက အလုပ်အကိုင်ခန့်ထားမှုတွင် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားခြင်း မရှိပါ။ အမျိုးသမီးများအား အလုပ်အကိုင်ကန့်သတ်ချက်မှာ လူမှုရေးနှင့် ယဉ်ကျေးမှု အလေ့အထများနှင့် ယုံကြည်မှုများအပေါ် အခြေခံပြီး တည်ရှိနေသည်။ ရိုးရာအစဉ်အလာအရ အမျိုးသားများကြီးစိုးသော အလုပ်အကိုင် အများစု (သစ်တောလုပ်ငန်း၊ လက်သမားအလုပ်၊ ပန်းရံအလုပ်၊ ငါးဖမ်းခြင်း) တွင် အမျိုးသမီးများ ပါဝင်လုပ်ကိုင်ခွင့် မရကြသေးဘဲ ဌားရမ်းမှု အလေ့အထနှင့် ယဉ်ကျေးမှု အတားအဆီးများဖြင့် ထိထိရောက်ရောက် တားမြစ်ခံကြရသည်။ မြေအောက် သတ္တုထူးဖော်ရေးလုပ်ငန်းမှအပ အမျိုးသမီးအား မည်သည့် အလုပ်အကိုင်တွင်မှ တရားဝင် တားမြစ်ထားခြင်း မရှိပါ။

နိုင်ငံဝန်ထမ်းဌားရမ်းမှုကို စီမံသည့် ဥပဒေတွင် "အမျိုးသားများအတွက်သာ သင့်တော်သည့် ရာထူးနေရာ" တွင် အမျိုးသားများ ခန့်ထားခြင်းကို မည်သည့်အချက်ကမျှ မဟန့်တားစေရဟု ပြဋ္ဌာန်းထားပြီး "အမျိုးသားများအတွက်သာ သင့်တော်သည့်" ရာထူးနေရာဆိုသည်ကို နောက်ထပ် အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိပေ။

အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက မွတ်စလင်ဆန့်ကျင်သော ခွဲခြားဆက်ဆံမှုများ ကျင့်သုံးကြရာ ယင်းသည် မွတ်စလင်ပိုင် စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုအတွက် အဟန့်အတားဖြစ်စေပြီး အလုပ်သမား ဌားရမ်းထိန်းသိမ်းနိုင်စွမ်း၊ သင့်တော်သော အလုပ်စံနှုန်းများ ထိန်းထားနိုင်စွမ်းနှင့် အစိုးရနှင့် ပုဂ္ဂလိက ကန်ထရိုက်စာချုပ်များ ချုပ်ဆိုနိုင်စွမ်းတို့ ယုတ်လျော့စေကြောင်း အစီရင်ခံစာများ ရှိသည်။ အလုပ်ခွင်တွင် LGBTQI+ ပုဂ္ဂိုလ်များအား ရာထူးတိုးမြှင့်ပေးရန် ငြင်းဆိုခြင်း၊ အလုပ်မှ ထုတ်ပစ်ခြင်း အပါအဝင် လိင်စိတ်ခံယူမှုနှင့် လိင်ဆိုင်ရာ သတ်မှတ်မှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံမှုများ ရှိကြောင်း သတင်းများရှိခဲ့သည်။ ပွင့်လင်းစွာ အမျိုးသားချင်း စိတ်ဝင်စားသူနှင့် အမျိုးသမီးချင်း စိတ်ဝင်စားသူ အများအပြားအား အလုပ်အကိုင်အခွင့်အလမ်းများ ကန့်သတ်ခံရပြီး လူမှုအသိုင်းအဝိုင်းမှလည်း ပံ့ပိုးကူညီမှု မရရှိကြောင်း လှုပ်ရှားသူများက ပြောဆိုသည်။ လူမှုအဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုအပြင် အိပ်ချ်အိုင်ဗီ/အေ့ဒ်စ် ကူးစက်ခံထားရသူများသည် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ခုစလုံးတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီး ခွဲခြားဆက်ဆံခံရသည်။ အလုပ်ခွင်တွင်း မဖြစ်မနေဆောင်ရွက်ရသော အိပ်ချ်အိုင်ဗီစစ်ဆေးမှုမှ ကူးစက်ကြောင်း အဖြေထွက်လာချိန်တွင် ရာထူးချခံရခြင်းနှင့် အလုပ်အကိုင်ဆုံးရှုံးခြင်းများရှိကြောင်း အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူများက ပြောဆိုသည်။

၈။ အလုပ်အကိုင်၏ လက်ခံနိုင်ဖွယ် အခြေအနေများ

လုပ်ခနှင့် အလုပ်ချိန်ဆိုင်ရာ ဥပဒေများ- တရားဝင် အနိမ့်ဆုံးတစ်နေ့လုပ်ခသည် ဆင်းရဲမွဲတေမှု သတ်မှတ်ချက်ထက် ကျော်လွန်သည်။ အနိမ့်ဆုံးလုပ်ခသည် ကဏ္ဍအားလုံးနှင့် စက်မှုလုပ်ငန်းအားလုံးအတွက် ဖြစ်ပြီး အလုပ်သမား ၁၅ ဦးထက်နည်းသည့် လုပ်ငန်းများမှလွဲ၍ ကျန်တရားဝင် လုပ်ငန်းကဏ္ဍများရှိ အလုပ်သမားအားလုံးအပေါ် သက်ရောက်မှု ရှိသည်။ ဥပဒေက နှစ်နှစ်တစ်ကြိမ် အနိမ့်ဆုံးလုပ်ခကို ပြင်ဆင်ရန် ပြဋ္ဌာန်းထားသည်။ အထူးစီးပွားရေးဇုံတွင် လုပ်ခအဆင့်များ သတ်မှတ်ခြင်းနှင့် ဇုံတိုင်းတွင် စစ်ဆေးရေးမှူးတစ်ဦး ခန့်ထားရေးဆောင်ရွက်ရန် သုံးပွင့်ဆိုင်ကော်မတီကိုလည်း အစိုးရကဖွဲ့စည်းထားသည်။

စက်ရုံများအတွက် အလုပ်ချိန်သည် တစ်ပတ်လျှင် ၄၄ နာရီဖြစ်သည်။ ဆိုင်များနှင့် အခြားလုပ်ငန်းများအတွက် ၎င်းမှာ တစ်ပတ်လျှင် ၄၈ နာရီ ဖြစ်သည်။ ဥပဒေတွင် အချိန်ပိုအလုပ်သည် တစ်ပတ်လျှင် ၁၂ နာရီထက် မကျော်လွန်သင့်ဟု အကြမ်းဖျင်း ဆိုထားသော်လည်း ထပ်တိုးအချိန်ပိုလုပ်ရန် အထူးလိုအပ်ချက်များရှိချိန်တွင် ၁၆ နာရီအထိလုပ်ရန် ဥပဒေက ခွင့်ပြုထားသည်။ စက်ရုံလုပ်သားများအတွက် အချိန်ပိုကို သီးခြားညွှန်ကြားချက်ဖြင့် စီမံပြီး တစ်ပတ်လျှင် နာရီ ၂၀ အထိ ကန့်သတ်ထားသည်။ ဥပဒေက အလုပ်သမားတစ်ဦး၏ စုစုပေါင်းအလုပ်ချိန်သည် တစ်နေ့လျှင် ၁၁ နာရီထက် မပိုရဟု ပြဋ္ဌာန်းထားသည် (အချိန်ပိုအပါအဝင်နှင့် နားချိန် တစ်နာရီ အပါအဝင်)။ တရားဝင် မဟုတ်သော ကဏ္ဍများ သို့မဟုတ် ကိုယ်ပိုင်အလုပ်များအတွက် ဤဥပဒေ သက်ရောက်မှု မရှိပါ။

လုပ်ငန်းခွင်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး- ၂၀၁၉ ခုနှစ်

လုပ်ငန်းခွင်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး ဥပဒေက လုပ်ငန်းခွင်အတွင်း ဘေးကင်းရေး၊ ကျမ်းမာရေးနှင့် သက်သာချောင်ချိရေးတို့အတွက် စံနှုန်းများ သတ်မှတ်သည်။ လုပ်ငန်းခွင်အတွင်း အလုပ်သမားများ၏ ကျန်းမာရေးနှင့် လုံခြုံရေးအတွက် အန္တရာယ်ရှိပါက လုပ်ငန်းလည်ပတ်မှုကို ယင်းအန္တရာယ်များ ဖယ်ရှားပြီးချိန်အထိ အလုပ်သမားဝန်ကြီးဌာနက ရပ်ဆိုင်းထားနိုင်သည့် အခွင့်အာဏာရှိသည်။

အလုပ်သမားများ၏ ကျန်းမာရေး သို့မဟုတ် ဘေးကင်းလုံခြုံရေး အတွက် အန္တရာယ်ရှိနေသော်လည်း ၎င်းတို့၏ အလုပ်ခန့်ထားမှုကို မထိခိုက်ဘဲ ဘေးကင်းရာသို့ ထွက်ခွာနိုင်မှု မရှိသည့် ဖြစ်ရပ်များ ရှိကြောင်း အလုပ်သမားသမဂ္ဂများက သတင်းပေးပို့ထားသည်။ စက်ရုံများတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာများရှိသော်လည်း ဆက်လက်၍ လုပ်နေကြရသဖြင့် အလုပ်သမားများက စိုးရိမ်ပူပင်ကြကြောင်း အလုပ်သမား သမဂ္ဂများက သတင်းပေးပို့ခဲ့သည်။

အလုပ်သမားဝန်ကြီးဌာန၏ အလုပ်ရုံများနှင့် အထွေထွေအလုပ်သမား ဥပဒေ စစ်ဆေးရေးဌာနသည် ပုဂ္ဂလိကကဏ္ဍရှိ အလုပ်လုပ်ကိုင်မှု အခြေအနေများကို ကြီးကြပ်သည်။ စစ်ဆေးရေးမှူးများအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခွင့်နှင့် အရေးယူခွင့် ပေးထားသည်။

သို့သော် စစ်အစိုးရက ဤဥပဒေကို ထိရောက်စွာ ကျင့်သုံးခြင်း မပြုပါ။ လုပ်ခနှင့် အလုပ်ချိန်ဆိုင်ရာ စည်းမျဉ်းဖောက်ဖျက်မှုများအတွက် ပြစ်ဒဏ်သည် အလားတူ ချိုးဖောက်မှုများနှင့် တူညီသော်လည်း ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်များက တူညီမှုမရှိပါ။ လုပ်ခ၊ လစာ၊ အချိန်ပိုအလုပ်၊

လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးစံနှုန်းများနှင့် အခြားကိစ္စရပ်များကို အပြည့်အဝ စစ်ဆေးနိုင်ရန်အတွက် အလုပ်သမား ဥပဒေဆိုင်ရာ စစ်ဆေးရေးမှူးများနှင့် စက်ရုံစစ်ဆေးရေးမှူးများ၏ အရေအတွက် လုံလောက်မှုမရှိပါ။ အချို့ကဏ္ဍများတွင် အခြား ဝန်ကြီးဌာနများက လုပ်ငန်းခွင်ဘေးကင်း လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေများကို ကြီးကြပ်ကွပ်ကဲသည်။ (ဥပမာ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

တရားဝင်မဟုတ်သော ကဏ္ဍ- နိုင်ငံ၏ အလုပ်သမားအများစုသည် တရားဝင်မဟုတ်သော ကဏ္ဍတွင် ဖြစ်ကြောင်း လေ့လာသူများက သဘောတူကြသည်။ လုပ်ခ၊ အလုပ်ချိန်၊ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေများသည် ယင်း တရားဝင်မဟုတ်သော ကဏ္ဍများ သို့မဟုတ် ကိုယ်ပိုင်အလုပ် လုပ်သူများအတွက် သက်ရောက်မှု မရှိပါ။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားချိန်အတွင်း တရားဝင်မဟုတ်သော အလုပ်သမားများ၏ အလုပ်အကိုင် လုံခြုံမှုအားနည်းသည်။ ဥပမာ။ ၂၀၂၀ ခုနှစ် ဧပြီလတွင် ကျန်းမာရေးဝန်ကြီးဌာနက အလုပ်သမား ၅၀ ထက်ကျော်လွန်ပြီး ဆောက်လုပ်ရေး လုပ်ငန်းခွင်နေရာများတွင် ရှိမနေရဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်း ကဏ္ဍသည် တရားဝင်မဟုတ်သော အလုပ်သမားများကို အများဆုံးခန့်ထားသည့် အလုပ်ရှင်ဖြစ်သည်။ စစ်အာဏာသိမ်းပြီးနောက်တွင် စစ်အာဏာရှင်များက ယင်းမူဝါဒကို ဆက်လက်ကျင့်သုံးသည်။

တရားဝင်မဟုတ်သော ကဏ္ဍမှ အလုပ်အကိုင်များသည် သာမန်အားဖြင့် လူမှုရေးနှင့် ဥပဒေကြောင်းအရ အကာအကွယ်ပေးမှုကဲ့သို့သော အခြေခံ ခံစားခွင့်များ မရှိပါ။

အန္တရာယ်ကြီးသော လုပ်ငန်းများတွင် – လုပ်ငန်းခွင်တွင် အန္တရာယ်ရှိခြင်း၊ မတည်ငြိမ်သော ငွေပေးချေမှုပုံစံများ ရှိခြင်း၊ အလုပ်သမားအခွင့်အရေးကို အလွယ်တကူ ချိုးဖောက် အမြတ်ထုတ်နိုင်ခြင်း ဟု အဓိပ္ပာယ်ဖွင့်ဆိုသည် – ပျမ်းမျှအားဖြင့် အလုပ်သမား ငါးဦးတွင် တစ်ဦးသည် တရားဝင်မဟုတ်သော ခန့်အပ်မှုဖြင့် အလုပ်လုပ်ကိုင်နေသည်။ သို့သော် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေး၊ အပန်းဖြေခြင်းနှင့် လူပုဂ္ဂိုလ်ဝန်ဆောင်မှု လုပ်ငန်းများတွင် တရားဝင်မဟုတ်သော အလုပ်သမားများက ပိုမိုများပြားသည်။ ထို့အပြင် အလယ်အလတ်အန္တရာယ်ကြီးသည့်လုပ်ငန်းမှစ၍ အလွန်အန္တရာယ်ကြီးသည့် လုပ်ငန်းများအထိဖြစ်သော လုပ်ငန်းများတွင် လုပ်ကိုင်နေသူ သုံးပုံ နှစ်ပုံခန့်သည် တရားဝင်မဟုတ်သော နည်းလမ်းဖြင့် ခန့်ထားလုပ်ကိုင်လျက်ရှိသည်။